www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း ( ၁ )

# ပန်းပဲဆရာကိုမာယ

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်. . . ။ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ဘက်တွင် ကုဿာသယဟူသော လမ်းတစ်လမ်းသည် ရှိ၏။ ထိုလမ်း၏ တစ်နေရာတွင် ပေလေးဆယ်၊ ပေခြောက်ဆယ် မြေကွက်အတွင်း၌ သွပ်မိုးလောင်းရုံ၏ပုံသဏ္ဌာန်မျိုး ဆောက်လုပ်ထားသည့် အဆောက်အဦးတစ်ခုသည်ရှိ၏။ ထိုအဆောက်အဦး၏ မြင့်မိုရ်တံနဖူးစည်းတွင် အောက်ပါဆိုင်းဘုတ်ကို တပ်ဆင်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## သိကြားသာသနာ ရောက်ချိန်နီးပါပြီ

အမှန်စင်စစ်အားဖြင့် ထိုအဆောက်အဦးသည် လူနေအိမ်များအကြားတွင်ရှိသော်လည်း လူနေအိမ်မဟုတ်ပေ။ အထက်ဂိုဏ်းဆရာအချို့ စုဝေးသောနေရာဖြစ်၏။ ထိုအထက်ဂိုဏ်းဆရာတို့အထဲတွင် မြန်မာဆေးဆရာများလည်းပါ၏။ ပယောဂဆရာများလည်းပါ၏။ ဈေးသည်၊ ကုန်သည်များလည်းပါ၏။ ဗေဒင်ဆရာများလည်းပါ၏။ ၎င်းတို့သည် လွန်စွာညီညွတ်ကြကုန်၏။ တစ်ဦးကိုတစ်ဦးလည်း လွန်စွာချစ်ခင်ကြကုန်၏။ အဖိတ်နေ့၊ ဥပုသ်နေ့များတွင် စုပေါင်း၍ ဆွမ်းချက်ကြ၏။ ဆွမ်းလောင်းကြ၏။ အခါကြီးရက်ကြီးများတွင် စုပေါင်း၍ ဘုရားရှိခိုးကြ၏။ စုပေါင်း၍ ချက်ပြုတ်စားသောက်ကြ၏။ ထိုသူတို့သည် အခြားသောနေရာတွင် သူတို့၏ စုဝေးရာအဆောက်အဦးလေးကို မဆောက်ဘဲ ကုဋ္ဌာသယမည်သော ဤလမ်းကလေး၌ လာရောက်၍ ဆောက်လုပ်စုဝေးခြင်းသည် လမ်း၏အမည်ကို နှစ်သက်သဘောကျသောကြောင့်ဟု ပြောစမှတ်ပြုကြလေ၏။

BURMESE CLASSIC .com

ထိုသူတို့အားလုံးလိုလိုသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ထားကြကုန်၏။ လွယ်အိတ်ကိုယ်စီ လွယ်ကြကုန်၏။ ထိုသူတို့သည် လွယ်အိတ်ကို လွယ်အိတ်ဟုမခေါ်ဘဲ ကုဋ္ဌာသယဟု ခေါ်ကြကုန်၏။ တစ်ဦးစီတွင် တစ်ရာ့ရှစ်လုံးပါသော စိပ်ပုတီးသုံးကုံးစီရှိကြကုန်၏။ တစ်ကုံးကို လည်ပင်းတွင် အစဉ်သဖြင့် ဆွဲထား၏။ တစ်ကုံးကို ညာဘက်လက် လက်ကောက်ဝတ်တွင် အစဉ်သဖြင့် ပတ်ထားတတ်၏။ ကျန်တစ်ကုံးကိုမူ ၎င်းတို့၏ ကုဋ္ဌာသယဟူသော လွယ်အိတ်အတွင်း၌ အစဉ်သဖြင့် ထည့်ထားတတ်ကြကုန်၏။ စိပ်ပုတီးကိုလည်း ၎င်းတို့အချင်းချင်း





စကားပြောရာ၌ စိပ်ပုတီးဟုမပြောဘဲ 'အပြီးပေါက်'ဟုပြောကြကုန်၏။ ၎င်းတို့၏ စိပ်ပုတီးများမှာလည်း အခြားသော သစ်သားဖြင့်မလုပ်ဘဲ အားလုံးလိုလို ပိတောက်သားဖြင့် လုပ်ကြကုန်၏။ ပင်လယ်ကူးဟုခေါ်သော ထိပ်ဆုံးပုတီးလုံးနှင့် ပုတီးခေါင်းကိုမူ ကြေးဝါဖြင့်ပြုလုပ်ကြလေ၏။ ၎င်းတို့သည် ၎င်းတို့၏ပုတီးများကို 'ကြေးပိတောက်အပြီးပေါက်'ဟူ၍ မြတ်မြတ်နိုးနိုးခေါ်ဝေါ်ကြလေ၏။

၎င်းတို့အားလုံးလိုလိုသည် တပေါင်းလပြည့်နေ့တွင် စုံစုံညီညီ စုဝေးလေ့ရှိကြကုန်၏။ ၎င်းတို့သည် ဗျည်းသုံးဆယ့်သုံးလုံးတွင် 'ကြီး' ဟူသော အသံထွက်ပါသည့် ဗျည်းလေးလုံးကို အလေးဂရုပြုကြကုန်၏။ ထိုဗျည်း လေးလုံးမှာ 'က,ကြီး၊ ဃ,ကြီး၊ ဏ,ကြီး၊ ဠ,ကြီး' ဟူ၍ဖြစ်၏။ ထို့အပြင် ၎င်းတို့ချင်းချင်းလည်း ဆရာဟူ၍ ခေါ်ဝေါ်တတ်ကြကုန်၏။ ဖျင်ထူထူဖြင့် ချုပ်ထားသော တိုက်ပုံအင်္ကျီအဖြူများကို ဝတ်လေ့ရှိကြကုန်၏။ အချို့သော သူများမှာ ဖျင်ထူထူဖြင့်ချုပ်ထားသော လွန်စွာပွသည့် ရှမ်းဘောင်းဘီကဲ့သို့ ဘောင်းဘီမျိုးကိုလည်းဝတ်ဆင်လေ့ရှိ၏။ ၎င်းတို့သည် သာသနာ နှစ်ထောင့်ငါးရာပြည့်ပြီးနောက် သိကြားမင်း၏ သာသနာရောက်မည်ဟု မကြာခဏပြောလေ့ရှိကြ၏။ မည်သည့်အတွက်ကြောင့်မှန်းမသိပေ။ ၎င်းတို့ အားလုံးလိုလိုသည် သိကြားသာသနာဟူသော အချိန်ကို အမျှော်ကြီး မျှော်နေကြကုန်၏။

ထိုလူစုသည် လွန်စွာအေးချမ်း၏။ လွန်စွာမှလည်း စည်းစည်းလုံးလုံးရှိ၏။ လွန်စွာမှလည်း တစ်ဦးကိုတစ်ဦး ချစ်ခင်ကြ၏။ ထိုရပ်ကွက်အတွင်းမှ လူများက ထိုလူစုအား အထက်ဆရာများဟု ခေါ်ကြကုန်၏။

ထို အထက်ဆရာများထဲတွင် အသက်သုံးဆယ်ကျော်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ဦးလည်းပါဝင်၏။ ထိုဆရာ၏အမည်မှာ ဆရာကိုမာဃဟူ၍ဖြစ်၏။ သို့သော် ၎င်းထက်ကြီးသောဆရာများက ၎င်း၏အမည် ရှေ့တွင် 'မောင်–ကို–ဦး'ဟူသောအရွယ်ကို ညွှန်ပြသည့် စာလုံးများမထည့်ဘဲ 'ဆရာမာဃ'ဟုပင် ခပ်လွယ်လွယ်ခေါ်ကြကုန်၏။

၎င်းဆရာမာဃသည် အသက်အရွယ်နှင့် မလိုက်အောင် ထက်မြက်လေ၏။ ဗိန္ဒောဆေးအတတ်ကို ကောင်းစွာတတ်၏။ အင်္ဂဝိဇ္ဇာအတတ်ကိုလည်း တစ်ဖက်ကမ်းခတ်တတ်လေ၏။ မြောက်များစွာသော ဂါထာ၊ မန္တန်တို့ကိုအလွတ်ရ၏။ အာယုစန်းဟူသော ဗေဒင်ပညာကိုလည်း ကျွမ်း၏။ အင်းချခြင်း၊ 'စမ'ရေးခြင်းအလုပ်များကိုလည်း နိုက်နိုက်ချွတ်ချွတ်သိလေ၏။ သို့ရာတွင် သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ ပန်းပဲအလုပ်သာဖြစ်၏။ သူသည် စုဝေးရာအဆောက်အဦးကလေးနှင့် များစွာမဝေးလှသော ပုသိမ်ညွှန့်ဟူသောအရပ်၌နေ၏။ သူ၏နေအိမ်မှာ ကြီးမားသော တဲအိမ်တစ်လုံးသာဖြစ်၏။ ထိုတဲအိမ်ထဲတွင် ပန်းပဲဖိုလည်း ရှိ၏။

BURMESE CLASSIC .com

သူသည် ဓားမများ၊ ဆောင်ဓားများ၊ ငှက်ကြီးတောင်ဟုခေါ်သည့် ဓားရှည်များ၊ လက်နှစ်ဖက် ကိုင်၍ခုတ်ရသော ကိုင်းခုတ်ဓားများ၊ ထွန်သွားများ၊ သံချိန်ခွင်များကိုပြုလုပ်၍ ဆိုင်များသို့သွင်းလေ၏။ အားသောအချိန်များတွင် သမန်းမြက်ဖြင့်ယက်ထားသော ဖျာကလေးကိုခင်း၍ ပုတီးစိပ်နေတတ်လေ၏။ ပုတီးစိပ်သောအခါ၌လည်း အစဉ်သဖြင့် မျက်စိကို ဖွင့်၍ စိပ်တတ်လေ၏။ ထို့ပြင် လည်ပင်းတွင် ချိတ်ဆွဲ ထားသောပုတီးဖြင့် ပုတီးကိုစိပ်၏။ လွယ်အိတ်ထဲတွင် ထည့်ထားတတ်သောပုတီးကို မိမိနှင့်တစ်တောင်အကွာလောက်မြေပြင်တွင် အကွင်းလိုက်ချ၍ထားတတ်၏။ ပုတီးစိပ်သောအခါ၌ သူ၏မျက်လုံးများသည် ထို ပုတီးကွင်းအတွင်းကို သာကြည့်နေတတ်၏။





ကိုမာဃသည် တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်၏။ ထို့ကြောင့် အဝတ်အစားကို ကိုယ်တိုင် လျှော်ရ၏။ ထမင်းဟင်းကို ကိုယ်တိုင်ချက်ရလေ၏။ လုံချည်ဝတ်သည်ဟူ၍မရှိဘဲ အထက်ကဆိုခဲ့သော ဘောင်းဘီ ပွပွကြီးမျိုးကိုသာဝတ်လေ့ရှိလေ၏။ သူသည် သားငါးကိုမစား၊ အသက်သတ်လွတ်ကိုသာ စားလေ၏။ ပန်းပဲလုပ်လျှင်လုပ်၊ ပန်းပဲမလုပ်ရလျှင် ပုတီးစိပ်၊ ပုတီးမစိပ်ရလျှင် ကဿာသဃလမ်းရှိ ၎င်းတို့ လူစု စုဝေးရာသို့ သွားရောက်တတ်လေ၏။ ၎င်းတို့၏ လူစုတွင် ကိုမာဃနှင့်ပတ်သက်၍ ပြောစမှတ်ပြုရသော အကြောင်းအရာများသည်လည်းရှိ၏။ ဥပမာအားဖြင့်ဆိုရသော်

"အဖွဲ့က သိကြားသာသနာ အဖွဲ့၊ အဲဒီအထဲမှာမှ သူ့နာမည်က မာဃတဲ့၊ သိကြားမင်းရဲ့ နာမည်၊ ဘယ်လောက်များနေရာကျသလဲ.."

ဟူ၍ ဖြစ်၏။

ကိုမာဃတို့၏ ကဿာသဃအဆောက်အဦးတွင် တံမြက်စည်းလှည်းခြင်း၊ ဘုရားပန်းလဲခြင်း၊ သောက်ရေအိုးရေဖြည့်ခြင်း၊ ပြတင်းပေါက်လိုက်ကာများလျှော်ခြင်း၊ အဖွဲ့သားများရောက်လာသောအခါ၌ ရေနွေးအိုးတည်ပေးခြင်း.. စသောအလုပ်များကိုလုပ်ရန်အတွက် တစ်လလျှင် တစ်ဆယ့်ငါးကျပ်ပေး၍ ငှားထားရသော အသက်အစိတ်အရွယ် မိန်းကလေးတစ်ဦးရှိ၏။ ထိုမိန်းကလေး၏အမည်မှာ မဇာလီဟူ၍ဖြစ်၏။ မဇာလီသည် အလုပ်လုပ်ရာ၌ သေသေသပ်သပ်လုပ်တတ်၏။ အလုပ်မပြီးမချင်း အိမ်သို့မပြန်၊ ဖွဲကောင်းကောင်းလုပ်တတ်၏။ ထို့ကြောင့် ကဿာသဃ



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးမှဆရာများသည် မဇာလီအား လွန်စွာချစ်ခင်ကြလေ၏။ ထိုအထဲတွင် ဆရာကိုမာဃသည် မဇာလီကို အများသူငါထက်ပို၍ ချစ်ခင်လေ၏။ သနားလည်းသနား၏။ ထို့ကြောင့်

"မဇာလီ . . နင့်ကို ငါပြောမယ်၊ နင့်ရဲ့ဘဝကို တစ်လဆယ့်ငါးကျပ်ရတာနဲ့ တင်းတိမ်မနေနဲ့၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီအဖွဲ့က လူတွေက လခမပေးနိုင်တော့ဘူးဆိုရင် နင့်အနေနဲ့ ရပ်တည်ဖို့ခက်သွားလိမ့်မယ်၊ အဲဒီတော့ အချိန်ရတုန်း ပညာတစ်ခုခုသင်ထား" ဟု ကိုမာဃက သတိပေးလေ၏။ ထိုအခါ မဇာလီက

"ကျွန်မက ဆေးလည်းကုတတ်ချင်တယ်၊ ပြီးတော့ အင်ဂျင်နီယာလည်းတတ်ချင်တယ်၊ နောက်ပြီး ဟိုတစ်ခါတုန်းက ဆရာတွေရဲ့ စကားဝိုင်းမှာ ကိုမာဃပြောခဲ့တဲ့ ယတြာအဆောင်လုပ်နည်းတွေလည်း တတ်ချင်တယ်၊ အို . . အကုန်လုံးတတ်ချင်တယ်၊ ကိုမာဃ မကြာခဏရေးနေတဲ့ အင်းတွေ၊ စမတွေလည်း ရေးတတ်ချင်တယ်၊ ပြီးတော့လေပြီးခဲ့တဲ့ တပေါင်းလပြည့် ညတုန်းက ဆရာတွေစုံတော့ ဂမုန်းပင်တွေအကြောင်း ပြောကြတယ်မဟုတ်လား၊ အဲဒီပြောတဲ့အထဲမှာ ကိုမာဃပြောတာ အကောင်းဆုံးပဲ၊ သူများတွေက ကြားဖူးသလောက်ပြောတာ၊ ကိုမာဃက ဂမုန်းပင်တွေအကြောင်း အတော့်ကိုသိတာပဲ၊ နိုက်နိုက်ချွတ်ချွတ်ကို ပြောနိုင်တာ၊ အဲဒါတွေလည်း ကျွန်မတတ်ချင်တယ်၊ အခုတော့ မဖြစ်နိုင်သေးပါဘူးလေ၊ ကျွန်မက ဦးလေးအိမ်မှာ ကပ်ပြီးနေရတာ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုယ့်အိမ်ကိုယ့်ယာနဲ့ နေနိုင်ရင် ကျွန်မကတော့ ဂမုန်းတွေ စိုက်ထားမှာပဲ . . "ဟု ပြောလေ၏။ ထိုအခါ ကိုမာဃက –

"တတ်ချင်ရုံနဲ့တော့ မပြီးဘူး မဇာလီရေ . ၊ ကြိုးစားပြီး သင်ယူမှ





တတ်မှာ၊ အဲဒီတော့ ကြိုးစားပါမယ်၊ တကယ်တတ်ချင်ပါတယ်ဆိုရင်တော့ ကိုမာဃ တာဝန်ထားလိုက်"ဟု ပြောလိုက်ရာ မဇာလီက –

"တကယ်ပြောတာလား ကိုမာဃ" ဟု မေးလေ၏။ ကိုမာဃက လည်း

"တကယ်ပြောတာပါ မဇာလီ၊ ပြီးတော့ အရေးကြီးတဲ့ စကားတစ်ခုပြောရဦးမယ်၊ မဇာလီကို ပညာသင်ပေးပြီးမှ ဒီစကားကိုပြောရင် ဆရာက တပည့်ကိုကြံသလိုဖြစ်နေမယ်၊ ဘာမှမသင်ရခင်၊ ဆရာ တပည့် မတော်ခင်ပြောမှ ဖြစ်တော့မယ်၊ အဲဒါက ဘာလဲဆိုတော့ မဇာလီကို ကျုပ် ချစ်တယ် . . "ဟု ပြောလိုက်ရာ မဇာလီသည် အံ့ဩလွန်းသဖြင့်–

"ဩော် . . "ဟု အသံထွက်ကာ ပါးစပ် အဟောင်းသားလေး ဖြစ်သွားရှာလေတော့သတည်း။

▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

# ကိုမာယ မဇာလီကို ပညာသင်ပြီ

ကိုမာယသည် မဇာလီအတွက် လွယ်အိတ်တစ်လုံးနှင့် ကတ်ထူဖုံးဗလာစာအုပ်တစ်ဒါဇင်ကိုဝယ်၍ ပေးထား၏။ ထို့နောက် ဣန္ဒာသယအဆောက်အဦးသို့ ရောက်လာတိုင်း မဇာလီကိုခေါ်၍ ပညာသင်ပေးလေတော့၏။

"ဒီလို မဇာလီရဲ့...၊ အခုပြောမှာက ဂဏန်းအကြောင်းပဲ၊ ဂဏန်းဆိုတာကို အလွယ်မှတ်ထားဖို့ကတော့ ဥပါတဲ့အပင်ကို ဂဏန်းအမျိုးအစားထဲထည့်လိုက်ပေါ့ကွယ်၊ ပြီးတော့ ဂဏန်းကလည်း ရှုပ်ပွာသူ အပင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



တာရယ်. . အပင်ကြီးတစ်ပင်မှာ ကပ်ပေါက်တာရယ်. . နှစ်မျိုးရှိပြန်တယ် ကွဲ. . .၊ အပင်ကြီးမှာ ကပ်ပေါက်တဲ့ဂမုန်းအမျိုးအစားကတော့ ရုက္ခဗေဒ သဘောအရ ကပ်ပါးပင်ပါရာဆိုက်အမျိုးမှာ ပါဝင်တယ်၊ နောက်တစ်ခု ကတော့ သူ့ဟာ သူ့ဥနဲ့ပေါက်တဲ့ ဂမုန်းတွေပဲထားတော့. . .၊ သူတို့ အားလုံးဟာ နနွင်းတို့၊ ပရတတ်စာတို့၊ တောက်တာတို့လို အပင်မျိုးပါပဲ၊ အဲဒီ ဂမုန်းလို့ယူဆရတဲ့ အပင် အားလုံးဟာ ကင်ဖင်ရီးယားလို့ခေါ်တာပေါ့ ကွယ်၊ ဒါပေမဲ့ ဂမုန်းပင်တွေအားလုံးကိုတော့ ရုက္ခဗေဒအမည်တစ်မျိုး တည်းနဲ့ ခေါ်လို့ဖြစ်နိုင်မယ်မထင်ပါဘူး၊ ဂမုန်းရဲ့အခြေခံသဘောကို သိပြီးရင်တော့ အခု ကျုပ်သင်မှာက ခင်ကြီးဖျော်ရဲ့ ကဝေသာရကျမ်းလာ ဂမုန်းအမျိုးပေါင်းတစ်ရာ့ကိုးမျိုးကိုသင်မှာ. . ." ဟု ကိုမာဃက မဇာလီ အား ဂမုန်းနှင့်ပတ်သက်၍ စတင်သင်ကြားပေးလေ၏။

ကိုမာဃသည် မဇာလီအား ပညာသင်ကြားရာ၌ ထမင်းစား စားပွဲကလေးပေါ်တွင်ပင် မြေဖြူခဲဖြင့် ရေးပြသင့်သည်ကို ရေးပြ၍ သင်ကြား ပေးလေ၏။ ထိုစားပွဲကလေးအား မြေဖြူခဲနှင့်ရေးနိုင်ရန်အတွက် စားပွဲ မျက်နှာပြင်ကို သင်ပုန်းသုတ်ဆေးဖြင့်သုတ်ထားလေ၏။ မဇာလီကို သင်သောအခါ၌ အခြားသောသိကြားဂိုဏ်းဝင် ဆရာအချို့လည်း မလှမ်း မကမ်းမှ ရေနွေးကြမ်းသောက်ရင်း နားထောင်နေကြလေ၏။ ထို့နောက် ကိုမာဃက –

"ဆရာတော်ခင်ကြီးဖျော်ရေးတဲ့ ကဝေသာရကျမ်းလာ ဂမုန်း အကြောင်းတွေကတော့ ဂမုန်းနီ၊ ဂမုန်းဖြူ၊ အဲဒီဂမုန်းဖြူက တစ်နေရာ တည်းမနေဘူး၊ တစ်နှစ်ကို တစ်ကြိမ်နေရာရွှေ့ပြီးပေါက်တယ်၊ ဒါကြောင့် အဲဒီဂမုန်းကို ရှေးလူကြီးတွေက ဂမုန်းအိမ်လည်လို့ခေါ်ကြတယ်၊ ပြီးတော့





အလွန်နာမည်ကြီးတဲ့ ဂမုန်းနက်ပေါ့၊ အင်္ဂရိတ်သမားတွေ ဒန်ကိုသတ်တဲ့ အခါ ဂမုန်းနက်နဲ့သတ်ပြီး ရွှေဖြစ်အောင်ထိုးတယ်ဆိုတဲ့ ဂမုန်းပေါ့၊ ပြီးတော့ ဂမုန်းခတ္တာ၊ ဂမုန်းကတိုး၊ ပီယဆေးဖော်တဲ့နေရာမှာ နာမည်ကြီးပေါ့၊ ဂမုန်းဝက်လာ၊ အိတ်ထဲထည့်ထားရင် အနီးအနားမှာရှိတဲ့ ဝက်တွေလာပြီး အုံတတ်တယ်၊ ဝက်ချစ်ဆေးပဲ၊ ဂမုန်း ခွေးလာ၊ ဆောင်ထားရင် သိတဲ့ ခွေးရော၊ မသိတဲ့ခွေး ရောလာပြီးကပ်တော့တာပဲ၊ ခွေးချစ်ဆေးပါပဲ၊ ဂမုန်းကြက်လာ၊ အဲဒီဂမုန်းရှိတဲ့နေရာ ကြက်ရောက်လာတော့တာပဲ၊ အဲဒီ ဂမုန်းဥလေး မြေမှာမြှုပ်ထားရင်လည်း ကြက်က မကြာခဏလာပြီး ခြေနဲ့ယက်တော့တာပဲ၊ ကြက်ချစ်တဲ့ဆေးပါပဲ၊ ဂမုန်းပျောက်ညို၊ ဂမုန်း ပျောက်အစ်ကို၊ ဂမုန်းရှင်သူငယ်၊ အင်္ဂရိတ်ဆရာတွေ ဒန်သတ်တဲ့ နေရာမှာသုံးတယ်၊ ဂမုန်းရစ်၊ အဆိပ်ကို နိုင်တယ်၊ ဂမုန်းဂေါ်သဇင်၊ အဲဒါကတော့ တန်ပြန်တဲ့နေရာမှာ ကောင်းတယ်၊ အခုပြောခဲ့တဲ့ ဂမုန်းတွေ ဟာ သစ်၊ ကျား၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ မိကျောင်း၊ ဝက်ဝံ၊ ဘီလူး၊ တစ္ဆေ. . စတာတွေကို နိုင်စေတတ်တယ်"ဟု ကိုမာဃက လွန်စွာ ကောင်းသော အသံသြဇာဖြင့် မဇာလီအား သင်ပြပေးရာ မဇာလီသည် ကတ်ထူ ဗလာစာအုပ်တွင် ခွေးတံဆိပ်ခဲတံဖြင့် လိုက်လံရေး မှတ်နေလေ ၏။ မလှမ်းမကမ်းမှ နားထောင်နေသော ဆရာအချို့ကလည်း ကိုမာဃ သင်ပြပုံ၊ ဂမုန်းအကြောင်းနှံ့စပ်ပုံတို့ကို ချီးကျူးလေ၏။ သို့ရာတွင် ထိုဆရာများအနက်မှ ပဒ္မဝင်းထိန်ဆိုသူက –

"ဆရာကိုမာဃတို့ အသင်အပြကောင်းတာလည်း မပြောနဲ့လေ၊ သူ့မျက်လုံးက မဇာလီဆီမှာ အပ်ကိုသံလိုက်နဲ့ဆွဲထားသလို တန်းလန်း ကြီးဖြစ်နေတာကြည့်ကြပါဦး"ဟု ပြောလိုက်ရာ ကိုမာဃက စိတ်မဆိုးသည့်



www.burmeseclassic.com

www.burmeseclassic.com



အပြင် –

"ခင်ဗျားကို ပြောရဦးမယ် ပဋ္ဌမ်ဝင်းထိန်ရေ. . ၊ ကျုပ်ကလေ ဟောဒီမဇာလီကို ပညာသင်မပေးခင်ကတည်းက ချစ်တယ်ဆိုတဲ့ အကြောင်း အရင်ဖွင့်ပြောပြီးသားဗျ။ သူ့ဆီက အဖြေမရသေးတာပဲရှိတယ်၊ ကျုပ်ဘက်က တာဝန်ကျေပြီးပြီ၊ ခင်ဗျားအနေနဲ့ ဘယ်လိုပဲပြောပြော ကျုပ်အဖို့သိက္ခာကျဖို့ မရှိပါဘူး ပဋ္ဌမ်ရဲ့. . ."ဟု ပြန်၍ချေပလေ၏။ ထိုအခါ အခြားသော ဆရာများက ဝါးကနဲရယ်လိုက်ကြလေ၏။ ဆရာတစ်ယောက်ကမူ –

"မာယာကြီးတို့ကတော့ ရိုးလှသဗျာ၊ အဲဒါကြောင့် သူ့ပြောရင်လည်း အဖြောင့်ပဲပြောတယ်၊ သူတွေးရင်လည်း အဖြောင့်ပဲတွေးတယ်၊ သေရင်လည်း သိကြားမင်းဖြစ်မယ့်လူပဲ၊ အဲဒါကြောင့် ပဋ္ဌမ်ဝင်းထိန်ရေ. . ကိုမာယာကြီးသင်နေတာ မနှောင့်ယှက်ပါနဲ့၊ မဇာလီ တတ်ပါစေ၊ ခင်ဗျားနှောင့်ယှက်လို့ မာယာကြီးက ဆက်ပြီးမသင်ရင် မဇာလီတစ်ယောက် ပညာတစ်ဝက်တစ်ပျက်နဲ့ ဒုက္ခရောက်ဖို့ရှိတယ်. . ." ဟုပြောလျှင် ပဋ္ဌမ်ဝင်းထိန်က –

"ကိုမာယာမသင်လည်း ကျုပ်ဆက်ပြီး သင်ပါ့မယ်ဗျာ၊ ကျုပ်လည်း ဂမုန်းကျမ်းကျေပါတယ်. . ."ဟု ပြန်၍ပြောလေ၏။ ထိုအခါ ဗိန္ဓောဆရာကိုလာဘ်က –

"ပဋ္ဌမ်အနေနဲ့ ဂမုန်းကျမ်းပဲ ကျေကျေမကျေကျေ၊ မာယာကြီးကိုတော့မနိုင်နိုင်ဘူး၊ အသံသြဇာချင်းလည်း ကွာတယ်လေ၊ ဟို ကအသံက ရင်ခေါင်းထဲက ဟိန်းပြီးထွက်လာတာ၊ ပဋ္ဌမ်ဝင်းထိန် အသံက ဘဲနှုတ်သီးကို ပြာပက်ထားသလို ပြာနှမ်းနှမ်း ရှတတနဲ့ နားယားဖို့ကောင်းတဲ့ အသံမျိုး၊





ပြီးတော့ မာယာကြီးက အရပ်အမောင်းကောင်းတယ်၊ ရင်အုပ်ကျယ်တယ်၊ နှုတ်ခမ်းက ပိရိတယ်၊ မျက်လုံးအရောင် တောက်တယ်၊ ပဋ္ဌမ်ကြီးက အသားအရေမွဲခြောက်တယ်၊ အရပ်ပုတယ်၊ မျက်လုံးမှေးတယ်၊ မျက်လုံးက လေးကလည်း ပုစွန်မျက်လုံးလိုပဲ၊ သေးသေးကလေး၊ ကိုရင့်မျက်လုံးကိုကြည့်ရတာ ရေတွင်းပျက်ထဲမှာ ကျနေတဲ့ နို့ဆီခွက်ကို ကြည့်ရသလိုပဲ၊ ရုပ်ချင်းလည်းကွာတယ်၊ ကိုယ်ရင့်ရင်အုပ်က ကြက်ရင်အုပ်၊ မာယာကြီးရင်အုပ်က ကားကားယားယား၊ လက်ရုန်းလက်တံကိုလည်း ကြည့်လိုက်ဦး၊ မာယာကြီးမှာက ကြွက်သားတွေ ဖုထစ်လို့၊ ကိုယ်ရင့်လက်မောင်းက ကြွက်သားမရှိဘူး၊ မည်းမည်းရှည်ရှည်လေး၊ ကုလားမသာမှာ မှုတ်တဲ့ ပုလွေလိုဟာမျိုး၊ အဲဒီတော့ အပုံကြီးကွာတယ်၊ စလေဦးပုညစာမှာလာတဲ့အတိုင်း မာယာကြီးအသံက မိုးချုန်းသံ၊ ကိုယ်ရင့်အသံက လေလည်တဲ့အသံ၊ အဲဒီတော့ မိုးကြိုးနဲ့အီးသံလို၊ ခရီးမှန်ကွာလှမ်း၊ သွားပြီးမစမ်းစမ်းပါနဲ့"ဟု အားမနာ ပါးမနာဝင်၍ပြောလေတော့၏။ ထိုအခါ ပဋ္ဌမ်ဝင်းထိန်က –

"ဘာတွေပဲပြောပြော. . ၊ မာယာနဲ့ ဇာလီကတော့ ရကို မရစေရဘူး၊ ဇာလီဟာ ဆရာပဋ္ဌမံ ဝင်းထိန်ရဲ့ ကတော်ပဲဖြစ်ရမယ်၊ အဲဒါကတော့ မြဲမြဲ မှတ်ထားကြပေတော့. . ."ဟု ပြောဆိုကာ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ၍ သောက်ပြီးလျှင် ဆတ်ကနဲထ၍သွားလေ၏။ သို့ရာတွင် လွယ်အိတ်မေ့ကျန်နေသောကြောင့် ဆရာတစ်ဦးက –

"ပဋ္ဌမ်ကြီး. . . ခင်ဗျားရဲ့ ဣဿာသယ ဒီမှာ မေ့ကျန်ခဲ့ပြီ. . ."ဟုပြောလိုက်ရာ ကျန်သောဆရာများက ဗိုင်း၍ရယ်ကြလေ၏။ ပဋ္ဌမ်ဝင်းထိန်လည်း ရှက်ကိုးရှက်ကန်းဖြင့် သူ၏လွယ်အိတ်ကို ပြန်လာ၍



www.burmeseclassic.com

www.burmeseclassic.com



ယူကာ တရှုံးရှုံး တရှားရှား အမူအယာဖြင့် ထွက်သွားလေတော့သတည်း။

▲

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃ )

# ကိုမာယသွားမည့်ခရီး

တစ်နေ့တွင် ကိုမာယ်တို့ဆရာများစုဝေးရာ ဣန္ဒာသယ လမ်းရှိ သိကြားရိပ်သာ၌ အဖွဲ့သားများ စုံစုံလင်လင် ရောက်ရှိနေကြလေ၏။ ၎င်းတို့သည် တန်ဆောင်မုန်းလပြည့်ညတွင် ဆေးဖော်ကြမည့် ကိစ္စအတွက် စုဝေးတိုင်ပင်နေကြခြင်းဖြစ်၏။ ထိုသူများ စားရန်အတွက် မဖဲလီက သက်သတ်လွတ်ဟင်းလျာများ ချက်ပြုတ်လျက်ရှိလေ၏။ ၎င်းတို့လူစုသည် ဆေးဖော်မည့် ကိစ္စကို ပြောဆိုကြပြီးနောက် စားဝိုင်းကို လက်စ သတ်လိုက်ကြလေ၏။ ထို့နောက် ထိုလမ်းနှင့် မနီးမဝေးသော

www.burmeseclassic.com



စိတ္တသုခဆိုသည့် လမ်းထိပ်တွင်ရောင်းသည့် ဦးဖိုးဒေါင်း၊ ဒေါ်ဆင့်တို့၏ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်များကိုမှာယူကာ သောက်ကြရင်း အခြားတစ်ပါးသောစကားများကို ပြောဆိုနေကြလေ၏။ ထိုသို့ပြောဆိုနေစဉ် ဆရာကိုကုလားဆိုသည့် သူက

"မောင်မာယရယ်. . . မင်းကတော့တို့ အဖွဲ့မှာ ဒိတ်ပါပဲကွာ၊ အရုပ်အမောင်းရော၊ ရုပ်ရည်ရော. . . အတော့်ကို ကြည့်လို့ကောင်းတာ၊ ပြီးတော့ အသံကလည်း ဩဇာသံအပြည့်ပဲ၊ ပညာကလည်း အတော့်ကို စုံတယ်၊ ဒါက မင်းကို ချီးမွမ်းတာပါ မောင်မာယရဲ့၊ ကျုပ်ပြောချင်တာက ဒါမဟုတ်ပါဘူး၊ မောင်မာယသွားမယ့်ခရီးလမ်းကြောင်းကို သိချင်တာပါ၊ အခုတွေ့ရတာတော့ အင်္ဂရုတ်လည်း မထိုးဘူး၊ အင်းတွေ ဘာတွေလည်း မရေးဘူး၊ စမတွေ ဘာတွေလည်းမကိုင်ဘူး၊ ဆေးလည်းမကြိတ်ဘူး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘယ်ထိအောင် လျှောက်မယ်ဆိုတာ သိချင်တာပါ. . ."ဟု မေးလေတော့၏။ ကျန်သော ဆရာများကလည်း ဆရာကိုကုလား၏စကားကို ထောက်ခံကြကုန်၏။ ထိုအခါ ကိုမာယက –

"ကျုပ်က ဝိဇ္ဇာဖြစ်အောင်လုပ်မှာ၊ ပုတီးနဲ့ အဲဒီလမ်းကိုလိုက်နေတာ၊ ကျုပ်ရဲ့ မူလမဟာဘုတ်မှာက တနင်္ဂနွေအဓိပတိရတယ်၊ တနင်္လာက ရာဇရတယ်၊ ဒါကြောင့် အင်ကြင်းသားပုတီးနဲ့ အပြီးထွက်နိုင်အောင် ကြိုးစားနေတာ၊ အင်ကြင်းသားကလည်း တွေ့ကရာအင်ကြင်းသား မဟုတ်ဘူးဗျ၊ ဟို. . နီပေါ တိုင်းပြည် လုမ္ဗိနီသာမော အင်ကြင်းတောက ရတဲ့ အင်ကြင်းသားကို ကျုပ်စိတ်ကြိုက် ပုတီးလုပ်ထားတာ၊ ဘိုးတော်သိကြားကို တိုင်တည်ပြီး ထွက်ရပ်ပေါက် လမ်းစဉ်ကို ပုတီးနဲ့လိုက်လာတာ လေးနှစ်ထဲကိုရောက်ပြီ၊ ကျုပ်က တကယ်ဖြစ်မှာ၊ အဲဒါကြောင့်





ဆရာ ကိုကုလားတို့သိတဲ့ ဝိဇ္ဇာစာရင်းမှာ မာယကြီးတစ်ယောက်ကိုပါ ထပ်ပြီးထည့်လိုက်"ဟု တည်ငြိမ်အေး ဆေးသောအသံဖြင့် ပြောလိုက်ရာ ကြားရသူအပေါင်း သည် နှစ်ထောင်းအားရလွန်းသဖြင့် လက်ခုပ်တီးကြကုန်၏။ ထိုအခါ မော်လမြိုင်ဘက်မှ မကြာခဏ ရောက်လာလေ့ရှိသောဆရာများအစုက –

"ဒီလိုဆိုရင် မာယကြီးကို မာယလို့ခေါ်လို့ မရတော့ဘူး၊ မာယဝိဇ္ဇာလို့ခေါ်မှ သင့်တော်ရေ့မယ်. . ."ဟု ပြောလိုက်ရာ ကျန်လူများကပါ 'ဟုတ်တယ်. . ဟုတ်တယ်. . .'ဟု ထောက်ခံကြပြီးလျှင်

"မာယဝိဇ္ဇာ. . ."ဟု ဝိုင်းဝန်းခေါ်ဝေါ်ခဲ့ကြလေ၏။ ထို့နောက် လက်ခုပ်တီးကြကုန်၏။ ထိုအထဲတွင် ဆရာကိုဗလဆိုသူက –

"မာယကြီးပြောတာကိုတော့ မငြင်းပါဘူး၊ တစ်ခုတော့ မေးစရာရှိတာပေါ့လေ၊ မာယကြီးက မဖာလီကို ချိန်နေတယ်မဟုတ်လား၊ တကယ်လို့ မဖာလီနဲ့အိမ်ထောင်ကျသွားရင် မာယကြီးရဲ့ ကျင့်စဉ်ဟာ ပျက်မသွားဘူးလား. . ."ဟု မေးလိုက်လေ၏။ ထိုအခါ ဆရာကိုကုလားကလည်း–

"မေးသင့်တဲ့မေးခွန်းပါပဲ ဆရာကိုဗလရေ. . ."ဟု ထောက်ခံပြောလိုက်လေ၏။ ထိုအခါ ကိုမာယက –

"ကျုပ်ရဲ့ကျင့်စဉ်က နှစ်တွေအများကြီး ကျန်ပါသေးတယ်ဗျာ၊ အဲဒီအတောအတွင်းမှာ ဖြစ်ရ ပျက်ရမယ့်ကိစ္စတွေက အများကြီးရှိတာပေါ့၊ ဘဝဆိုတာ ဇာတ်ခုံကြီးနဲ့ တူတယ်မဟုတ်လား၊ မဖာလီနဲ့ အိမ်ထောင်ကျတော့လည်း အိမ်ထောင်သည် ဇာတ်ကို ကရုံပေါ့ဗျာ၊ တကယ်လို့ ကွဲသွားတော့လည်း ဖော်ကွာဝေးဇာတ်ကို ကရုံပေါ့၊ ဝိဇ္ဇာဖြစ်ပြီး တောထဲဝင်သွားတော့လည်း ဝိဇ္ဇာတောလား ကရုံပေါ့ဗျာ"ဟု ပြန်၍ပြောလိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကိုဗလက –

"ကြိုက်တယ်ကွာ. . "ဟု အားရပါးရ ထောက်ခံလိုက်လေတော့သတည်း။

* * * *

## ကိုမာဃ ရုတ်တရက်မေ့မျောသွားခြင်း

ထိုနေ့က လပြည့်နေ့ဖြစ်၏။ ကုဿာသယ အဆောက်အဦးလေးထဲတွင် ဆရာများ စုပေါင်း၍ ဘုန်းကြီးကို ဆွမ်းကပ်ကြလေ၏။ ထိုသို့ဆွမ်းကပ်ရာတွင် ကျောက်မြောင်း၊ ကျောင်းကုန်းမှ ဆရာတော်ကြီးကြွရောက်လေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ ဆရာတော်ကြီးသည် တရားဟောလေ၏။ ဆရာတော် ကြီးဟောသောတရားမှာ စိတ်ဝင်စားဖွယ်ရာလည်းကောင်း၏။ ထို့အတူ မှတ်သားဖွယ်ရာလည်းကောင်း၏။ ကိုမာဃသည် အဆောက်အဦး၏ ပျဉ်ထရံတွင် ရိုက်ထားသော ကြက်လျှောက်တန်းကို နောက်စေ့ဖြင့်ထိကာ မှီ၍ တရားနာနေလေ၏။

ထိုသို့တရားနာနေစဉ်အတွင်း မည်သို့ဖြစ် သည်မသိ၊ ကိုမာဃ၏ နားထဲတွင် စီကနဲ တစ်ချက်မြည်ကာ ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာပြီးလျှင် မျက်စိများပြာဝေကာ သတိလစ်သွားလေတော့၏။ အမှန် စင်စစ် ကိုမာဃသည် ရုတ်တရက် လိပ်ပြာလွင့်သွားခြင်းဖြစ်၏။ ဤအဖြစ်မျိုးသည်အမှတ်မထင် အကြီးအကျယ်ထိတ်လန့်သောအခါ၌ လူတို့တွင်ဖြစ်တတ်လေ၏။ ဤသို့ သတိလစ်ခြင်းကို ရှေးလူကြီးသူမများက လိပ်ပြာလွင့်သည်ဟုခေါ်ကြလေ၏။ မသေဘဲ မြောနေသောသူနှင့် လွန်စွာတူ၏။

ဆရာတော်ကြီးမှာ တရားဟောပြီး၍ ပြန်ကြွသွားပြီဖြစ်၏။





တရားနာခဲ့ကြသော ဆရာအပေါင်းလည်း ထိုင်ရာမှထကြကုန်၏။ ကိုမာဃ၏အဖြစ်ကို တွေ့မြင်ခဲ့ကြကုန်၏။ ဆရာတစ်ဦးကမူ –

"ဒါ ဘာမှမဟုတ်ဘူး၊ ဒါဟာ ရောဂါတစ်မျိုးပဲ၊ မင်သက်မိတဲ့ရောဂါလို့ခေါ်တယ်၊ ဆရာတို့ မကြားဖူးဘူးလား၊ စစ်သူကြီးဗန္ဓုလရဲ့စစ်သားစုဆောင်းတဲ့ အမိန့်ထဲမှာ မင်သက်မိသောရောဂါရှိသူကိုတပ်တွင်းသို့ သွတ်သွင်းခွင့်မပြုဆိုတဲ့ အချက်တစ်ချက်ပါတယ်ဗျ။ အခုမာဃကြီးဖြစ်နေတဲ့အတိုင်းပဲ၊ မျက်လုံးလည်း မပိတ်ဘူး၊ အဲဒီမျက်လုံးရှေ့မှာ ဘာပဲလုပ်ပြလုပ်ပြ သူမသိဘူး၊ မင်သက်မိတဲ့ ရောဂါပါဗျာ၊ နှာခေါင်းထဲကို နှာမှုတ်သွင်းလိုက်ရင် အခုသတိပြန်ရလာမယ်. . "ဟု ပြောလေ၏။ ဆရာမတစ်ယောက်ကမူ –

"နှာတွေ ဘာတွေ မမှုတ်ပါနဲ့ရှင်၊ ကိုမာဃကြီးဟာ သူ့စိတ်ကိုလျှော့ပြီး သူ သွားချင်တဲ့နေရာကို သူ့ရဲ့ပကတိခန္ဓာမဟုတ်တဲ့ ဓာတ်ခန္ဓာလို့ခေါ်တဲ့ အနုခန္ဓာကို လွှတ်ထုတ်လိုက်တာဖြစ်မယ်. . "ဟုဝင်၍ ပြောလေ၏။ ထို့ကြောင့် အနှောင့်အယှက်မပေးကြတော့ဘဲ ဇာခြင်ထောင်တစ်လုံးယူ၍ ယင်ကောင် မနားစေရန် ထောင်၍ပေးထားကြ၏။ ကိုမာဃကြီးသည် နံနက်ဆယ်နာရီကျော်ကျော်ခန့်က သတိလစ်ခဲ့ရာ ညနေမီးထွန်းချိန်ရောက်မှပင် သတိပြန်၍ လည်လာလေတော့၏။ ထိုအခါ၌ ကိုမာဃကြီးအား မည်သို့ဖြစ်သည်ကို ဝိုင်းဝန်းမေးမြန်းကြလေတော့၏။ ထိုအခါ ကိုမာဃက –

"ကျုပ်ဟာ ဒီမှာမရှိတော့ဘူး၊ အလွန်နက်တဲ့ တောကြီးထဲကိုရောက်နေတယ်၊ ရေအိုင်ကြီးတစ်အိုင်လည်းတွေ့ရတယ်၊ အဲဒီရေအိုင်ကနေ စီးနေတဲ့ စမ်းချောင်းကိုလည်းတွေ့ရတယ်၊ အလယ်ချောင်တော့ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နေကိုကြည့်တော့ နေကိုမတွေ့ဘူး၊ ကျေးငှက်သာရကာတွေက လည်း စုံလိုက်တာ မပြောနဲ့၊ ခေါင်းမှာ ဆံကျစ်တွေနဲ့၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ ကုလားလူမျိုး သူတော်စင်တွေကိုလည်း တွေ့ရတယ်၊ စကားပြောခွင့်ရလို့ ပြောကြည့်တော့ သူတို့အသက်တွေဟာ မယုံနိုင်လောက်အောင် ကြီးနေတာကို တွေ့ရတယ်၊ ထူးခြားတာက မွန်ဆရာတော်တစ်ပါးကို ဖူးခွင့်ရတယ်၊ ကျုပ်ကို အင်းချပ်ကလေးတစ်ချပ် ထုတ်ပြတယ်၊ သင်လည်း သင်ပေးလိုက်တယ်၊ ကျုပ် သတိရခါနီးမှာ ကျားအဖြူကြီးနဲ့ ကျားအနက်ကြီးနှစ်ကောင် ကျုပ်အနားကိုရောက်လာတယ်၊ ကျုပ်ကို ရန်မမူပါဘူး၊ သူတို့နှစ်ယောက်ဖက်ပြီး ဆော့နေကြတယ်၊ ကြောင်နှစ်ကောင်လိုပဲ၊ အတော့်ကိုယဉ်တဲ့ ကျားကြီးတွေ၊ တစ်ခုထူးဆန်းတာက အဲဒီတောထဲမှာ အကောင်မျိုးစုံကိုတွေ့ရတယ်၊ ဒါပေမဲ့ မြွေကို မတွေ့ရဘူး၊ မြွေနဲ့တူတဲ့အကောင်ဆိုလို့ ဘာမှကို မတွေ့ရဘူး၊ အဲဒီတောကြီးထဲမှာရှိတဲ့ အပင်တွေအားလုံးအသီးတွေ သီးပွင့်နေတယ်၊ အထူးသဖြင့် အလွန်ကြီးတဲ့ သရက်ပင်ပဲ. . ၊ သရက်သီးတစ်လုံးတစ်လုံးဟာ အစိတ်ဝင် စဉ့်အိုးလောက်ရှိတယ်၊ အဲဒီသရက်ပင်ရဲ့ သရက်သီးအကင်းဟာ ဟောဟို ရေနွေးကရားလောက်ရှိတယ်၊ ရေကန်ထဲမှာက ကြာပင်တွေရှိတယ်၊ ကြာပန်းကတော့ သိပ်မဆန်းဘူး၊ ကြာရွက်ကတော့ အတော့်ကို ကြီးတယ်၊ အသေးဆုံးကြာရွက်ဟာ ကျုပ်တို့ ထမင်းစား စားပွဲလောက်ရှိတယ်၊ ကျန်တာတွေက လှည်းဘီးလောက်ရှိတယ်၊ ကျုပ်ဟာ ရေကန်ထဲ ဆင်းပြီး ကြာရွက်ပေါ်ကို တက်ထိုင်ကြည့်တယ်၊ ရေကန်ထဲမှာ ငါးတွေလည်းရှိတယ်၊ တွေ့ဖူးမြင်ဖူးတဲ့ ငါးတွေ မဟုတ်ဘူး၊ ရွှေရောင်၊ ငွေရောင်နဲ့ ငါးတွေ၊ အတော့်ကိုလှတယ်၊ ငါးတွေဟာ ရေကန်ထဲမှာ ကူးလိုက်၊





ခေါင်းလေးတွေ စုပြီး အော်လိုက်လုပ်နေတယ်၊ သူတို့ စုပြီး အော်တဲ့အသံဟာ အလွန်ကောင်းတဲ့ ပုလွေမှုတ်သံ၊ ဒါမှမဟုတ် ဘာဂျာတွေ စုမှုတ်လိုက်သလိုပဲ၊ သူတို့ အရမ်းအော်တာ မဟုတ်ဘူး၊ သံစဉ်တစ်ခုကို အော်နေတယ်ဆိုတာ ကျုပ် ရိပ်စားမိတယ်၊ အဲဒီသံစဉ်ကတော့'တယ်××ရယ်××တယ့်ရယ်××တယ်××တယ့်××ရယ်×× တယ်ရယ့်××တယ်××'လို့ ကျုပ်နားထဲမှာ ကြားနေတယ်၊ အနောက်တိုင်းသံစဉ်နဲ့ စဉ်းစားမယ်ဆိုရင်တော့'ဆို. . လာ. . မီ. . ရေ. . ဒို. . 'လို့ ဖြစ်ဖို့ရှိတယ်၊ အဲဒီတောရဲ့ ပန်းရနံ့တွေဟာ မွှေးတယ်၊ ဒါပေမဲ့ ရေမွှေးတွေ မွှေးသလို မဟုတ်ဘူး၊ သင်းပျံ့ပျံ့လေးမွှေးတာ၊ ပြီးတော့ သစ်ပင်တွေ၊ ဝါးပင်တွေ အချင်းချင်းကြိတ်ပြီး လေတိုက်လို့ မြည်တဲ့အသံဟာလည်း 'လာခဲ့. . လာခဲ့. . 'လို့ ကျုပ်ကိုခေါ်နေသလိုပဲ၊ အမှန်မြည်တာကတော့ 'ကျွီကျွီ. . ကျွီကျွီ' ဖြစ်မှာပေါ့. . ''ဟု ပြောလိုက်လေ၏။ ထိုအခါ ဆရာကိုကုလားက –

''မဟုတ်မှလွဲရောကွ. . ၊ မာယကြီးတစ်ယောက် လိပ်ပြာထွက်သွားပြီး ဝိဇ္ဇာဇော်ဂျီတပသီတွေနေတဲ့တောကို ရောက်သွားတာဖြစ်လိမ့်မယ်. . ''ဟု ပြောလိုက်ရာ ကြားသူရသူအပေါင်းက

''ဟုတ်တယ်. . ဟုတ်တယ်. . ''ဟု ဝိုင်းဝန်းထောက်ခံကြလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

## ရန်မလိုရွာကလေး

ကိုမာဃကြီးတစ်ယောက် သတိလစ်မေ့မျောကာ လိပ်ပြာလွင့်သွားသလိုဖြစ်ခြင်းသည် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် အထူးရေပန်းစားလျက်ရှိလေ၏။

"ကိုမာဃကြီးကတော့ . . . လူအရှင်လတ်လတ်သာ ဝိဉာဉ်ပျော်နေတဲ့ မဟာမြိုင်တောကို မရောက်တာ . . . ။ သူ့ရဲ့ဝိဉာဉ်ကတော့ ရောက်သွားပြီးပြီ၊ နောက်ဆုံးတစ်နေ့မှာ သူဟာ လူအကောင်လိုက် ရောက်သွားတော့မှာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ခင်ဗျားတို့ ဟောဒီကျွန်းငယ်ငယ်လေးမှာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သီကြားသာသနာ ကိုမျှော်တဲ့ ဆရာအုပ်စုမှာ မာဃကြီးဟာ ဖွဲ့ဆော် ဦးအနေနဲ့ ဝိဇ္ဇာဖြစ်သွားမှာ၊ အဲဒါကြောင့် ကျုပ်ကတော့ မာဃကြီးကို မာဃဝိဇ္ဇာလို့ပဲ ခေါ်ချင်တော့တာပဲ. . ''ဟု ဆရာကိုစိန်ကုလားဆိုသူက ပြောလေ၏။ ကျန်သောဆရာများကလည်း 'ကိုစိန်ကုလားပြောတာ ဟုတ်လိမ့်မယ်ဗျို့. . . 'ဟု ထောက်ခံကြလေ၏။

တစ်နေ့တွင် ၎င်းတို့ဆရာအဖွဲ့၌ ဆရာတစ်ဦးတိုးလာလေ၏။ ထိုဆရာ၏အမည်မှာ မာဋလိ ဟူ၍ဖြစ်၏။ ၎င်းကိုမာဋလိသည် တောင်ငူမြို့နှင့် ညောင်လေးပင်ကြားလောက်တွင်ရှိသော အလယ်ရိုးမ တောင်ခြေတွင်ရှိသည့် ရွာကလေးတစ်ရွာမှ ကျောက်ထိုးဆရာဖြစ်၏။ ၎င်းကျောက်ထိုး ဆရာမာဋလိသည် အသက်မွေးဝမ်းကျောင်းအဖြစ် ကျောက်ထိုးဆရာလုပ်သော်လည်း သူသည် ပုတီးသမားတစ်ဦးဖြစ်၏။ ထို့ကြောင့် သိကြားသာသနာကိုမျှော်သော ဆေးဆရာများအသိုင်းအဝိုင်းမှ ကိုရေချမ်းဆိုသော ဆရာတစ်ဦးနှင့် သိကျွမ်းခင်မင်ခဲ့ရာမှအစ ထိုအဖွဲ့သို့ ရောက်လာခဲ့ခြင်းဖြစ်၏။

သူသည် တစ်လလျှင်တစ်ကြိမ် ကျွန်းမာရေးဌာနတွင် လခထုတ်ရသောကြောင့် ရန်ကုန်တွင် ဈေးဝယ်စရာရှိသည်များကိုလည်းဝယ်၏။ ပြီးလျှင် ရွှေတိဂုံဘုရားတက်၏။ ရွှေတိဂုံဘုရားရောက်လျှင် တနင်္ဂနွေထောင့်တွင် အစဉ်သဖြင့်ရှိနေတတ်သော, သိကြားမြစိန်ဆိုသောအဘိုးကြီးနှင့် သွားရောက် စကားပြောလေ့ရှိ၏။ ထို့နောက် ခေါင်းလောင်းကြီး အနီးတွင် ပုတီးစိပ်၏။ ပုတီးစိပ်ပြီးလျှင် ဗဟန်းမှန်ရှိ 'အဒေါ်ကြီး'ထမင်းဆိုင်တွင် ထမင်းစား၏။ ထို့နောက်မှ ကန်တော်ကြီးကိုပတ်၍ ကုန်းကြောင်း လျှောက်ပြီးလျှင် ကိုမာဃတို့ရှိရာ ကျောက်မြောင်း၊ ဣန္ဒာသယာလမ်းရှိ ပုတီးသမား





ဆေးဆရာများ စုဝေးရာသို့ ရောက်လာတတ်မြဲဖြစ်၏။

ရောက်လာသည့်အခါတိုင်း၌လည်း ၎င်း၌ ကောက်ညှင်းထုပ်နှင့် တောင်ငူပဲလှော်များ ပါလာ တတ်မြဲဖြစ်လေ၏။ သူသည် ထိုပစ္စည်းများကို ထိုအဖွဲ့၏ အလုပ်သမားဖြစ်သော မဖောလီလက်သို့ အပ်လိုက်လေ၏။ မဖောလီသည် ကောက်ညှင်းထုပ်များကိုလှီး၍ သကြားများဖြူးကာ ကျွေးမွေးလေ့ရှိ၏။ လူအများသည် ကောက်ညှင်းထုပ်ကို မြင်လျှင် လည်းကောင်း၊ ပဲကြီးလှော်ကိုမြင်လျှင်လည်းကောင်း

''သြော်. . ကျောက်ထိုးဆရာ ကိုမာဋလိရောက်လာပြီကိုး. . '' ဟု ပြောစမှတ်ပြုကြကုန်၏။ ထိုကျောက်ထိုးဆရာ ကိုမာဋလိသည် ထို အသိုင်းအဝိုင်းသို့ ရောက်လာသည့်နေ့မှစ၍ ကိုမာဃကြီးနှင့် စတင် ရင်းနှီးခင်မင်လေ၏။ တစ်ခါတရံမိုးချုပ်၍ ၎င်း၏ရွာသို့ မပြန်နိုင်လျှင် ဣန္ဒာသယာလမ်းရှိ အဖွဲ့ တည်ရာတွင် အိပ်သည့်အခါအိပ်၏။ များသော အားဖြင့်မူ ကိုမာဃကြီး၏ ပန်းပဲဖိုတွင် လိုက်၍အိပ်တတ်လေ၏။

တစ်ခါတွင် ကိုမာဋလိသည် ကိုမာဃ၏ ပန်းပဲဖိုတွင် လိုက်၍ အိပ်၏။ ကိုမာဃကလည်း ကြည်ကြည်ဖြူဖြူပင် လက်ခံလေ၏။ ညအချိန် သို့ရောက်လျှင် ကိုမာဃက ကိုမာဋလိအား ချင်းသုပ်၊ ရေနွေးကြမ်းတို့ဖြင့် ညှိဝတ်ပြုလေ၏။ ကိုမာဋလိလည်း ချင်းသုပ်နှင့် ရေနွေးကြမ်းကို စားသောက်ရင်း ကိုမာဃနှင့် စကားပြောလေ့ရှိလေ၏။

''ကိုမာဃရယ်. . ၊ တစ်ခါလောက် ကျုပ်တို့ရွာကို အလည် အပတ်လိုက်ခဲ့စမ်းပါဗျ. . ''ဟု ကိုမာဋလိက ပြောလေ၏။

''ဘယ်ရွာတုံးဗျ. . ၊ ပြောပြစမ်းပါဦး''ဟု ကိုမာဃက ပြန်၍ မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရွာနာမည်က ရန်မလိုတဲ့၊ နာမည်လေးက အတော့်ကို ကျက်သရေရှိတယ်၊ ပဲခူး ရိုးမတောင်ခြေနားမှာရှိတယ်၊ မန္တလေး၊ ရန်ကုန် ကားလမ်းကနေ ကျုပ်တို့ ရွာကိုအရောက် ရွာသူရွာသားတွေဖောက်ထားတဲ့ လမ်းတော့ရှိတယ်၊ လှည်းလမ်းပေါ့ဗျာ၊ အဲဒီလှည်းလမ်းကိုမှ ကျောက် သမားတွေက အုတ်ကျိုးတွေ၊ ဂဝံကျောက်တွေနဲ့ အကျအနပြုပြင်ပေး ထားတဲ့အပြင် လမ်းဘေးနှစ်ဖက်မှာလည်း ရေနုတ်မြောင်းပါ လုပ်ပေးထား တော့ လမ်းကလေးဟာ အပျက်အစီးမရှိဘဲ ဖြူးနေတာပဲ၊ အဲဒီရေနုတ် မြောင်းကလေးဘေးမှာလည်း ရှေးအခါကတည်းက စိုက်ထားတဲ့ ကုက္ကိုပင်တန်းလေးရှိတယ်ဗျ။ နွေအခါဆိုရင် အရိပ်ကောင်းကောင်း ရတာပေါ့ဗျာ..."ဟု ကိုမာဃလိက ပြောလေ၏။

"နေစမ်းပါဦး ကိုမာဃလိရယ်၊ ခင်ဗျား စောစောကပြောတဲ့ အထဲ မှာ ကျောက်သမားတွေဆိုတာပါတယ်ဗျ။ အဲဒါက ဘယ်လိုကျောက်သမား တွေလဲဗျ..."ဟု ကိုမာဃက ပြန်၍မေးလေ၏။

"သြော်..ဒါက ဒီလိုပါခင်ဗျ၊ အဲဒီဘက်မှာက ကျောက်ကြော ရှိတယ်ဗျ၊ လိပ်သည်းကျောက်တွေ ထွက်တယ်ပေါ့ဗျာ၊ အစိုးရဆီမှာ ကျောက် ထုတ်ခွင့်တောင်းပြီး အဲဒီကျောက်တွေ လာလာတူးကြတယ် ဗျ၊ အဲဒီကျောက်သမားတွေပါဗျာ၊ တစ်ချို့နေရာမှာ တောင်ကမ်းပါးယံကြီး ကိုဖြိုပြီး တူးသလို တစ်ချို့နေရာမှာတော့ မြေပြန့်ကို တူးကြတယ်၊ ဒါကြောင့် တူးထားတဲ့ကျောက်တွင်းကြီးတွေလည်း အများကြီးဗျ၊ ကျုပ်တို့ရွာက အဲဒီကျောက်ထွက်တဲ့နေရာနဲ့ ကပ်လျက် ရိုးမတောင်ခြေမှာပဲဗျ၊ အဲဒီနေရာကိုရောက်တော့ ကျောက်တူးခွင့်မပေးတော့ဘဲ ရပ်ပစ်လိုက် တယ်၊ ကျောက်လည်း သိပ်ပြီးမရနိုင်တော့လို့ပေါ့ဗျာ၊ အဲဒါကြောင့်





ကျောက်သမားတွေနဲ့ အဲဒီနေရာမှာနေတဲ့ လူတွေက ဒီနေရာလေးမှာ တူးရန်မလိုတော့ဘူးလို့ ရှေးအခါက ပြောစမှတ်ပြုကြတယ်၊ ဒါပေမဲ့ ကာလ ကြာညောင်းတဲ့အခါမှာ ရှေ့က'တူး'ဆိုတဲ့ တစ်လုံး ပြုတ်ပြီး 'ရန်မလို'ဘဲ ကျန်တော့တာဗျ၊ ဒါကြောင့် ကျုပ်တို့ရွာကလေးဟာ တူးရန်မလိုကနေ ရန်မလိုလို့ အမည်တွင်တော့တာပဲဗျို့..."ဟု ကိုမာဃလိက ရှင်းပြလျှင် ကိုမာဃက –

"ကောင်းတယ်ဗျို့၊ ရွာနာမည်ကိုက အနှစ္တသညာကိုးဗျ၊ အကြောင်းအရာ နိုင်နိုင်လုံလုံနဲ့ ဖြစ်ပေါ်လာတဲ့အမည်ပေကိုး" ဟု ပြောလေ၏။

"ရွာက အရိပ်အာဝါသလည်း ကောင်းတယ်၊ ရွာကြီးတစ်ခုလုံး ဟာ အုံ့မှိုင်းစိမ်းစိုတဲ့ ဝါးပိုးပင်တွေနဲ့ အုံ့ဆိုင်းနေတာ၊ ရွာထဲမှာလည်း ကုက္ကိုပင်၊ သရက်ပင်၊ ဗန်ဒါပင် စတဲ့ ပင်စည်ပင်စောက်ရှိပြီး အရိပ် အာဝါသရတဲ့အပင်တွေ ပြည့်နေတာဗျ၊ ရွာထိပ်မှာက ရန်မလိုဆိုတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်၊ အဲဒီကျောင်းက ရန်မလို ဆရာ တော်က စာလည်းတတ်တယ်ဗျ၊ တရားဟောတဲ့နေရာမှာလည်း ဒိတ်ပဲဗျို့၊ ရွာသူရွာသားတွေက ဆရာတော်ကို ကြည်ညို တာသက်သက် မဟုတ်ဘူး နော်၊ ချစ်လည်း ချစ်ကြတယ်ဗျ၊ ဆရာတော် နေမကောင်း ထိုင်မကောင်း ဖြစ်ရင် တစ်ရွာလုံးပြာကုန်တော့တာပဲ.."ဟု ကိုမာဃလိက ပြောပြ လေ၏။

"ခင်ဗျားတို့ ရန်မလိုရွာကို အုပ်ချုပ်တာက..."ဟု ကိုမာဃ က စကားစ,လိုက်လျှင် ကိုမာဃလိက –

"သူကြီး အုပ်ချုပ်တာဗျ၊ သူကြီးနာမည်ကတော့ မှတ်လို



www.burmeseclassic.com

www.burmeseclassic.com



လွယ်တယ်ဗျို့၊ ဦးကြက်ဆန်ကွဲတဲ့၊ အဲဒီနားကို အလုပ်တာဝန်နဲ့ ရောက်လာတဲ့ ယစ်မျိုးတို့၊ ပုလိပ်အရာရှိတို့၊ မြို့ပိုင်တို့၊ မြို့အုပ်တို့ဟာ အနီးအပါး ဘယ်ရွာကိုပဲလာလာ အဲဒီရွာတွေမှာ ညမအိပ်ဘူး၊ ကျုပ်တို့ ရန်မလိုမှာပဲ ညအိပ်တယ်၊ ပြီးတော့ ကျုပ်တို့ ရွာသားတွေဟာ သိပ်ပြီး ညီတာဗျ၊ ရပ်ရေးရွာရေး လုပ်စရာရှိရင် တက်ညီလက်ညီ ဝိုင်းလုပ်ကြတာဗျ၊ လူငယ်ရော၊ လူကြီးပါ ကိုယ့်ရွာကို ကိုယ်ချစ်ကြတယ်ဗျ. . ''ဟု ပြောပြန်လေ၏။

''ရေတွေ ဘာတွေရော လုံလောက်ရဲ့လားဗျ. . ''ဟု ကိုမာဃက မေးလိုက်လျှင် –

''အလိုလေး ကိုမာဃရယ်. . .၊ ရိုးမကနေ စီးကျလာတဲ့ ရန်မလိုချောင်းဟာ ရွာဘေးကနေကပ်ပြီးသွားတာဗျ၊ ပြီးတော့ ရေကြောလည်းကောင်းတယ်လေ၊ တစ်ရွာလုံးမှာ ရေတွင်းတွေ တူးထားလိုက်တာ မွနေတာပဲ၊ ကျုပ်တို့ရွာမှာက ရေတွင်းတူးပြီး ဒီအတိုင်းသုံးတာမဟုတ်ဘူးဗျ၊ ကျောက်ပေါ်တော့. . ကျောက်တွေစီသေးတာ၊ ကျောက်ရေတွင်းက ထွက်တဲ့ရေဆိုတော့ဗျာ. . သိပ်ပြီးအေးတာပေါ့၊ ရေခဲရေ အတိုင်းပါပဲ၊ သောက်ရေကို အဲဒီကျောက်ရေတွင်း တွေက သုံးတယ်၊ လျှော်တာဖွပ်တာကိုတော့ ချောင်းရေကိုပဲ သုံးကြတယ်၊ ပြီးတော့ ကျုပ်တို့ရွာနားက ရိုး မအတက် တစ်နေရာမှာလည်း ရေကန်ကြီးတစ်ခုဖြစ်နေသေးတာဗျ၊ အဲဒီရေကန်ကြီးကနေ စီမံပြီး စမ်းချောင်းလိုစီးနေတဲ့ စမ်းချောင်းကလေးက ရွာနောက်ဖက်ကနေ ဟိုးကားလမ်းအထိ စီးနေသေးတာ၊ စမ်းချောင်းရေကလည်းဗျာ ကြည်စိမ်းနေတာ၊ စောစောက ကျုပ်ပြောတဲ့ ရေကန်ကြီးကို 'ကန်သာယာ'လို့ ခေါ်ကြတာဗျ၊ ငှက်ပေါင်းစုံလာပြီး ကျတော့တာပဲ၊





ကန်သာယာကနေစီးတဲ့ စမ်းချောင်းကလေးကိုတော့ 'မချောဆု'စမ်းလို့ ခေါ်တယ်ဗျ၊ ကျုပ်တို့တော့ မမီပါဘူးဗျာ၊ ကျုပ်တို့ရွာမှာက တစ်ခါက မချောဆုဆိုတဲ့ မိန်းမချောတစ်ယောက်ရှိခဲ့ဖူးတယ်၊ ပြန်မလာတဲ့ ရည်းစားကိုလွမ်းပြီး စိတ်နောက်သွားရှာတယ်၊ အဲဒီ မချောဆုဟာ မိုးလင်းတာနဲ့ တောပန်းလေးတွေခူးပြီး ချောင်းစပ်မှာထိုင်ပြီး ပန်းတွေကို မျှောတော့တာပဲ၊ မျှောတဲ့အခါမှာ 'ပန်းကလေးရေ. . သူ့ဆီကို အရောက်သွားပြီး ချောဆု မျှော်နေတယ်လို့ပြောလိုက်ပါ. . 'လို့ မှာပြီးမှ မျှောတာ၊ တစ်နေကုန် မျှောတာ၊ အဲဒီလိုနဲ့ပဲ တပိန်ပိန် တစ်လိမ်လိမ်နဲ့ မစားနိုင်မသောက်နိုင်ဖြစ်ပြီး စမ်းချောင်းကလေးဘေးမှာပဲ သေသွားရှာတယ်၊ ဒါကြောင့် အဲဒီ စမ်းချောင်းကလေးကို မချောဆုစမ်းလို့ အမည်တွင်တာဗျ. . ''ဟု ကိုမာဃလီကပြောလေ၏။

''မချောဆုရဲ့လူကလည်း ဘာဖြစ်လို့ မချောဆုဆီ ပြန်မလာတာလဲဗျာ၊ သူ့ခမျာ သနားစရာ. . ''ဟု ကိုမာဃက ပြောလိုက်ရာ

''ဒီလိုဗျ. . .၊ မချောဆုနဲ့ယူမယ့် လူက ကိုမာဒင်တဲ့၊ မင်္ဂလာမဆောင်ခင်မှာ အရောင်းအဝယ်နဲ့ မန္တလေးတက်သွားတာ၊ ဒီလူက လူတော်ဆိုပဲ၊ ဒါပေမဲ့ ဒီရွာက မဟုတ်ဘူးဗျ၊ တောင်ငူဘက်ကဗျ၊ ကျုပ်တို့ရွာကလည်း ဒီလူကို သဘောကျပါတယ်၊ အဲဒီခေတ်တုန်းက ကားလမ်းတစ်ချို့နေရာတွေမှာ ဓားပြတွေ ဘာတွေရှိတယ်ဗျ၊ သူပါသွားတဲ့ကားကို ဓားပြတိုက်တယ်ဗျ၊ ဓားပြက ပစ္စည်းယူရုံတင်မဟုတ်ဘူး၊ မိန်းကလေးတစ်ဦးကို ဆွဲလားလွဲလားလုပ်တယ်ဆိုပဲ၊ အဲဒီမှာ ကိုမာဒင်ကြီးက ဝင်ပြီး ကာကွယ်တာ၊ ဓားပြက ကိုမာဒင်ကို သတ်ပစ်လိုက်တာဗျ၊ ဒါကြောင့် မချောဆု မျှော်ပေမဲ့လည်း ပြန်မလာနိုင်ရှာတော့ဘူးပေါ့ဗျာ. . ''ဟု ကိုမာ



www.burmeseclassic.com

www.burmeseclassic.com



ငွေလီကပြောလျှင် ကိုမာဃက

"ခင်ဗျားတို့ ရန်မလိုရွာလေးကတော့ ခင်ဗျားပြောတာနဲ့ စိတ်ဝင်စားစရာကောင်းနေပြီဗျ" ဟု ပြောလိုက်လျှင် ကျောက်ထိုးဆရာ ကိုမာငွေလီက –

"ဒါကြောင့် ရန်မလိုကို အလည်တစ်ခေါက်လောက်တော့ လိုက်ခဲ့စမ်းပါဗျာ"ဟု လေးလေးနက်နက် ဘိမန္တက ပြုလိုက်လေတော့သတည်း။

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၅ )

# ချစ်တီးထမင်းဆိုင်၌ သုံးယောက်သား ထမင်းစားကြခြင်း

ကဆုန်လပြည့်နေ့သို့ရောက်သောအခါ၌ ကုလ္လာသယလမ်းရှိ ဆရာများစုဝေးရာတွင် သံဃာတော်ကိုးပါးပင့်၍ ဆွမ်းကပ်ကြလေ၏။ မဖာလီက ဆွမ်းချက်သော တာဝန်ကိုယူရ၏။ ပဒ္မမ်ဝင်းသိန်းက ဈေးဝယ်သော တာဝန်ကိုယူရ၏။ ကျောက်ထိုးဆရာဟုမာဠလီက လက်ဖက်ရည်ဖျော်ခြင်းနှင့် သံဃာတော်များအတွက် အခင်းပြင်ဆင်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရ၏။ ၎င်းတို့သည် ဆွမ်းကပ်ပြီးသည်နှင့်တစ်ပြိုင်နက် ရွှေတိဂုံဘုရားသို့တက်ကာ ညောင်ရေသွန်းကြမည်ဖြစ်၏။

ကိုမာဃသည် ဘုန်းကြီးဆွမ်းကပ်သည့်အချိန်မှစ၍ နံရံရှိ ကြွက်လျှောက်တန်းကို ခေါင်းဖြင့်မှီကာ လိပ်ပြာလွင့်သွားပြီ ဖြစ်၏။ ထို့ကြောင့် ပဋ္ဌမံဝင်းထိန်သည် ကိုမာဃကြီးအား လာရောက်မထိစေရန်အတွက် ကိုမာဃအနီးတွင်ထိုင်ကာ ကာကွယ် ပေးထားရလေ၏။ သံဃာတော်များပြန်၍ကြွသွား သောအခါ၌ ညောင်ရေသွန်းသွားရန်အတွက် ပြင်ဆင်ကြလေ၏။ ထိုအခါ၌ ကိုမာဃကြီးအား မည်သို့ မည်ပုံထားခဲ့ကြရမည်ကို တစ်ယောက်တစ်ပေါက်ပြောဆိုကုန်ကြတော့၏။

ထိုအခါ မဖာလီက ကိုမာဃကြီးကို သူ စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ကတိပေးလေ၏။ ထို့ကြောင့် မဖာလီအား ကိုမာဃကြီးကို စောင့်ရန် ထားခဲ့ပြီးနောက် အားလုံးလိုလိုသည် ညောင်ရေသွန်းအတွက် ရွှေတိဂုံဘုရားသို့ သွားကြလေ၏။

ဆရာများအဖွဲ့သည် ညောင်ရေသွန်းပြီးသောအခါ၌ ဇဟာန်းမှတ်တွင်ရှိသော ထမင်းဆိုင်တွင် နံနက်စာကို စားကြလေ၏။ ပြီးလျှင် ဘုရားပေါ်သို့ ပြန်၍တက်ကာ အရိပ်အာဝါသကောင်းသောနေရာများတွင် ပုတီးစိပ်သူစိပ်၊ တုံးလုံးလှဲသူလှဲဖြင့် အေးချမ်းစွာနေကြကုန်၏။ ကျောက်ထိုးဆရာကိုမာဋ္ဌလီမှာမူ ကိုမာဃအား စိတ်မချသဖြင့် ၎င်းတို့ အသင်းတိုက်ရှိရာသို့ပြန်၍လာခဲ့လေတော့၏။ မဖာလီသည် ကိုမာဃကြီး အနီးတွင် ထိုင်ကာ ယပ်တောင်တစ်ချောင်းဖြင့် ယင်များမလာစေရန် ယပ်ခပ်ပေးနေသည်ကို ကိုမာဋ္ဌလီတွေ့ရလေ၏။

“မဖာလီနားရင်နားတော့၊ ကျုပ် စောင့်ပေးမယ်. . .”ဟု





ကိုမာဋ္ဌလီက ပြောလေ၏။ ထိုအခါ ကျမှပင် မဖာလီလည်း ယပ်တောင်ကို ကိုမာဋ္ဌလီအား ပေးကာ မီးဖိုဘက်တွင်ဝင်၍ နံနက်ကကျန်သော ဆွမ်းကျန်ဟင်းကျန်များဖြင့်ပင် နံနက်စာကို စားလိုက်ရလေတော့၏။ ပြီးလျှင် ကိုမာဃအနီးသို့ ပြန်၍လာလေ၏။

များမကြာမီ၌ပင် ကိုမာဃလည်း လိပ်ပြာလွင့်သွားရာမှ ပြန်လည်၍ သတိရလာလေတော့၏။

“ဟော. . ဟော. . ပြန်လည်လာပြီ. . .” ဟု မဖာလီက ပြောလိုက်၏။ ကိုမာဋ္ဌလီက ကိုမာဃ ၏ပခုံးနှစ်ဖက်ကို လက်ဖြင့်ဆုပ်၍ နှိပ်ပေးလိုက်လေ၏။

“ရေနွေးကြမ်းလေးတစ်ခွက်လောက်တော့ သောက်ချင်တယ်ဗျာ. . .”ဟု ကိုမာဃက ပြောသဖြင့် မဖာလီက ဓာတ်ဗူးတွင်ထည့်ထားသော ရေနွေးများကိုထုတ်၍ ရေနွေးသစ်များထည့်ကာ လက်ဖက်ခြောက်ခတ်ပြီး ရေနွေးကြမ်းလုပ်ပေးလေ၏။ ကိုမာဃလည်း ရေနွေးကြမ်းကို အေးဆေးစွာ သောက်နေလေ၏။

“နေစမ်းပါဦး ကိုမာဃရယ်. . .၊ ဒီလောက် အကြာကြီး လိပ်ပြာလွင့်ပြီး ဘယ်ရောက်သွားတာလဲ. . .”ဟု ကိုမာဋ္ဌလီက မေးလေ၏။

“ပထမဦးဆုံး ကျုပ်ရောက်သွားတာက ရွှေ စက်တော်ဗျ၊ အဲဒီမှာ ဘုရားတွေ ဘာတွေဖူးနေတုန်း လူတစ်ယောက်နဲ့ တွေ့ရတယ်၊ အဲဒီလူက သူ့ကိုယ်သူ မိတ်ဆက်တာကတော့ မောင်မောင်လို့ မိတ်ဆက်တယ်၊ ဒါပေမဲ့ အဲဒီနာမည်ဟာ အပြည့်အစုံမဟုတ်သေးဘူးဗျ၊ သူပြောပြချက် အရတော့ လောကကြီးမှာ မောင်မောင်တွေ အများကြီးရှိပါတယ်၊ အဲဒီ အထဲကမှ ကျုပ်က စနေမောင်မောင်လို့ ဟန်ပါပါပြောတယ်၊ သူက လူချောလှလှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မဟုတ်ပေမဲ့ အတော့်ကို ကြည့်ကောင်းတဲ့လူမျိုး။ အောက်က ရှမ်း ဘောင်းဘီလိုမျိုးဝတ်ထားတယ်၊ အပေါ်က ကုတ်အင်္ကျီဗျ။ မာဖလာ အပြောက်ကလေးလည်း လည်ပင်းမှာ တွဲလောင်းချထားတယ်၊ စီးကရက် လည်း သောက်တယ်ဗျ။ အဲဒီလူက ကျုပ်ကို ဖော်ဖော်ရွေရွေစကား ပြောပြီး ကျုပ်ရဲ့ညာဘက်လက်ကောက်ဝတ်ကို ဆတ်ကနဲ ဆုပ်ကိုင်လိုက် ပြီး ပါးစပ်ကလည်း 'လာ' လို့ တစ်လုံးအော်လိုက်တယ်၊ အဲဒီမှာ ကျုပ်ဟာ သတိ လစ်မေ့မျောသွားတော့တာပဲ၊ ကျုပ် သတိရလို့ကြည့်လိုက်တော့ တောအုပ်ကလေးအလယ်က တောင်ပူစာကလေးပေါ်ကို ရောက်နေပြီ၊ အဲဒီတောင်ပူစာကလေးဟာလည်း အရိပ်အာဝါသနဲ့ ပြည့်စုံတယ်ဗျို့၊ အဲဒီ သစ်ပင်အရိပ်တွေအောက်မှာတော့ လူအတော်များများကိုတွေ့ရ တယ်၊ တချို့လည်း ပိတ်ဖြူဝတ်ထားတယ်၊ တချို့လည်း ပိတ်ညိုတွေ ဝတ်ထားတယ်၊ အရပ်ထောင်ထောင်မောင်းမောင်းနဲ့.. မိုးသူတော်ကြီး တစ်ဦးကတော့ ကျုပ်ကို စောစောက လူရဲ့ လက်ထဲကနေတောင်းယူပြီး ခေါ်သွားတော့တာပဲ၊ ကျုပ်တွေ့ရတဲ့ လူတွေအားလုံးဟာ စိတ်ဝင်စားဖို့ အလွန်ကောင်းတယ်ဗျ။ စကားလည်း ကျယ်ကျယ်လောင်လောင် မပြောကြ ဘူး၊ အတော့်ကို သိမ်မွေ့ကြတယ်..''ဟု ကိုမာဃကြီးက ပြောလေ၏။

ထိုအခါ ကိုမာဋ္ဌလီက –

''ကိုမာဃကတော့ ပါရမီထူးပါတယ်ဗျာ၊ တကယ့်နေရာကို ရောက်သွားတော့တာပဲ..'' ဟုပြောလိုက်လျှင် မဇာလီကလည်း –

''မဟုတ်မှလွဲရော ဝိဇ္ဇာဖော်ကို့ တပည့်တွေနေတဲ့ မဟာမြိုင်ဆိုတာ ကို ရောက်သွားတာ ဖြစ် မယ်..''ဟု ဝင်၍ပြောလေ၏။

''နေပါဦး ကိုမာဃကြီးရယ်၊ အဲဒီ ပုဂ္ဂိုလ်တွေနဲ့ တွေ့ရုံတင်ပဲလား၊





သူတို့က ဘာတွေပေးသေးသလဲ..''ဟု ကိုမာဋ္ဌလီက မေးလေ၏။

''ကျုပ်ကို ငှက်ပျောသီးနှစ်လုံး ကျွေးတယ်ဗျ၊ ငှက်ပျောသီးရဲ့အနံ့ ကတော့ နံ့သာဖူးအနံ့ပဲ..၊ အရွယ်ကတော့ နံ့သာဖူးငှက်ပျောသီးအရွယ် မဟုတ်ဘူးဗျ၊ အတော့်ကိုကြီးတယ်၊ ပြီးတော့ သစ်ပင်ရဲ့ နွယ်တစ်ခုကို ဖြတ်ပြီး အရည်တွေညှစ်ချတယ်ဗျ၊ ထွက်လာတာက နွားနို့အနှစ်တွေ လိုပဲဗျာ၊ စောစောက ငှက်ပျောသီးနဲ့ တို့ပြီးစားရတယ်၊ ခင်ဗျားသဘော ပေါက်အောင် ပြောရရင်တော့ မလိုင်နဲ့ ငှက်ပျောသီးကို တို့စားရသလိုပါ ပဲဗျာ၊ ဒါပေမဲ့ အရသာကတော့ အတော့်ကို ထူးတယ်ဗျို့၊ ပြီးတော့ ဝါးကျည်တောက်ကလေးနဲ့ ရေတစ်ခွက်တိုက်တယ်၊ ရေကလည်း အေးပြီး ရင်ထဲကို စိမ့်သွားတာပဲ..''ဟု ကိုမာဃက ပြောပြလေ၏။

''မဟုတ်မှလွဲရော ကိုမာဃရေ..၊ ခင်ဗျား နောက်ဆုံးသွားရ မှာအဲဒီနေရာပဲထင်တယ်၊ ကောင်းပါလေ့ဗျာ၊ ကျုပ်တို့ ဟောဒီ သီကြား အဖွဲ့မှာတော့ ခင်ဗျားဟာ တကယ်ထွက်မယ့်လူပဲ..''ဟု ကိုမာဋ္ဌလီက အားရဝမ်းသာ ပြောရှာလေ၏။

''အခုတော့ မထွက်ချင်သေးဘူးဗျ၊ မဇာလီကို ပညာမသင် ပေးခင်ကတည်းက ကျုပ်က မေတ္တာရှိပါတယ်လို့ ပြောထားတာလေဗျာ၊ သူ့ဆီက အဖြေမှ မရသေးဘဲ၊ အဖြေရပြီးမှ ဘဝရှေ့ရေးတွေ ဆက်ပြီး လုပ်ရမှာ''ဟု ကိုမာဃက ပကာတိရိုးသားသော လေသံဖြင့် ပြောလေ၏။

ထိုအခါ ကိုမာဋ္ဌလီက –

''ကဲ ဇာလီ၊ မေးနေပြီလေ..၊' အဖြေပေးပေတော့၊ ကိုမာဃ ကြီးက လူရိုးကြီးပါ၊ ကွေ့ပတ်ပြီး မဖြေပါနဲ့၊ ချစ်တယ်ဆိုရင်လည်း ချစ် တယ်ပေါ့၊ မချစ်ဘူးဆိုရင်လည်း မချစ်ဘူးပေါ့..''ဟု ဝင်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကိုမာဃလီရယ်၊ ဇာလီက ချစ်တယ်လို့ဖြေရင် ဘယ်လို ဆက်ပြီး စခန်းသွားမှာလဲ..."ဟု မဇာလီက ပြန်၍မေးလေ၏။

"ကိုမာဃကြီးကတော့ ဘယ်လိုဆက်ပြီး စခန်းသွားမယ်ဆိုတာ တော့ မပြောတတ်ဘူး မဇာလီရေ...၊ နင်က ချစ်တယ်လို့ပြောရင် နင်တို့ နှစ်ယောက်ရော၊ ငါရော ဒီနေ့ ညနေစာကို မြို့ထဲက ချစ်တီးဆိုင်တစ်ဆိုင် မှာ ငါက ထမင်းကျွေးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုမာဃကြီးက သက်သတ်လွတ်စားတာ မဟုတ်လား။ ချစ်တီးသက်သတ်လွတ်ဆိုင်မှာ ကျွေးမှ သူက စားမှာပေါ့..."ဟု ကိုမာဃလီက ပြောလိုက်လျှင် ဇာလီက–

"ကဲပါ ကိုမာဃလီရယ်၊ ကျွန်မ ချစ်တီးဆိုင်မှာလိုက်ပြီး ထမင်းစား ပါ့မယ်..." ဟု ကတိပေးလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၆ )

# ဆေးဆရာ ကိုစိန်ကုလား ကားတိုက်ခံရခြင်း

ကိုမာဠလိ၊ ကိုမာယနှင့် မဖာလီတို့သည် ချစ်တီးထမင်းဆိုင်တွင် ထမင်းစားသောက်ကြပြီးနောက် ဆူးလေဘုရားသို့ သွားရောက်ကြလေ၏၊ ဘုရားဖူးပြီးသောအခါ၌ ရင်ပြင်တော်ပေါ်တွင် ထိုင်ကြလေ၏။ ထိုအခါ၌ ကိုမာဠလိက –

"မဖာလီရယ် နင်က ကိုမာယကို တကယ်မေတ္တာမရှိ ကိုမာယ က ယူမယ်ဆိုရင်လည်း နင်က တကယ်ယူ မယူကြေးမပါဦး. . ."ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လျှင် မဇာလီက –

"အောင်မယ်လေးတော်.. ၊ ကိုမာဋ္ဌလိကြီးကို ကျောက်ထိုးဆရာဆိုတော့ ကျောက်ပဲထိုးတတ်တယ် အောက်မေ့တာ.. ၊ အောင်သွယ်လည်း လုပ်တတ်တာကိုး.." ဟု ပြောလေတော့၏။

"အောင်သွယ်လုပ်တာ မဟုတ်ပါဘူး မဇာလီရယ်၊ ကိုမာဃကြီးက မြို့စိမ်စိနဲ့မို့ သူ့ကိုယ်စား မေးပေးရတာပါ၊ တစ်မျိုးမထင်ပါနဲ့.." ဟု ကိုမာဋ္ဌလိက ပြောလေ၏။ ထိုအခါ မဇာလီက –

"ကိုမာဋ္ဌလိ တစ်ခုစဉ်းစားကြည့်လေ၊ မဇာလီ အခြေအနေက ယောကျ်ားတစ်ယောက်ကို ယူဖို့ကိစ္စ မှာ မေတ္တာရှိတာတို့၊ မေတ္တာမရှိတာတို့ အပေါ်မှာ မူတည်ပြီး စဉ်းစားလို့မရဘူး။ အားကိုးလို့ရ၊ မရအပေါ်မှာပဲ မူတည်ပြီး စဉ်းစားရမှာ၊ ကိုမာဃပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ကျွန်မ အနေနဲ့ အားကိုးလို့ ရမယ်ဆိုရင် မေတ္တာတွေ၊ ချစ်တာတွေမပါဘူး ယူရမှာပဲ.." ဟု ခပ်ပြတ်ပြတ် ပြန်၍ပြောလေ၏။ ထိုအခါ ကိုမာဋ္ဌလိက ကိုမာဃ၏မျက်နှာကို ကြည့်လိုက်လေ၏။ ၎င်း၏အကြည့်မှာ 'ဘယ်လိုလဲ..' ဟု မေးနေသကဲ့သို့ ရှိလေတော့၏။ ကိုမာဃသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သကဲ့သို့ မျက်နှာအမူအရာ၌ ဖော်ပြပြီးလျှင် –

"ဒါက မဇာလီဘက်က ပြောတာပါ၊ ကျုပ်အနေနဲ့ကတော့ မေတ္တာမပါတဲ့ အိမ်ထောင်ရေးမျိုးကို မထူထောင်ချင်ဘူး၊ ကဲဗျာ.. တစ်ခုပဲ မေးမယ်၊ ကျုပ်က မဇာလီအတွက် တစ်ကျပ်ဖိုး အားကိုးစရာကောင်းတယ်ဆိုပါတော့.. ၊ ခေါ်တောကုလားကြီး တစ်ယောက်က မဇာလီအတွက် တစ်ရာဖိုး အားကိုးနိုင်တယ်ဆိုပါတော့၊ မဇာလီဟာ ကျုပ်ကို မယူဘဲ ဒီခေါ်တောကုလားကြီးကို ယူမှာလားဗျာ.." ဟု





မေးလိုက်ရာ ကိုမာဋ္ဌလိသည် ခွက်ထိုးခွက်လှန်ရယ်လေတော့၏။ ထိုသ
ရယ်ပြီးနောက် –

"ကိုမာဃတို့ကတော့ဗျာ.. ၊ မပြောရင် နေရော၊ ပြောရင်လည်
ပိသာလေးနဲ့ ဘေးထုဆိုသလို စကားမျိုးပြောချလိုက်တာကိုး.."
ဟု ကိုမာဋ္ဌလိက ပြောလေ၏။ ထိုအခါ မဇာလီက –

"ကျွန်မပြောတာက အလေးပေး စဉ်းစားမယ်ဆိုတဲ့သဘောကို
ပြောတာပါ၊ အဲဒီလို အလေးပေး စဉ်းစားတဲ့နေရာမှာ လူမျိုးတူတာ၊
မတူတာတို့၊ ဘာသာတူတာ၊ မတူတာတို့ ဆိုတဲ့အချက်တွေကို
လည်း ထည့်ပြီးစဉ်းစားရမှာပေါ့၊ အဲဒီအချက်တွေ မညီညွတ်လို့ အမှတ်
လျော့ရရင် ခေါ်တောကုလားကြီးက ငါးမူးဖြစ်ပြီး ကိုမာဃက တစ်ကျပ်
ဖြစ်ရင်ဖြစ် သွားနိုင်ပါတယ်.." ဟု ပြောလေ၏။

"ကြိုက်ဗျာ.." ဟု ကိုမာဃကြီး မဇာလီ၏စကားအဆုံးတွင် ထောက်ခံလိုက်လေ၏။

"ဘာကိုကြိုက်တာလဲ ကိုမာဃကြီးရယ်" ဟု ကိုမာဋ္ဌလိက မေးလေ၏။

"ဘာကြိုက်ရမှာတုံး 'ကိုမာဋ္ဌလိရဲ့၊ မဇာလီကို ကြိုက်တယ်လို့ ပြောတာပေါ့" ဟု ကိုမာဃကြီးက ကျယ်လောင်စွာ ပြောလိုက်လျှင်

"ခက်ပဲခက်ရချေသေးရဲ့ဗျာ.. ၊ မဇာလီကို ခင်ဗျားကကြိုက်လို့ ယူဖို့ကိစ္စပြောနေတာ မဟုတ်လား။ ဘာကိုထပ်ပြီး ကြိုက်နေရတာတုံး.." ဟု ကိုမာဋ္ဌလိက မေးလေ၏။

"ကျုပ်က ကြိုက်လို့ ယူဖို့ပြောတယ်ဗျာ၊ မဇာလီက ပြန်ပြီးဖြေတယ်ဗျာ၊ အဲဒီအဖြေကိုပါ ထပ်ပြီးကြိုက်တယ်၊ ကျုပ်အဖို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



မဇာလီကို ကြိုက်ပြီးရင်း ကြိုက်ပဲဗျို့'' ဟု ကိုမာဃက ပြောလေ၏။

''အလိုလေး. . .၊ ကိုမာဃရဲ့ စကားကလည်း မိုးဖျားက ဘိုးသိကြားရဲ့ ဝရဇိန်လက်နက်လိုပါပဲလားဗျာ. . .''ဟု ကိုမာဋ္ဌလိက အားရပါးရ ပြော၍ အားရပါးရရယ်လေတော့၏။

''ဒါကလည်းဗျာ၊ ကျုပ်တို့ မဇာလီတို့ဟာ လူတွေဖြစ်နေလို့ ဒီလောက်ပြောနေကြရတာပါ၊ ကြက်ဖနဲ့ ကြက်မဆိုရင် ဒီလောက်အချိန်အကြာကြီး ပြောဖို့မလိုတော့ဘူး၊ ကြက်ဖက ကြက်မကို ချစ်တယ်၊ ကြိုက်တယ်ဆိုတဲ့အကြောင်း တစ်ခါမှ မပြောဘူးဗျ၊ အဲဒီလို မပြောဘဲနဲ့ ကို ကြက်မကလည်းသိတယ်ဗျ၊ ဒါပေမဲ့ မာဃကြီးက ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ ပြောနေတာတောင် မဇာလီက မသိဘူးဗျာ၊ အဲဒါကို ကျုပ်မယုံဘူးဗျ၊ တကယ်မသိတာ မဟုတ်ဘူး၊ မသိချင်ယောင်ဆောင်နေတာပဲ ဖြစ်ရမယ်၊ ကဲပါ မဇာလီရယ် အချိန်ဆွဲမနေပါနဲ့၊ ဒီသီတင်းကျွတ်မှာ မင်္ဂလာဆောင်ကြရအောင်ပါ၊ အချိန်ဆွဲနေရင် ကလေးကျောင်းပို့ရတာ နောက်ကျလိမ့်မယ်'' ဟု ပြောလေ၏။ ကိုမာဋ္ဌလိလည်း ကိုမာဃကြီး၏ စကားကို လွန်စွာသဘောကျသွားလေ၏။

''ပြောပါ. . . ခင်ဗျားက ကလေးတောင် ကျောင်းအပ်နေပြီလား၊ အတော့်ကို စိတ်ကူးယဉ်တဲ့လူပဲဗျို့. . .''ဟု ကိုမာဋ္ဌလိက ပြောလေတော့၏။

ထို့နောက် ၎င်းတို့သုံးဦးသည် ရယ်ကာ မောကာ စကားပြောကြပြီးနောက် ပြန်ခဲ့ကြလေတော့၏။ ၎င်းတို့သည် ကုဏ္ဍာသယလမ်းရှိ သိကြားဆရာများအသင်းတိုက်သို့ ပြန်ခဲ့ကြခြင်းဖြစ်လေ၏။ အသင်းတိုက်သို့ရောက်သောအခါ၌ မီးများထွန်းထားသည်ကိုတွေ့ရလေ၏။ သိကြား





ဆရာသုံးလေးဦးလည်း စုရုံးစုရုံးဖြစ်နေကြသည်ကို မြင်ရလေ၏။ ၎င်းတို့ သုံးဦးရောက်သွားသောအခါ၌ ပဋ္ဌမံဝင်းထိန်က

''ကိုမာဃတို့ မဇာလီတို့ ကိုမာဋ္ဌလိတို့ ဘယ်များသွားနေကြတာတုံး. . .၊ ဟောဒီမှာ ဆရာဦးစိန်ကုလားတစ်ယောက် မော်တော်ကားအတိုက်ခံရလို့ဗျို့၊ အခုပဲ ဆေးရုံကြီးကလာပြီး အကြောင်းကြားတယ်. . .'' ဟု ပြောလေတော့၏။ ထိုအခါ မဇာလီက

''ဦးစိန်ကုလားကြီး ကားတိုက်ခံရတာ ဘယ်လိုဖြစ်သွားလဲ ကိုဝင်းထိန်ရယ်''ဟု ထိတ်ထိတ်ပျာပျာဖြင့် မေးလေ၏။

''ဘယ်လိုဖြစ်သွားတယ်ဆိုတာလည်း မပြောတတ်သေးဘူး၊ အခုကျုပ်တို့လိုက်သွားမယ်၊ ကိုမာဃတို့က ဒီမှာစောင့်. . .''ဟု ပဋ္ဌမံဝင်းထိန်က ပြောလေ၏။ ထို့နောက် ပဋ္ဌမံဝင်းထိန်အပါအဝင် သိကြားအဖွဲ့ ဆရာများလည်း ဆေးရုံကြီးသို့ လိုက်သွားကြလေတော့၏။ ကိုမာဃ၊ ကိုမာဋ္ဌလိနှင့် မဇာလီတို့သည် အသင်းတိုက်တွင် ကျန်ရစ်ခဲ့ကြလေတော့၏။ ကိုမာဋ္ဌလိက –

''ကိုစိန်ကုလားကြီးတစ်ယောက် ဘယ်လိုများရှိမယ် မဆိုနိုင်ပါဘူးဗျာ. . .''ဟု ပြောလိုက်လျှင် ကိုမာဃက –

''ဒီသတင်းကြားရတဲ့အချိန်မှာပဲ ကျုပ်ဟာ နာရီကိုကြည့်ပြီး အင်္ဂဝိဇ္ဇာတွက်ကြည့်တယ်၊ ကိုစိန်ကုလား မသေဘူးဗျ၊ ဒဏ်ရာတော့ ရတာပေါ့ဗျာ. . .''ဟု ပြောလိုက်လျှင် ကိုမာဋ္ဌလိက –

''ကျုပ်လည်း အဲဒီလိုတွက်ကြည့်ပါတယ်၊ ကိုစိန်ကုလားက စနေသားပဲဗျာ၊ အဲဒီအချိန် အင်္ဂဝိဇ္ဇာတိုင်မှာ စနေက ဆိုက်ခြေပျက်နေရာမှာ ရောက်နေတယ်ဗျ. . .''ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ဘူး ကိုမာဠလိရဲ့၊ ကျုပ်ရဲ့ အင်္ဂဝိဇ္ဇာက တစ်ချိန်ကို တစ်နာရီခွဲယူတာမဟုတ်ဘူး၊ လေးမိနစ်ယူတာဗျ၊ အဲဒီတော့ တစ်နာရီခွဲအတွင်းမှာ အင်္ဂဝိဇ္ဇာအခါပေါင်း နှစ်ဆယ့်နှစ်ကြိမ်ပြောင်းလွဲသွားနိုင်တယ်ဗျ၊ နောက်ပြီးတော့ ကျုပ်တွက်တဲ့နည်းက ခင်ဗျားတို့တွက်သလို သူရဗ္ဗသောကြနဲ့ မသွားဘူးဗျ၊ အဌလက်သွားသလို၊ ဘုရားက ဂြိုဟ်တိုင်တွေသွားသလို အဂ္ဂါစေဝနဲ့ သွားတာဗျ၊ အခါယူကော့လည်း မနေ့ည သန်းခေါင်ကနေ ဒီနေ့ညသန်းခေါင်အထိယူတာဗျ၊ မနက်ခြောက်နာရီက ယူတာမဟုတ်ဘူး. . .''ဟု ကိုမာဃက ပြောလိုက်လျှင် ကိုမာဠလိက –

''ခင်ဗျား အခုပြောတဲ့စနစ်ဟာ အင်္ဂဝိဇ္ဇာစနစ်မဟုတ်ဘူး၊ အဲဒါကို ကျုပ်လက်မခံဘူး၊ ခင်ဗျားနည်းက ဘယ်လောက်တောင် မှန်လို့တုံး. . .''ဟု အကြောက်အကန် ငြင်းလေတော့၏။

''ဒီလို ကိုမာဠလိရဲ့၊ ကျုပ်က ကျုပ်နည်းကောင်းတယ်လို့ ပြောတာမဟုတ်ပါဘူးဗျာ၊ ကျုပ် လုပ်တဲ့နည်းကို ပြောပြတာပါ၊ အဲဒီ ကျုပ်လုပ်တဲ့နည်းမှာ ဆရာကိုစိန်ကုလားတစ်ယောက် ဘာမှမဖြစ်ဘူးလို့ အဖြေရတယ်ဗျာ၊ ဒုက္ခရောက်မှာက သူ့မိတ်ဆွေတစ်ယောက် ဒုက္ခရောက်ဖို့ရှိတယ်၊ အဲဒီတော့ သူနဲ့ အရင်းနှီးဆုံး မိတ်ဆွေကတော့ ကျုပ်ပဲ ကိုမာဠလိရေ. . .'' ဟု ကိုမာဃက ပြောလိုက်လျှင် ကိုမာဠလိက –

''အခု ခင်ဗျားပြောတာဟာ အင်္ဂဝိဇ္ဇာမဟုတ်ဘူး၊ အင်္ဂဝိဇ္ဇာလို့ မပြောပါနဲ့. . .၊ ခင်ဗျားတစ်ယောက်ထဲ သုံးတဲ့နည်းဆိုတော့ မာဃဝိဇ္ဇာလို့ ပြောချင်ပြောဗျာ၊ အင်္ဂဝိဇ္ဇာနဲ့တော့ လာပြီးဆွေမျိုးအစပ်မခံနိုင်ဘူး မာဃဝိဇ္ဇာကြီးရေ. . .''ဟု အော်၍ ပြောလိုက်လေတော့သတည်း . . .။ ။

▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

# ကိုမာယတစ်ယောက် လိပ်ပြာလွင့်ပြန်ပြီ

ဆေးဆရာကိုစိန်ကုလားသည် ဆေးရုံတက်ရလေတော့၏။ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့ ပွန်းသည့်နေရာ ပွန်း၊ ပဲ့သည့်နေရာပဲ့၊ ကျိုးသည့်နေရာ ကျိုးသွားသောကြောင့် နှစ်လခန့် ဆေးကုရလေ၏။ ကိုစိန်ကုလား အတွက် ထမင်းဟင်းပို့ရသောတာဝန်ကို ဣစ္ဆာသယ အသင်းတိုက်မှ တာဝန်ယူရလေ၏။ မဖောလီကိုယ် တိုင်ပို့ရလေ၏။ ဆေးရုံမှ ဆင်းခွင့်ရသောအချိန် ၌လည်း ကောင်းစွာ မကျန်းမာသေးကြောင့် ဣစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com



သယ သိကြားအသင်းတိုက်၌ ခေါ်၍ထားရလေ၏။ နေ့ခင်းနေ့လယ်များတွင် အသင်းတိုက်၌ လူရှိနေသောကြောင့် ကိုစိန်ကုလား၏ ဝေယျာဝစ္စကို ကြံ့သောသူက လုပ်ပေးလေ၏။ ညအခါသို့ ရောက်သောအခါ၌ အားလပ်သောဆရာများက စောင့်၍အိပ်ကြလေ၏။ မဇာလီမှာမူ ညစောင့် အိပ်ရသောတာဝန်ကိုမယူရပေ။ သို့သော် နံနက်အစောကြီးလာ၍ ဆန်ပြုတ်ပေးရလေ၏။ နေ့ခင်းဘက်တွင် သောက်ရသော ဆေးများအတွက် မဇာလီက တာဝန်ယူ၍ တိုက်ရ၏။ ညဘက်တွင် သောက်ရမည့်ဆေးများကို ညစောင့်တာဝန်ကျသော ဆရာက တိုက်ရလေ၏။ ကိုစိန်ကုလားသည် ဆေးရုံမှ ဆင်းခဲ့သည်ဆိုသော်လည်းကောင်းစွာမကျန်းမာရှာပေ။ ဒဏ်ရာများ ကျက်သွားသော်လည်း ချောင်းဆိုးရောဂါသည် ပြင်းပြင်းထန်ထန် နှိပ်စက်လေတော့၏။ ညစောင့်အိပ်ရမည့် တာဝန်ကျသောဆရာ၏အမည်ကို သင်ပုန်းပေါ်တွင် မြေဖြူဖြင့်ရေးထားလေ့ရှိလေ၏။

ထိုနေ့ညသည် စနေနေ့ဖြစ်၏။ ညနေစောင်းသည်နှင့် မိုးဖွဲလေးများကျနေ၏။ စောင့်အိပ်ရန် တာဝန်ကျသောဆရာမှာ ပဠမံဝင်းထိန်ဖြစ်၏။ သို့ရာတွင် သူသည် ကြည့်မြင်တိုင်တစ်ဘက်ကမ်းရှိ အေးရွာတွင် ဆေးကုရန် လာ၍ပင့်ထားသောကြောင့် ထိုနေ့ညအဖို့ စောင့်၍မအိပ်နိုင်ကြောင်း၊ ညနေပိုင်းတွင် အသင်းတိုက်ကိုလာ၍အကြောင်းကြားလေ၏။ ၎င်းလာ၍အကြောင်းကြားသောအချိန်၌ အသင်းတိုက်တွင် ဆရာတစ်ယောက်မျှမရှိပေ။ ထို့ကြောင့် လူနာဖြစ်သော ကိုစိန်ကုလားက –

"ဆေးကုသွားစရာရှိတာ သွားစမ်းပါ ဆရာကိုဝင်းထိန်ရယ်. . .၊ ဆရာတစ်ယောက်ယောက် ရောက်လာရင် စောင့်အိပ်ဖို့ ကျုပ်ပဲပြောလိုက်ပါ့မယ်"ဟု ပြောလိုက်လျှင် ပဠမံဝင်းထိန်လည်း ဆေးလွယ်အိတ်ကို လွယ်၍





ထွက်သွားလေတော့၏။ ည ၈ နာရီထိုးလျှင် အသင်းတိုက်သို့ ကိုမာဃ ရောက်လာလေ၏။ ကိုမာဃက ကိုစိန်ကုလားအား –

"ဘယ်လိုလဲ ကိုစိန်ကုလားရဲ့. .၊ ဒီနေ့ ညစောင့်အိပ်ဖို့ တာဝန်က ပဠမံဝင်းထိန်ကြီးမဟုတ်လား၊ ခုထက်ထိ ရောက်မလာသေးဘူးလား. . ." ဟု မေးရာ ဆရာကိုစိန်ကုလားက –

"ဒီလို ကိုမာဃရဲ့. . .၊ ပဠမံဝင်းထိန်က ကြည့်မြင်တိုင်တစ်ဘက်ကမ်း အေးရွာကလာပင့်လို့ ဆေးကုသွားလေရဲ့ဗျာ၊ ဒါကြောင့် မမျှော်လင့်ဘဲ အသင်းတိုက်ကိုရောက်လာတဲ့ ဆရာတစ်ယောက်ယောက်ကိုပဲ ညစောင့်အိပ်ပေးဖို့ သူကမှာသွားတယ်" ဟု ပြောလျှင် ကိုမာဃက –

"ဒီလိုဆိုတော့လည်း ကျုပ်ဟာဝန်ပေါ့ဗျာ. . .၊ ကျုပ်ပဲ စောင့်အိပ်ပေးပါ့မယ်"ဟု ပြောလေ၏။ ထိုအချိန်၌မှာပင် မိုးသည် သည်းသည်းမည်းမည်းကြီးရွာချလေတော့၏။ မိုးသံမှာ ဆူညံနေ၏။ အသင်းအဆောက်အဦးကလေး၏ သွပ်မိုးပေါ်သို့ကျသော မိုးစက်မိုးပေါက် တို့၏အသံမှာ တဝုန်းဝုန်းမြည်နေ၏။ ကိုမာဃက ဆရာကိုစိန်ကုလားအား –

"ကိုစိန်ကုလားရေ. . .၊ ကျုပ် ဟောဒီတိုင်ကလေးကိုမှီပြီး ထိုင်နေမယ်၊ တကယ်လို့ ခင်ဗျား နိုင်းစရာရှိရင်တော့ ခေါ်လိုက်ဗျာ၊ အားမနာနဲ့. . ."ဟု ပြောလေ၏။ ကိုစိန်ကုလားကလည်း –

"ကောင်းပါပြီဗျာ. . ."ဟုပြောရင်း အခန်းတွင်းရှိ ကွပ်ပျစ်ကလေးပေါ်တွင် အိပ်စက်လေ၏။ ကိုစိန်ကုလားသည် ကိုမာဃထိုင်နေသည်ကို အိပ်လျက်အနေအထားမှ တွေ့မြင်နေရ၏။ ကိုမာဃကလည်း ထိုင်နေသည့်နေရာမှနေ၍ ကိုစိန်ကုလား အိပ်ပျော်နေသည်ကို မြင်နေရလေ၏။ ကိုမာဃသည် တိုင်ကိုမှီ၍ နာခေါင်းမှ ဝင်သက်ထွက်သက်ကို တစ်နာရီခန့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်၍နေလေ၏။ အမှတ်ဖြုတ်လိုက်ပြီး မကြာမီ၌ တိုင်ကိုခေါင်းဖြင့်မှီရင်းသူ ဖြစ်နေကျအတိုင်း လိပ်ပြာလွင့်၍နေလေ၏။

ဆရာကိုစိန်ကုလားသည် အိပ်ရာထက်မှ ကြိုးစား၍ထပြီးလျှင် ကိုမာဃအနီးသို့ သွားရောက်ကာ ကိုမာဃ၏မျက်နှာကို ငုံ့၍ကြည့်လေ၏။ ကိုမာဃသည် မျက်လုံးမပိတ်ဘဲ မျက်လုံးအကြောင်သားနှင့် သတိလစ်နေပြီဖြစ်၏။ ဆရာကိုစိန်ကုလားသည် ကိုမာဃ၏မျက်လုံးနားတွင် လက်ကို ဝှေ့ယမ်း၏။ သို့ရာတွင် ကိုမာဃသည် မသိရှာတော့ပေ။ ထို့ကြောင့် ဆရာကိုစိန်ကုလားသည် သူ၏ အိပ်ရာသို့ ပြန်လာပြီးလျှင် လှဲချလိုက်လေ၏။

မိုးမှာ သည်းသည်းမည်းမည်း ရွာနေဆဲဖြစ်၏။ ဆရာကိုစိန်ကုလားသည် နာရီကို လှမ်း၍ကြည့် လိုက်လေ၏။ ဆယ်နာရီထိုးနေပြီဖြစ်၏။ ထိုအချိန်၌ ခြံ၏အတွင်းသို့ ဝင်လာသောခြေသံကို ကြားရသဖြင့် ဆရာကိုစိန်ကုလားသည် မျက်လုံးကိုဖွင့်၍ကြည့်လိုက်လေ၏။ များမကြာမီ၌ လူတစ်ယောက်သည် ရေများစိုရွှဲနေသော မိုးကာအင်္ကျီကိုဝတ်ခြုံလျက် အဆောက်အဦးအတွင်းသို့ ဝင်လာလေ၏။ ထိုလူသည် ကိုမာဃ လိပ်ပြာလွင့်၍ မှေးမှောနေသည်ကို ငုံ့၍ကြည့်ပြီးနောက် ဆရာကိုစိန်ကုလားရှိရာ အခန်းဆီသို့ လှမ်း၍ ကြည့်လိုက်လေ၏။ ထို့နောက် ခါးတွင် ထိုးထားသော ဓားမြှောင်ကို အိမ်မှနေ၍ ဆွဲ၍ထုတ် လိုက်လေ၏။ ပြီးလျှင် အခန်းဆီသို့ခြေကိုဖော့၍ နင်းကာ လျှောက်လာလေတော့၏။ အနီးသို့ရောက်လျှင် ထိုသူက –

"ဆရာကိုစိန်ကုလား. . ဆရာကိုစိန်ကုလား. ." ဟု ခေါ်လေ၏။ ဆရာကိုစိန်ကုလားသည် မထူးဘဲ အိပ်ချင်ဟန်ဆောင်နေ၏။ ထိုအခါ၌





ထိုလူသည် ဆရာကိုစိန်ကုလားအား လှုပ်၍နှိုး၏။ ဆရာကိုစိန်ကုလားသည် အိပ်ချင်ဟန်ဆောင်မြဲဆောင်နေ၏။ ကိုစိန်ကုလားသည် ထိုသူကို ကောင်းစွာသိ၏။ ထိုသူမှာ ပဒ္မဝင်းထိန်ဖြစ်၏။ ပဒ္မဝင်းထိန်သည် မိုးကာအင်္ကျီကို ချွတ်၍ကြမ်းပြင်တွင် ပုံချလိုက်ပြီးလျှင် ၎င်း၏ကုတ်အင်္ကျီအတွင်းမှ သော့တွဲလေးတစ်တွဲကိုထုတ်၏။ ဆရာကိုစိန်ကုလားသည် အိပ်ချင်ယောင်ဆောင်နေလျက်သားနှင့် မျက်စိကို မှေးကာ ခိုး၍ကြည့်လေ၏။ ပဒ္မဝင်းထိန်ထုတ်လိုက်သော သော့တွဲမှာ သော့တွဲအစစ်မဟုတ်ပေ။ ထိပ်ဖျားတွင် အကောက်ပါသော သံချွန်ကလေးများသာဖြစ်၏။ ထိုအရာဝတ္ထုမှာ ဖောက်ထွင်းသမားများ သုံးသော သော့ဝိဇ္ဇာခေါ်မာစတာကီးဖြစ်၏။ မည်သည့်သော့ကိုမဆို ဖွင့်၍ရ၏။ ပဒ္မဝင်းထိန်သည် အခန်းတွင်းရှိ အသင်းပိုင်မီးခံသေတ္တာအနီးသို့ ကပ်သွားပြီးလျှင် သော့ပေါက်အတွင်းသို့ သံချောင်းအကောက်ကလေးများ တစ်ခုပြီးတစ်ခု ထိုးသွင်းကာ လှည့်နေလေတော့၏။ များမကြာမီ၌မှာပင် မီးခံသေတ္တာတံခါးသည် ပွင့်သွားလေတော့၏။ ဆရာကိုစိန်ကုလားသည် ပဒ္မဝင်းထိန်၏နောက်မှ မီးခံသေတ္တာအတွင်းသို့ ခိုး၍ကြည့်လိုက်ရာ မြောက်မြားစွာသော ရွှေဒင်္ဂါးပြားများနှင့် ငွေစက္ကူအထပ်လိုက်ကိုတွေ့ရလေ၏။ ပဒ္မဝင်းထိန်သည် မီးခံသေတ္တာအတွင်းရှိ ပစ္စည်းများကို ယူခါနီးတွင် ကြမ်းပြင်ပေါ်တွင် ချထားသော ဓားမြှောင်ကို ကောက်ကိုင်လျက် ကိုစိန်ကုလားဘက်သို့ လှည့်၍ကြည့်လိုက်လေ၏။ သူ၏ဟန်ပန်အမူအရာမှာ ဆရာကိုစိန်ကုလား နိုးလာလျှင် ဓားမြှောင်ဖြင့် ထိုးသတ်မည့်ပုံပေါ်နေ၏။ ဆရာကိုစိန်ကုလားသည် ကြောက်ကြောက်နှင့် ငြိမ်၍နေရ၏။ ပဒ္မဝင်းထိန်သည် ကြမ်းပြင်ပေါ်တွင် ပုံထားသော မိုးကာအင်္ကျီကို ဖြန့်၍ခင်းကာ ရွှေဒင်္ဂါးပြားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငွေစက္ကူများကို ထည့်၍ထုပ်ကာ ခြေကိုဖော့၍နင်းကာ ထွက်၍သွားလေ၏။ ကိုစိန်ကုလားသည် အိပ်ရာထက်မှ ကြိုးစား၍ထကာ ပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှု၏။ မိုးမှာ သည်းသည်းမည်းမည်းရွာနေ၏။ ကိုမာဃမှာလည်း လိပ်ပြာလွင့်နေမြဲဖြစ်၏။

နံနက်လေးနာရီထိုးမှပင် မိုးသည် စဲသွားလေတော့၏။ နံနက်ငါးနာရီထိုးခန့်တွင် ကိုမာဃသည် ကိုစိန်ကုလားကို နှုတ်ဆက်ရန် အခန်းတွင်းသို့ဝင်၏။ သို့ရာတွင် ကိုစိန်ကုလားသည် အိပ်ပျော်နေပြီဖြစ်သောကြောင့် နှုတ်မဆက်တော့ဘဲ သူ၏ အိမ်သို့ပြန်လာခဲ့လေတော့၏။ နံနက်မိုးလင်းသောအခါ၌ ဣစ္စာသယသိကြားအသင်းတိုက်ကလေးဆီသို့ ဆရာများ ရောက်ရှိလာကြလေ၏။ ထိုနေ့မှာ အသင်းဝင်များထံမှ ကောက်ခံထားသော အလှူငွေများကို မီးခံသေတ္တာမှထုတ်ကာ ဘဏ်တိုက်သို့ အပ်ရမည့်နေ့ဖြစ်၏။ ထို့ကြောင့် ဘဏ္ဍာထိန်းဖြစ်သော ဆရာကိုအောင်သန်းခေါ် ဆရာမှဲ့ကြီးက အသင်း၏ဦးစီးနာယကဖြစ်သော ဆရာမှဲ့ထံတွင် မီးခံသေတ္တာသော့ကို တောင်းလေ၏။ ဆရာမှဲ့လည်း ၎င်း၏လွယ်အိတ်အတွင်းမှ သားရေအိတ်ဖြင့် ထည့်ထားသော မီးခံသေတ္တာသော့ကို ပေးလိုက်လေ၏။ ဆရာကိုအောင်သန်းခေါ် ဆရာမှဲ့ကြီးလည်း သော့အိတ်ကိုယူ၍ အခန်းတွင်းသို့ဝင်သွားပြီးလျှင် မီးခံသေတ္တာကို ဖွင့်လေ၏။ များမကြာမီ၌ပင် အခန်းတွင်းရှိ ဆရာ ကိုအောင်သန်းထံမှ –

"အောင်မယ်လေး..လာကြပါဦးဗျို့..၊ မီးခံသေတ္တာထဲက ရွှေဒင်္ဂါးတွေရော ငွေတွေရော မရှိတော့ဘူး.." ဟု အလန့်တကြား အော်ဟစ်လိုက်သောအသံကိုကြားရသဖြင့် ဆရာများလည်း ပြေး၍ ဝင်သွား





ကြလေ၏။ ထိုနောက် မီးခံသေတ္တာအတွင်းထဲသို့ ကြည့်ကြ၏။ ပြီးလျှ[illegible] ဆရာတစ်ယောက်က –

"ဒါ သူခိုးက သော့တူနဲ့ဖွင့်သွားတာပဲ၊ သူခိုးဆိုလည်း ဝေဝ[illegible] စဉ်းစားဖို့ထက် မနေ့က ဒီမှာအိပ်ဖို့ ဘယ်သူတာဝန်ကျသလဲဆိုတ[illegible] စဉ်းစားရမယ်" ဟု ပြောလျှင် အခြားဆရာတစ်ယောက်က –

"ဘာစုံစမ်းစရာလိုလဲ..၊ ဟိုသင်ပုန်းပေါ်မှာ ရေးထားမှ[illegible] ပေါ့..." ဟု ဆိုသဖြင့် သင်ပုန်းကိုကြည့်လိုက်ရာ သင်ပုန်းပေါ်၌ တစ်စုံ[illegible] တစ်ရာ ရေးထားခြင်းမရှိသောကြောင့် ဆရာကိုစိန်ကုလားအား –

"မနေ့က ခင်ဗျားကို ဘယ်သူစောင့်အိပ်သလဲ" ဟု ဆရာမှဲ့က မေးရာ ဆရာကိုစိန်ကုလားက –

"ဘယ်သူစောင့်အိပ်မှန်း မသိပါဘူး ဆရာကြီးရယ်..၊ ည ခုနစ်နာရီလောက်ကတည်းက အိပ်ဆေးသောက်ပြီး အိပ်သွားတာ..၊ အခု ဆရာကြီးတို့လာမှပဲ နိုးတာ.." ဟု လိမ်၍ပြောလိုက်လေ၏။ ထိုအချိန်၌မှပင် ပဋ္ဌမံဝင်းထိန် ရောက်လာလေ၏။ ၎င်းပဋ္ဌမံဝင်းထိန်အား အသင်းလူကြီး ဆရာမှဲ့က အကျိုးအကြောင်းကို ပြောပြလျှင် ၎င်းက

"မနေ့က တကယ်တာဝန်ကျတာက ကျွန်တော်ပါပဲ၊ ဒါပေမဲ့ ကြည့်မြင်တိုင်က လူနာပင့်ထားလေတော့ ကျွန်တော် မအိပ်နိုင်တဲ့ အကြောင်းကို ဟောဒီဆရာကိုစိန်ကုလားကို ခွင့်တိုင်ထားတယ်၊ အဲ ဒီလို ခွင့်လာတိုင်တဲ့အချိန်မှာပဲ ဆရာကိုမာဃရောက်လာလို့ ဆရာ ကိုမာဃက သူစောင့်အိပ်မယ်ဆိုပြီး အိပ်တော့တာပဲ၊ ဟောဟို[illegible] ဆေးတံနဲ့ ဆေးဘူးနဲ့ မီးခြစ်နဲ့..၊ သူ ကျန်ခဲ့တာ.." ဟု ဆို[illegible] ပဋ္ဌမံဝင်းထိန်သည် ကိုမာဃကျန်ခဲ့သော ဆေးတံ၊ ဆေးဘူးနှင့် မီးခြစ်ကို အသင်းလူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆရာမှဲ့ကို ယူ၍ပေး လိုက်လေ၏။ ထိုအခါ အသင်းလူကြီး ဆရာမှဲ့က–

"အဲဒါ ဘယ်လိုလုပ်ကြမလဲ. . ." ဟု မေးရာ ပဋ္ဌမ်ဝင်းထိန်က–

"ဂါတ်တွေဘာတွေလည်း တိုင်မနေပါနဲ့ ဆရာကြီးရယ်၊ ကျန်တဲ့ ဆရာတွေအားလုံး သိကြပါတယ်၊ ဆင်ကောင်ကြီးကို တွေ့မှတော့ ခြေရာလည်းရှာမနေနဲ့တော့ . . .၊ ဒါဟာ ကိုမာဃလက် ချက်ပဲ၊ သူဟာ ငွေလိုနေတယ်၊ ဒီသီတင်းကျွတ်မှာ မိန်းမယူမယ်လို့လည်း သတင်းကြားနေတယ်၊ အဲဒါကြောင့် အပိုင်ကြံသွားတာဖြစ်မယ်၊ အဲဒီတော့ သူ့ကိုပဲ အရေးယူရမယ်. . ."ဟုပြောလိုက်ရာ ကျန်သော ဆရာများကလည်း ပဋ္ဌမ်ပြောတာမှန်တယ်ဟု ထောက်ခံကြလေ၏။ ထိုအချိန်၌ အိပ်ရာထက်မှ ကိုစိန်ကုလားသည် ခေါင်းကိုထောင်၍ တစ်စုံတစ်ခုပြောမည်ဟု ကြံသော်လည်း ပဋ္ဌမ်ဝင်းထိန်သည် ၎င်း၏မျက်လုံးကို စိုက်၍ကြည့်လိုက်သောကြောင့် ကျောထဲတွင် စိမ့်ခနဲခံစားသွားရရှာလေ၏။ ထို့နောက် ဆရာကိုစိန်ကုလား၏ အသိဉာဏ်တွင် 'ပဋ္ဌမ်ဝင်းထိန်ဆိုတာ အရင်ကခါးပြတဲ့. . .၊ နောက်မှ ဆေးဆရာလုပ်တာတဲ့. . .၊ သတ်ရဲဖြတ်ရဲတယ်၊ ငါက ကျန်းမာတာမဟုတ်ဘူး၊ အမှန်အတိုင်းဖွင့်ပြောရင်တော့ တကယ်ကို သတ်မှာ. . .၊ ဘာဘဲဖြစ်ဖြစ် နှုတ်ပိတ်ရေငုံနေတာက သက်ဆိုးရှည်ဖို့ ရှိတယ်. . .' ဟု ဆုံးဖြတ်လိုက်ပြီးလျှင် တစ်စုံတရာဝင်၍မပြောတော့ဘဲ သက်ပြင်းတစ်ချက်ချကာ အိပ်စက်လိုက်လေတော့သတည်း. . .။ ။

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၈ )

# ကိုမာယကို အပြစ်ပေးပြီး

ထို့နောက်ဆရာမှဲ့က ဤသိကြားအသင်းကြီး၏ ဦးစီးနာယက ဖြစ်တော်မူကြကုန်သော ဘုန်းတော်ကြီးသုံးပါးကို ဆိုက်ကားဖြင့် သွားရောက်ပင့်ဆောင်ကာ အကျိုးအကြောင်းကို လျှောက်ထားလေတော့၏။ ဘုန်းတော်ကြီးများသည် ထိုအဖြစ်အပျက်ကိုကြားရလျှင် ဖွေနံစွာမှ စိတ်မကောင်းဖြစ်တော်မူကြလေ၏။ ထို့ကြောင့် ထိုသုံးပါးအနက် ဦးသုန္ဒ ဆိုသောဘုန်းတော်ကြီးက "တယ်ခက်ပါလားကွာ၊ သိကြားဆရာတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စောရက ပါနေတာကိုး၊ တို့ဆရာအဖွဲ့ဟာ စောရအဖွဲ့မဟုတ်ဘူး၊ မိုးဖျားက ဘိုးသိကြားအဖွဲ့ကွ၊ အဲဒီစောရကိုတော့ အမြန်ဆုံးမောင်းထုတ်မှ တော်မယ်ဟေ့. . ''ဟု မိန့်တော်မူလေ၏။ ထိုအခါ ဆရာတစ်ဦးက –

''ဘုန်းဘုရားမိန့်တာ မှန်ပါတယ်၊ ဒီလိုထုတ် ရုံထုတ်ပစ်လို့ကတော့ မသင့်တော်ပါဘူး၊ ကျောတစ်ရာ ရင်တစ်ရာ ရိုက်ပြီးမှ ထုတ်သင့်ပါတယ်. . ''ဟု လျှောက်ထားလေ၏. . ။ ထိုအခါ ဘုန်းတော်ကြီးဦးဇဝနက

''ကျောတစ်ရာ ရင်တစ်ရာရိုက်ရင် သေသွားမှာပေါ့၊ သေသွားရင် လူသတ်မှုတွေ ဘာတွေနဲ့ ရှုပ်ကုန်လိမ့်မယ်. . ''ဟု မိန့်တော်မူရာ ပဋ္ဌမ်ဝင်းထိန်က –

''တစ်ရာရိုက်ရင်တော့ သေမှာအမှန်ပါပဲ၊ ဒါပေမဲ့ မရိုက်လို့လည်း မဖြစ်ဘူး၊ အဲဒီတော့ ကျောဆယ်ချက် ရင်ဆယ်ချက်ရိုက်မယ်ဘုရား. . ၊ အဲဒါဆိုရင်တော့ မသေပါဘူး. . ''ဟု လျှောက်ထားလျှင် ဆရာမဲ့က –

''မသေဘူးလို့ ခင်ဗျား တာဝန်ယူသလား ကိုဝင်းထိန်. . ''ဟု မေးလိုက်ရာ ပဋ္ဌမ်ဝင်းထိန်က –

''ကျုပ်ရိုက်မယ်ဗျာ၊ သေရင် ကျုပ် တာဝန်ထားလိုက်. . '' ဟုပြောလျှင် –

''ဘာနဲ့ရိုက်မှာတုံး. . ''ဟု ဆရာမဲ့က မေးလေ၏။

''ဟောဟိုထုတ်တန်းပေါ်က ပိုက်ဆံကြိုးကို ခေါက်ပြီးရိုက်မယ်ဗျာ. . ''ဟု ပဋ္ဌမ်ဝင်းထိန်က အားတက်သရော ပြန်၍ဖြေလေ၏။ ထိုအခါ၌ အသင်း၏ လူကြီးဖြစ်သော ဆရာမဲ့သည် ထိုအမှုအား စစ်ဆေးရန်အတွက် အသင်းဝင်ဆရာနှစ်ဦးအား ကိုမာဃကို ခေါ်ခိုင်းလိုက်လေ





တော့၏။ အသင်းဝင်ဆရာနှစ်ဦးသည် ကိုမာဃနေထိုင်ရာ ပုသိမ်ညွှန့်ရပ်ကွက်ဆီသို့ သွားရောက်၍ ခေါ်ရလေ၏။ ထိုအချိန်၌မှာပင် အခြားသော အသင်းဝင်ဆရာများသည် တစ်ဖွဲ့ဖွဲ့ရောက်ရှိလာကြလေတော့၏။ မဇာလီသည် ရောက်ရှိလာသော လူများအား လက်ဖက်ရည်အချိုဖျော်၍တိုက်ရ၏။ မျှားမကြာမီ၌မှာပင် ကိုမာဃသည် သွားရောက်ခေါ်သောဆရာနှစ်ဦးနှင့်အတူ ရောက်ရှိလာလေ၏။

ဘုန်းတော်ကြီးသုံးပါးသည် ခေါင်းရင်းဘက်တွင် ထိုင်တော်မူ၏။ ဘုန်းတော်ကြီးသုံးပါး၏ ညာဘက်ခပ်ကျကျနေရာတွင် ဆရာမဲ့ထိုင်လေ၏။ ဘယ်ဘက်ခပ်ကျကျနေရာတွင် ပဋ္ဌမ်ဝင်းထိန်ထိုင်လေ၏။ ကျန်သောဆရာဆရာမများသည် စက်ဝိုင်းသဏ္ဌာန်ထိုင်လေ၏။ ကိုမာဃကြီးသည် စက်ဝိုင်း၏အလယ်ခေါင်တွင် ထိုင်နေရလေ၏။ ကိုမာဃကြီးသည် ဘုန်းတော်ကြီးများအား ရှိခိုးလိုက်၏။ လူအတော်များများ ရှိနေပါလျက် အသံဗလံများငြိမ်၍နေ၏။ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။ ထိုအချိန်၌ ပဋ္ဌမ်ဝင်းထိန်က –

''မနေ့ညက လူနာဦးစိန်ကုလားကို စောင့်ဖို့တာဝန်ဟာ ကျုပ်တာဝန်ပါပဲ၊ ဒါပေမဲ့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းအေးရွာက ကျုပ်ကိုလာပြီး ပင့်လေတော့ ကျုပ် မစောင့်နိုင်ဘူး၊ အဲဒီတော့ ကိုမာဃက ကျုပ်အစားစောင့်တယ်၊ မိုးလင်းတဲ့အခါမှာ ကိုမာဃကြီး ပြန်သွားတယ်၊ ဒီနေ့ဟာ အသင်းရဲ့ငွေတွေ ဘဏ်ကို အပ်ရမယ့်နေ့ဖြစ်လေတော့ အသင်းရဲ့ လူကြီး ဆရာမဲ့ဆီက သော့ကို ဘဏ္ဍာထိန်းက တောင်းပြီး မီးခံသေတ္တာကို ဖွင့်တဲ့အခါမှာ မီးခံသေတ္တာထဲမှာ ထည့်ထားတဲ့ အသင်းပိုင်ရွှေတွေရော ငွေတွေရော အားလုံးဟာ ပျောက်ဆုံးနေပါတယ်၊ အဲဒါကြောင့် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို ကိုမာဃ ခိုးယူတယ်လို့ ဟောဒီ သိကြားအဖွဲ့ဝင် ဆရာ ဆရာမအားလုံးက ယုံးစွပ်ပါတယ်..''ဟု ပြောလေ၏။ ထိုအခါ၌ ဆရာမှဲ့က –

''အဲဒီတော့ မာဃကြီး ဘာပြောချင်သလဲ..''ဟု မေးလိုက်လေ၏။ ကိုမာဃကြီးသည် တုန်လှုပ်ခြင်း၊ ရှက်ကြောက် ခြင်း၊ ကြံရာမရဖြစ်ခြင်း၊ ရင်တွင်း၌ ပူလောင်ခြင်းစသော ဝေဒနာမျိုးစုံကို ခံစားနေရသော မျက်လုံးများဖြင့် ဘုန်းတော်ကြီးသုံးပါး၏ မျက်နှာကိုလည်းကောင်း၊ အသင်းလူကြီး ဆရာမှဲ့၏မျက်နှာကိုလည်းကောင်း၊ ပဒ္မမံဝင်းထိန်၏ မျက်နှာကိုလည်းကောင်း၊ အခြားသော ဆရာ ဆရာမများ၏ မျက်နှာကိုလည်းကောင်း လိုက်လံကြည့်ရှုနေလေ၏။ နောက်ဆုံးတွင် မဖောလီ၏မျက်နှာကို ကြည့်လိုက်လေရာ မဖောလီသည် မဲ့၍ပြုလိုက်လေ၏။ ထိုအချိန်၌ မှာပင် ဆရာမှဲ့က –

''မေးတာဖြေလေ မာဃရဲ့...'' ဟု ပြောလိုက်ပြန်၏။ ထိုအခါ ကိုမာဃသည် အားတင်း၍

''ညက ကျွန်တော် လူနာစောင့် အိပ်တယ်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ မီးခံသေတ္တာနားကို မသွားခဲ့ပါဘူး။ ညရှစ်နာရီလောက်ကတည်းက ကျွန်တော်ဟာ လိပ်ပြာလွင့်သွားပါတယ်၊ မနက်အရုဏ်တက်ခါနီးမှ သတိပြန်ပြီးလည်လာပါတယ်၊ ဒါကြောင့် မီးခံသေတ္တာထဲက ရွှေတွေ ငွေတွေ ဘယ်လိုပျောက် ဆုံးသွားတယ်ဆိုတာတော့ ကျွန်တော် မပြောနိုင်ပါဘူး...''ဟု ပြောလိုက်လေ၏။ ထိုအခါ ပဒ္မမံဝင်းထိန်က–

''ဒီအမှုဟာ ဂါတ်ကိုတိုင်ကြားရမယ့်အမှုပဲ၊ ဒါပေမဲ့ ဂါတ်ကို တိုင်ရင် ဒီမှာရှိတဲ့ ဆရာဆရာမတွေ အားလုံးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ဖို့ရှိ





တယ်၊ ဒါကြောင့် ဂါတ်ကိုမတိုင်ဘဲ အဖွဲ့မှာရှိတဲ့ဆရာ ဆရာမတွေကပဲ စစ်ဆေးဆုံးဖြတ်မယ်၊ အဲဒါကို ကိုမာဃအနေနဲ့ လက်ခံသလား..''ဟု မေးလေ၏။ ထိုအခါ ကိုမာဃက

''လက်ခံပါတယ်ခင်ဗျာ၊ ကြိုက်သလို ဆုံးဖြတ်ပါ၊ ကြိုက်သလို အပြစ်ပေးပါ၊ ဒီက ပျောက်သွားတဲ့ရွှေတွေ ငွေတွေ ကျုပ်အိမ်မှာရှိ မရှိ ရှာဖွေနိုင်ပါတယ်၊ ဟောဒီမှာ ကျုပ်အိမ်သော့..''ဟုဆိုကာ သော့ကို ဆရာမှဲ့၏လက်သို့ အပ်လိုက်လေ၏။ ဆရာ မှဲ့လည်း ဆရာနှစ်ဦးအား ကိုမာဃ၏အိမ်တွင်သွားရောက်ရှာဖွေရန် သော့ကိုပေး၍ စေလွှတ်လိုက်လေ၏။ ထိုအချိန်၌မှာပင် ဘုန်းတော်ကြီးဦးသုန္ဒရက –

''အာဒိန္နဒါနကံ ကျူးပေါက်ခြင်း၏ အပြစ်ကြီးမားပုံကို ဟောပြောလေတော့၏။ အဖွဲ့သူအဖွဲ့သားများလည်း ငိုက်သူက ငိုက်၊ သန်းသူက သန်း၊ အပေါ့သွားရန်အကြောင်းပြ၍ အပြင်ထွက်သူက ထွက်လုပ်ကြလေ၏။ ကိုမာဃတစ်ဦးသာလျှင် ဦးသုန္ဒရ၏တရားကို အာရုံစိုက်၍ နာကြားနေလေ၏။ များမကြာမီ၌မှာပင် ကိုမာဃ၏အိမ်ကို သွား၍ရှာသော ဆရာနှစ်ဦး ပြန်ရောက်၍လာပြီးလျှင် တစ်စုံတစ်ရာမတွေ့ကြောင်း ပြောကြားလေ၏။ ထိုအခါ၌ ပဒ္မမံဝင်းထိန်က –

''ဆရာ ဆရာမတွေမအားလုံး အထဲဝင်ပါ၊ အမှုကိုဆက်ပြီး စစ်ရမယ်..'' ဟု ပြောလိုက်သောကြောင့် အပြင်ထွက်နေသော ဆရာ ဆရာမများလည်း သူ့ထက်ငါ အထဲသို့ဝင်ကြလေ၏။ ထိုအခါ၌ ပဒ္မမံဝင်းထိန်ကပင် –

''ဘယ်လိုပဲဖြစ်ဖြစ် အသင်းပိုင် ရွှေတွေ ငွေတွေပျောက်ဆုံးသွားမှုမှာ ကိုမာဃအပေါ်မှာပဲ ကျုပ်အနေနဲ့ အပြစ်ပုံချပါတယ်၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဆရာမတွေရဲ့ သဘောထားကို သိချင်ပါတယ်..'' ဟု ပြောလိုက်လျှင် ဆရာ ဆရာမများသည်

''ပဌမ်ဝင်းထိန်ပြောတာ ဟုတ်ပါတယ်'' ဟု ထောက်ခံကြကုန်၏။ ထိုအခါ ပဌမ်ဝင်းထိန်က –

''အပြစ်ရှိကြောင်း ထင်ရှားနေပြီ ကိုမာဃ၊ အဲဒီတော့ အသင်းပိုင် ရွှေတွေ ငွေတွေကို ပြန်ပြီးလျော်ပါ..''ဟုပြော လိုက်ရာ ကိုမာဃသည် စိတ်ပျက်အားငယ်သော မျက်နှာဖြင့် –

''ကျုပ် မလျော်နိုင်ပါဘူး၊ လျော်စရာလည်း မရှိပါဘူး၊ ဒီတော့ ကျုပ်မခိုးဘူး..'' ဟု ပြောလိုက်လျှင် ပဌမ်ဝင်းထိန်က –

''ဒီမှာ ကိုမာဃ၊ အဲဒီပစ္စည်းတွေကို မလျော်ရင် ခင်ဗျားကို အပြစ်ဒဏ်နှစ်ခု ချမှတ်ရလိမ့်မယ်၊ တစ်ခုက ကျုပ်တို့ ဆေးဆရာများရဲ့ သိကြားအဖွဲ့က ထုတ်ပစ်ရမယ်၊ နောက်တစ်ခုက ဟောဟိုကြိုးနဲ့ ခင်ဗျားရဲ့ ကျောနဲ့ရင်ကို ဆယ်ချက်စီရိုက်ရမယ်၊ အဲဒီအပြစ်ဒဏ်ကို ဟောဒီမှာရှိတဲ့ ဆရာဆရာမများက သဘောတူပါသလား'' ဟု မေးလိုက်ရာ ဆရာ ဆရာမများက –

''တူပါတယ်..''ဟု ဝိုင်းဝန်း အော်ဟစ် ကြလေ၏။ ထိုအခါ၌ ကိုမာဃကြီးအား ဆရာနှစ်ဦးက လက်နှစ်ဘက်ကိုကိုင်၍ ဆောင့်၍ ဆွဲကာ ထမင်းစား စားပွဲခုံပေါ်တွင် မှောက်လိုက်လေ၏။ ထိုစားပွဲခုံကလေးမှာ ကိုမာဃက မဇာလီအား ပညာသင်ရန် အသုံးပြုခဲ့သော စားပွဲခုံကလေးဖြစ်၏။ ပဌမ်ဝင်းထိန်သည် ထုတ်တန်းမှ ပိုက်ဆံကြိုးကို ယူပြီးနောက် ခေါက်၍ကိုင်ကာ ကိုမာဃအား အင်္ကျီချွတ်စေပြီးလျှင် 'ရွှမ်းကနဲ၊ ရွှမ်းကနဲ' မြည်အောင် ရိုက်လေတော့၏။ ရိုက်ချက်များမှာ ပြင်းထန်လွန်း





လှသောကြောင့်တစ်ချက်ရိုက်တိုင်း ကိုမာဃ၏နောက် ကျောတွင် သွေးကြည်များဥကာ အနီစင်းကြီးများ ထင်သွားသကဲ့သို့ အချို့နေရာများမှာ ပေါက်ပြဲကာ သွေးများပင် ထွက်လာလေတော့၏။ ကျောကို ဆယ်ချက်ရိုက်ပြီးနောက် လက်ကိုကိုင်ထားသော ဆရာနှစ်ယောက်က ကိုမာဃကြီးအား ပက်လက်ဆွဲ၍ လှန်လိုက်ကြပြန်၏။ ထိုအခါ ပဌမ်ဝင်းထိန်သည် ရင်ဘတ်ကိုကြိုးဖြင့် ဆယ်ချက်ရိုက်ပြန်၏။ ကိုမာဃကြီး၏ပါးစပ်မှ သွေးများ ပန်းထွက်လာ၏။ ဘုန်းတော်ကြီးသုံးပါးနှင့် ဆရာမွဲမှာမူ ထိုမြင်ကွင်းကို မကြည့်လိုသောကြောင့် စတင်၍ ရိုက်မည်ပြုစဉ် ကပင် ပြန်သွားကြပြီဖြစ်၏။ ထို့နောက် ပဌမ်ဝင်းထိန်က –

''ကဲ..ဟောဒီမှာ လူယုတ်မာ၊ တံတွေးနဲ့ ဝိုင်းထွေးကြ၊ ဒီလိုကောင်မျိုးက ဝိဇ္ဇာလမ်းလိုက်နေတယ်တဲ့၊ ဝိဇ္ဇာတော့ မဖြစ်ဘူး။ ဝါဖိတ်ပဲဖြစ်မယ်၊ အဲဒီတော့ ဒီကောင်ဟာ မာဃဝါဖိတ်..''ဟု ကျယ် လောင်စွာ အော်ဟစ်လိုက်ရာ ကိုမာဃ၏နားထဲတွင် ပဌမ်ဝင်းထိန်၏ နောက်ဆုံးစကားဖြစ်သော 'မာဃဝါဖိတ်' ဟူသော အသံသည် ပဲ့တင်ထပ်၍ မြည်ဟီးသွားလေတော့သတည်း။

''မာဃဝါဖိတ်...

မာဃဝါဖိတ်...

မာဃဝါဖိတ်...

မာဃဝါဖိတ်...

မာဃဝါဖိတ်...''

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

# ကိုမာဠလိရောက်လာခြင်း

ကိုမာဃကြီးသည် သတိလစ်မေ့မျောသွားပြီဖြစ်၏။ ဆေးဆရာနှစ်ဦးသည် ကိုမာဃကြီးအား ဆိုက်ကားနှစ်စီးငှားကာ ၎င်း၏အိမ်သို့ ပြန်ပို့လေ၏။ အိမ်ရှေ့သို့ရောက်လျှင် ဆိုက်ကားပေါ်မှ နှစ်ယောက်ပွေ့ကာ အိမ်တံခါးကိုဖွင့်၍ ကိုမာဃအား မြေကြီးပေါ်သို့ ချပစ်ခဲ့ပြီးလျှင် ဆိုက်ကားများဖြင့်ပြန်လာခဲ့လေ၏။ အသင်းသို့ ပြန်ရောက်သောအခါ၌ ပဋ္ဌမင်းထိန်သည် သဘော်ဆေးဖြင့် အထပ်ခိုး၏ ခါးပန်းတွင် စာများရေးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာတစ်ဦးက ပဒ္မမံဝင်းထိန်အား –

“ဘာလုပ်တာလဲ . . ”ဟု မေးရာ ပဒ္မမံဝင်းထိန်က –

“ဒီအဖြစ်အပျက်ကို သီကြားဆရာတွေ အားလုံး မှတ်မိနေအောင် ခါးပန်းမှာ စာတန်းတာဗျ . . ”ဟုပြောပြီးလျှင် လက်ဖက်ရည်ပန်းကန်ပြား အရွယ်စာလုံးကြီးများဖြင့် ခါးပန်းတွင် အောက်ပါစာကို ရေးလိုက်လေ တော့၏။

> *မာဃဝါဒိတ်ကို သီကြားအဖွဲ့မှ*
> *ထုတ်ပယ်ပစ်လိုက်သည်။*
> *ဝါဆိုလဆုတ် (၃) ရက်၊ စနေနေ့*

* * *

ကိုမာဃသည် ပြန်လည်သတိရလာပြီဖြစ်၏။ ကျောနှင့်ရင်ဘတ်မှာ လွန်စွာနာကျင်လွန်းလှသဖြင့် လဲနေရာမှပင် မထနိုင်ပေ။ သူသည် ခံနိုင်ရည်ရှိသောလူဖြစ်သည့်အားလျော်စွာ ကြိုးစား၍ ကုန်းရုန်းထလေ၏။ သို့ရာတွင် ပါးစပ်တွင်းမှ သွေးများ အန်ထွက်နေ၏။ မတ်တတ်ရပ်သောအခါ၌ ဒယိမ်းဒ ယိုင်ဖြင့်လျှောက်ကာ ၎င်းကိုယ်တိုင် ဖော်စပ်ထားသောဆေးကို သောက်လေ၏။ ထိုဆေးမှာ လွန်စွာအစွမ်းထက်သော ဆေးကောင်းတစ်လက်ဖြစ်၏။ ထိုဆေးကို သောက်လိုက်ရာ သွေးအန်ခြင်းသည် ရပ်သွားလေတော့၏။ ထို့နောက် ၎င်း၏အဖြစ်ကို ၎င်း ဘာသာတွေးရင်း ဝမ်းနည်းခြင်းဖြစ်ကာ မျက်ရည်များစို့လာ၏။ သို့ရာတွင် အံကိုကြိတ်၍





တင်းလိုက်သောကြောင့် မျက်ရည်များသည် မျက်လုံးအိမ်မှ ထွက်ကျလာခြင်းမရှိတော့ပေ။ ပန်းပဲအလုပ်ကိုလည်း မလုပ်နိုင်ရုံမျှမက အိပ်ရာထဲတွင် ဘုန်းဘုန်းသားလဲသော လူမမာအဖြစ်သို့ ရောက်သွားလေတော့၏။

တစ်လခန့်ကြာသောအခါ၌ ၎င်းထံသို့ ဆရာကိုမာဠလိရောက်လာလေ၏။ ဆရာကိုမာဠလိသည် ကိုမာဃကိုမြင်လျှင် လွန်စွာစိတ်မကောင်းဖြစ်၍သွားလေ၏။ ကိုမာဃလဲလျောင်းနေသော အိပ်ရာအနီးသို့ လာကာ ကိုမာဠလိက –

“ကျုပ် အားလုံးကြားပြီးပါပြီ ကိုမာဃ၊ သီကြားအဖွဲ့ကို မနက်က ကျုပ်ရောက်တယ်ဗျ။ ခင်ဗျားကို အဖွဲ့ကထုတ်ပစ်လိုက်တဲ့အကြောင်း ခါးပန်းမှာ စာတန်းထားတာလည်း တွေ့ရတယ်၊ ခင်ဗျားမှာ ဒီလိုအကျင့်စာရိတ္တမရှိဘူးဆိုတာ ကျုပ်ကောင်းကောင်းသိပါတယ် ကိုမာဃ၊ ခင်ဗျားအကြောင်းကိုလည်း အဖွဲ့က ဆရာတွေက မကောင်းပြောနေကြတယ်၊ အဆိုးဆုံးကတော့ ပဒ္မမံဝင်းထိန်နဲ့ မဖောလိပဲဗျ။ မဖောလိဟာ ခင်ဗျားကို တကယ့်သူခိုးကြီးဖြစ်အောင် ပြောနေတယ်၊ ကျုပ်အထင်တော့ သူခိုးကလူဟာစ်နေတယ်ထင်တယ်ဗျ။ အဖွဲ့ပိုင်ပစ္စည်းတွေခိုးတာဟာ မဖောလိနဲ့ယူမယ့် ပဒ္မမံဝင်းထိန်ဖြစ်ရမယ်ဗျ။ ဒါပေမဲ့ ကိုယ့်ဘက်က လက်ဆုပ်လက်ကိုင်မပြနိုင်ဘူးလေဗျာ၊ ခင်ဗျားမှာ ပြုစုမဲ့လူလည်းမရှိ ဒီလိုတစ်ယောက်တည်း အိပ်ရာထဲမှာ ဘုန်းဘုန်းလဲနေလို့ မဖြစ်ဘူးဗျို့၊ ကျုပ်တို့ရွာကို လိုက်နေဗျာ၊ ဒီအိမ်ကိုလည်း ရောင်းပစ်လိုက်တော့၊ ကျုပ်လည်း သီကြားအဖွဲ့ကထွက်ပြီဗျာ၊ ထွက်စာတွေ ဘာတွေလည်းမတင်ဘူး၊ ဒါပေမဲ့ မသွားတော့ဘူးဗျာ၊ အဲဒီတော့ ဒီလိုလုပ်ဗျာ၊ ခင်ဗျားကို ဆန်ပြုတ်ပြုတ်တိုက်ဖို့၊ ပြုစုဖို့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသူနာ ပြုတစ်ယောက် ကျုပ် ငှားပေးခဲ့မယ်၊ ကျုပ်ရွာပြန်မယ်၊ ဟိုမှာက ကျောက်ဆေးထိုးဖို့ အလုပ်က ကျန်သေးတယ်ဗျ၊ ဒီအတောအတွင်းမှာ ခင်ဗျားအိမ်ကို ရောင်းထားနှင့်၊ လကုန်ရင် ကျုပ်လာပြီးခေါ်မယ်၊ ကျုပ်တို့ရွာက သူကြီးဦးကြက်ဆန်ကွဲကိုလည်း ခင်ဗျားနေဖို့အတွက် ပြောထားမယ်ဗျာ၊ မကောင်းဘူး လား..''ဟု ပြောလေ၏။ ထိုအခါ ကိုမာဃက –

''ကျုပ်လည်း ဒီမှာမနေချင်တော့ပါဘူးဗျာ၊ ဝေးရာကို သွားချင်ပြီ ကိုမာဃလီစီမံတာကို လိုက်နာရမှာပေါ့၊ အဲဒီတော့ ဒီလိုလုပ်ဗျာ၊ အိမ်ပွဲစားလုပ်တဲ့ မမြလေးဆိုတဲ့ မိန်းမက ကျားကွက်သစ်ရပ်ကွက်ထဲက စိတ္တသုခလမ်းမှာ နေတယ်ဗျ၊ ကျုပ်တို့ သိကြားအသင်းတိုက်ရဲ့ ဟိုဘက်လမ်းဗျ၊ သူ့ကိုသွားရှာပြီး ဒီကိုခေါ်လာခဲ့ဗျာ၊ အိမ်ရောင်းမယ့်ကိစ္စကို သူ့ကို အပ်ရမယ်ဗျ..''ဟု ပြောလေတော့၏။

''စိတ်ချ ကိုမာဃ၊ ကျုပ်အခုပဲသွားမယ်၊ ခင်ဗျားအတွက် သူနာပြုလည်းရှာလာခဲ့မယ်၊ ဆန် ပြုတ်နဲ့သောက်ဖို့ ငါးခြောက်တွေ ဘာတွေလည်း ဝယ်ခဲ့မယ်၊ အိမ်ပွဲစားမမြလေးကိုလည်း ခေါ်ခဲ့မယ်၊ ဘာမှအားမငယ်ပါနဲ့ဗျာ၊ ကိုမာဃကြီးအနားမှာ မာဃလီရှိတယ်..''ဟုပြောဆိုကာ ကိုမာဃလီသည် ထွက်သွားလေတော့၏။

ညပိုင်းသို့ရောက်သောအခါ ကိုမာဃလီ သည် ပြန်ရောက်လာလေ၏။ သူ၏လက်ထဲတွင် အထုပ်အပိုးများပါလာ၏၊ ထို့အတူ ယောက်ျားသူနာပြုတစ်ဦးနှင့် အိမ်ပွဲစားမမြလေးလည်းလိုက်ပါလာလေ၏။ ကျွန်ုပ်သည် အိမ်ပွဲစား မမြလေးအား 'ဒီလအတွင်း အိမ်ကိုရောင်းလိုကြောင်း၊ ဈေးမည်ရွေ့မည်မျှရလိုကြောင်း' ပြော၍ အပ်လိုက်လေတော့၏။ မမြလေးက





လည်း'ဖြစ်အောင် လုပ်ပေးပါမယ်တော်..'ဟုပြောဆိုကာ ပြန်သွားလေ
တော့၏။ ယောက်ျားသူနာပြုမှာ ကျွန်ုပ်အား ဆရာဝန်ပြရန် တိုက်တွန်းလေ
၏။ ထိုသူနာပြု၏အမည်မှာ ကိုအေးမြင့် ဟူ၍ဖြစ်၏။ လွန်စွာမှ စိတ်ရင်း
ကောင်းသူဖြစ်၏။ ကိုအေးမြင့်၏ တိုက်တွန်းမှုကြောင့် ဒေါက်တာ မဖွန်းဒါး
ဆိုသောဆရာဝန်ကြီးအား ပြသရလေတော့၏။ ထိုဆရာဝန်ကြီးသည်
ကျွန်ုပ်အား ဂရုတစိုက်ကုသပေးရှာ၏။ ကျွန်ုပ်အားတိုက်ရမည့်ဆေးများကို
လည်း ကိုအေးမြင့်အား ညွှန်ကြားပေးလေ၏။ ကိုမာဃလီလည်း ကျွန်ုပ်၏
စားရေးသောက်ရေးအတွက် ကိုအေးမြင့်နှင့်တိုင်ပင်ကာ –

''ကိုမာဃရေ..၊ လကုန်တဲ့နေ့မှာပဲ ကျုပ်အရောက်လာပြီးခေါ်
မယ်ဗျာ၊ ပစ္စည်းတွေဘာတွေ သိမ်းထားပေတော့''ဟု ပြောဆိုကာ ပြန်သွား
လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၀ )

# ကျောက်တုံးအိမ်ကလေးဆောက်ပြီ

ကိုမာဃသည် ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်းထား၏။ အိမ်ကိုလည်းရောင်းချပြီးပြီဖြစ်၏။ ပန်းပဲဖိုတွင်သုံးသော ပစ္စည်းများကိုမူ တစ်နေရာတည်းတွင် တစ်စုတဝေးတည်း ပုံ၍ထား၏။ လကုန်သောအခါ၌ ကိုမာဋ္ဌလိသည် ကုန်တင်ကားတစ်စီးဖြင့် ရောက်လာ၏။ ကိုမာဃသည် ထိုကုန်ကားကြီးဖြင့်ပင် ကိုမာဋ္ဌလိနေထိုင်ရာ ရိုးမတောင်ခြေရှိ ရန်မလို ရွာကလေးသို့ အပြီးအပိုင် ပြောင်းရွှေ့လာခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုမာဃတို့ကားကြီး ရွာထိပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ... ထိုရွာ၏ သူကြီးဖြစ်သော ဦးကြက်ဆန်ကွဲက –

"မာဋ္ဌလိရေ.. မင်းလူကို ရွာထဲမှာမထားနဲ့ကွာ...၊ ရွာရဲ့မြောက်ဘက် စမ်းချောင်းကလေးနားမှာ နေရာချပေးလိုက်၊ ဘာကြောင့်ဒီလိုပြောရသလဲဆိုတော့ ရပ်ရွာကိစ္စတွေဘာတွေလည်း မင်းလူက လုပ်မှာမဟုတ်ဘူးကွ..၊ ငွေတွေဘာတွေ ကောက်စရာရှိရင်လည်း မကောက်ဘူးကွာ...၊ သူ့ကို ရွာရဲ့ မင်းကြေးလွတ်သဘောထားမယ်၊ ရပ်ရွာအလုပ်တွေလည်းမနိုင်းဘူး၊ ရပ်ရွာအတွက်ထည့်ရမယ့် ငွေကြေးတွေလည်းမကောက်ဘူး၊ မကောင်းဘူးလား.." ဟုပြောလေ၏။ ထိုအခါ ကိုမာဋ္ဌလိက –

"သူကြီးကြိုက်သလို စီမံပါလေ..၊ ကျုပ် မိတ်ဆွေ နေခွင့်ရတာကိုပဲ ကျုပ်က ကျေးဇူးတင်လှပါပြီ.." ဟု ပြန်၍ပြောလေ၏။ ထို့ကြောင့်ကိုမာဋ္ဌလိသည် ရွာ၏မြောက်ဘက်အစွန် စမ်းချောင်းကလေး အနီးသို့ကားကိုမောင်းစေပြီးလျှင် ကိုမာဃ၏ ပစ္စည်းများကို ချရလေ၏။

"ကိုမာဃရေ. လောလောဆယ်တော့ တစ်ဖက်ရပ်တဲကလေးထိုးပြီးနေရမှာပဲ၊ ပြီးတော့မှ အမြဲနေဖို့ အိမ်ကိုစီမံရမယ်ဗျ.." ဟု ကိုမာဋ္ဌလိက ပြောလေ၏။

"ကောင်းပါတယ် ကိုမာဋ္ဌလိရယ်၊ စမ်း ချောင်းနဲ့ နီးနီးနေရတယ်ဆိုတော့ ရေအတွက်လည်း မပူရတော့ဘူး ..." ဟု ကိုမာဃက ပြောလေ၏။ ထို့နောက် ကိုမာဋ္ဌလိသည် ရွာသားနှစ်ယောက်ကို ခေါ်ကာ ကိုမာဃအတွက် တစ်ဖက်ရပ်တဲကလေး ထိုးပေးလေ၏။ ဦးကြက်ဆန်ကွဲမှာမူကိုမာဃအား နေရာချပေးပြီးနောက် ရွာတွင်းသို့ ပြန်၍ဝင်သွားပြီဖြစ်၏။

ရွာတွင်း၌ကား ကိုမာဃနှင့်ပတ်သက်သော သတင်းသည် ပျံ့နှံ့





သွားပြီဖြစ်၏။ ရွာလယ်ရေတွင်းတွင် ရေခပ်နေသော မိန်းမများသည်လည်း ကိုမာဃအကြောင်းကို ပြောနေကြ၏။ လူအမြဲတမ်းစုဝေးသော ရွာလယ်ဇရပ်ကြီး၌လည်း ကိုမာဃအကြောင်းကို ပြောနေကြပြီဖြစ်၏။ ရွာဦးကျောင်း၌လည်း ဆရာတော်နှင့် ဒကာအချို့သည် ကိုမာဃအကြောင်းကို ပြောဆိုနေကြလေ၏။

ထိုသို့ပြောဆိုနေကြသော်လည်း အမှန်စင် စစ်အားဖြင့် ထိုသူအားလုံးသည် ကိုမာဃကို မမြင်ဖူး မတွေ့ဖူး..၊ ကိုမာဃအကြောင်းကိုလည်းမသိကြ...။ ထိုသို့မသိပါဘဲလျက် ဂဃနဏပြောဆိုနေကြ၏။ မိန်းမကြီးတစ်ဦးကမူ အကြော်ဆိုင်တွင် –

"အရပ်ကတို့ရေ...၊ ကျောက်ထိုးဆရာ မာဋ္ဌလိကမြို့က မောင်းထုတ်တဲ့ မှော်ဆရာတစ်ယောက်ကို တို့ရွာကို ခေါ်လာသတဲ့တော်...၊ ငါက မှော်ဆရာကို မမြင်ဖူးလို့သွားကြည့်တာ ကြောက်စရာကြီး..၊ ဆံပင်ကလည်း အရှည်ကြီး၊ မုတ်ဆိတ်တွေ နှုတ်ခမ်းမွေးတွေကလည်းအရှည်ကြီး...၊ အင်္ကျီဘောင်းဘီပွပွကြီးလည်း ဝတ်ထားတယ်၊ မျက်နှာကြီးကလည်း သုန်သုန်မှုန်မှုန်နဲ့...၊ တို့ ရန်မလို ရွာကလူတွေကိုပြုစားလိမ့်မယ်ထင်တယ်.." ဟုပြောလေ၏။ ရွာဦးကျောင်းဆရာတော်ကလည်း –

"မာဋ္ဌလိနဲ့ ကြက်ဆန်ကွဲတို့ကတော့ အသိဉာဏ်ကို မရှိပါဘူး၊ ကိုယ့်ရွာလေး အေးအေးချမ်းချမ်းဖြစ်နေတာ.. မှော်ဆရာကို ခေါ်လာရသတဲ့...၊ ဓာရဏာပရိတ်ကလေးဘာလေး ရွတ်ကြဟေ့...၊ ရတနသုတ်လည်းကောင်းတယ်၊ အကြမ်းသရဲတွေကို နိုင်တယ်နော် ...၊ သေချာရွတ်ကြ.." ဟု မိန့်တော်မူလေ၏။ ကိုမာဃသည် စမ်းချောင်းကလေးနား



www.burmeseclassic.com

www.burmeseclassic.com



တွင် ကုန်းကလေးဖို့လေ၏။ အလုပ်သမားလည်း ငှား ၍မရသောကြောင့် ကောင်းစွာမကျန်းမာသည့်ကြားကပင် ကိုယ်တိုင်မြေတူး၊ ကိုယ်တိုင် မြေသယ်လုပ်ကာ ကုန်းဖို့လေ၏။

ထို့နောက် ကျောက်တူးသမားများ တူး၍ ကျန်ခဲ့သော လိပ်သဲ ကျောက်များကို တဖြည်းဖြည်းချင်းကောက်ယူ၍ စုဆောင်းပြီးလျှင် ဘိလပ် မြေဝယ်ကာ တွဲစပ်၍ ကျောက်တုံးအိမ်ကလေးတစ်လုံးဆောက်လုပ်လေ တော့၏။ အိမ်ကလေးမှာ အတော်အတန် ကျယ်၏။ ပန်းပဲဖိုနေရာကလေး ကိုလည်း သီးခြားလုပ်၏။ စမ်းချောင်းကလေးကို ကူးရန်အတွက် တံတား ကလေးတစ်ခုလည်း စီမံရလေ၏။ ခန့်မိုးလျှင် နှစ်စဉ်ပြုပြင်ရမည်စိုး သောကြောင့် ကိုမာဋ္ဌလိအား အုတ်ကြွပ်များ ဝယ်နိုင်းပြီးလျှင် သူ၏ ကျောက်တုံးအိမ်ကလေးတွင် အုတ်ကြွပ်များ မိုးလိုက်လေတော့၏။

ကိုမာဃသည် သူ၏ကျောက်တုံး အိမ်ကလေးတွင် ပြတင်း ပေါက်များစွာ ဖောက်ထား၏။ ပန်းပဲဖိုရှိသောကြောင့် အုတ်ဖြင့်ပြုလုပ်သော မီးခိုးခေါင်းတိုင်တစ်ခုလည်း အမိုးတွင် စီမံထားလေ၏။

ရိုးမနှင့် ကပ်လျက်ရှိသောကြောင့် ဆောင်းဥတုများတွင် လွန်စွာ ချမ်းအေးမည်ဖြစ်ရာ အိမ်မကြီး၍လည်း မီးလင်းဖိုတစ်ဖို ပြုလုပ်လျက် မီးခိုးခေါင်း တိုင်တစ်ခုစီမံထားပြန်၏။

လွန်စွာကြီးမားသော ကုက္ကိုပင်ကြီးတစ်ပင် သည် ကိုမာဃ၏ အိမ်ပေါ်တွင် မိုးလျက်ရှိရာ နွေရာသီအဖို့ ပူလောင်ခြင်းမရှိဘဲ နေနိုင်မည် ဖြစ်၏။

ကိုမာဃသည် ထိုအိမ်ကလေး ဆောက်လုပ်ရန်အတွက် အချိန် ၂လကျော်ကျော်ကြာလေ၏။ ထိုရွာကလေးမှထွက်၍ ရန်ကုန်မန္တလေး





ကားလမ်းပေါ်ရှိ ရွာတန်းရှည်ကလေးတစ်ခုသို့ ဝင်ကာ ကိုချစ်မြိုင်ဆိုသော တောလက်သမားတစ်ဦးကို သူ၏ လက်ထောက်အဖြစ် ငှားရမ်းခဲ့ရလေ၏။

သူသည် ကောင်းစွာမကျန်းမာသည့်ကြားကပင် သူနေထိုင်ရန် အိမ်ကလေးတစ်လုံးကို ကြိုးစား ပမ်းစားဆောက်လုပ်ခဲ့၏။ အလုံးစုံပြီး သောအခါ၌ အိမ်၏ခြံစည်းရိုးကိုလည်း ကျောက်တုံးများဖြင့်ပင် စီမံလေ၏။

ကိုမာဋ္ဌလိမှာမူ မကြာခဏ ရောက်လာပြီးလျှင် လိုအပ်သည်များ ကို ကူညီလေ၏။

"ဒီလို ကိုမာဃရဲ့...၊ ကျုပ်တို့ ရွာကလေးက ရိုးမတောင်ခြေ မှာဗျ၊ ရန်ကုန် မန္တလေး ကားလမ်းရောက်အောင်က ဒီရွာကနေ လမ်း ဖောက်ထားတာ ငါးမိုင်ကျော်ကျော်လောက်ရှိတယ်လေ...၊ အဲဒီကို ရောက်အောင်သွားပြီးရင် မြန်မာတစ်ပြည်လုံး ခင်ဗျား သွားချင်တဲ့နေရာ ကို သွားလို့ရပြီဗျ၊ ရွာကနေ ကားလမ်းအထိသွားဖို့တော့ စက်ဘီး ကလေး တစ်စီးဝယ်ထားဖို့ လိုမယ်ထင်တယ်၊ ဒီကနေ စက်ဘီးစီးသွား...၊ လမ်းထိပ် ကားလမ်းမှာကျတော့ တရုတ်ကြင်စိန်ရဲ့ ကုန်စုံဆိုင်ကြီးရှိတယ်၊ အဲဒီမှာ စက်ဘီးကိုအပ်ခဲ့ ပြီးတော့ လာတဲ့ကုန်ကားပဲဖြစ်ဖြစ်၊ ခရီးသည် တင်ကားပဲ ဖြစ်ဖြစ်...တားစီးပြီး ရန်ကုန်ဘက်ကိုလည်း သွားလို့ရတယ်၊ တောင်ငူ ဘက်ကိုလည်း ထွက်လို့ရတယ်၊ ပြန်လာရင် အဲဒီလမ်းထိပ် ကုန်စုံဆိုင် ရှေ့မှာဆင်း..၊စက်ဘီးကိုယူ..စက်ဘီးကလေးနင်းပြီး အေးအေးဆေး ဆေးပြန်လာခဲ့ရုံပဲ၊ ဟန်မကျဘူးလား" ဟု ကိုမာဋ္ဌလိက ပြောလေ၏။

"စက်ဘီးတွေ ဘာတွေမလိုပါဘူး ကိုမာဋ္ဌလိရယ်...၊ ဒီလောက် ခရီးကတော့ မာဃကြီး လျှောက်နိုင်ပါတယ်၊ လမိုက်ရက်တွေမှာတော့ သာမှမြင်ရမှာမဟုတ်ဘူး၊ အဲဒီတော့ လက်ဆွဲမှန်အိမ်ကလေးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ အမြဲဆောင်သွားရမယ်ဗျ။ ပြန်လာလို့ မှောင်ရင် မှန်အိမ်ကလေး ဆွဲပြီး ပြန်လာရုံပေါ့ဗျာ၊ ခြေကင်းလက်ကင်းအတွက်ကတော့.. ဝါးကျစ်တုတ် ရှည်ရှည်တစ်ချောင်းကို တစ်ဖက်က ကြေးအခွေးတပ်ထားမယ်ဗျာ..၊ တစ်ဖက်က မှိန်းအခွလေးတပ်ထားရင် လုံလောက်ပါတယ်.." ဟု ကိုမာဃက ပြန်၍ပြောလေ၏။

"ခင်ဗျားကိုတော့ ကျုပ်တို့ ရန်မလို ရွာက လူတွေက မှော်ဆရာ အောက်မေ့နေကြတာ..၊ ဒါကြောင့် ခင်ဗျားနားကို မလာရဲကြဘူး မလှမ်းမကမ်းကပဲ တစေ့တစောင်းချောင်းမြောင်းကြည့်ရှုနေကြတာ." ဟု ကိုမာဋ္ဌလိက ပြောလျှင် ကိုမာဃက –

"အဲဒါလည်း ခပ်ကောင်းကောင်းပါပဲဗျာ..၊ အိမ် လူမရှုပ်ဘူး ပေါ့..၊ နေမကောင်းတဲ့ကြားထဲက အိမ်ကလေးဆောက်လိုက်ရတာ အတော့်ကို ပမ်းသွားတယ်ဗျာ၊ ပန်းပဲဖိုကတော့ ပြင်ဆင်ပြီးပါပြီဗျာ..၊ နေကောင်းတာနဲ့ အလုပ်ပြန်လုပ်မယ်၊ ဓားတွေ၊ ချိန်ခွင်တွေ၊ သံညှပ်တွေ လုပ်ပြီး ရန်ကုန် ဘုရားစောင်းတန်းက ကြေးကုန်သံကုန်ဆိုင်တွေရော ၂၆ လမ်း ၂၇ လမ်းက သံဆိုင်တွေရောကို သွင်းရမှာပဲဗျို့ ..." ဟု ပြောလေ၏။ ထိုအခါ ကိုမာဋ္ဌလိက –

"ကျွေးစရာ သားမယားရှိတာမှ မဟုတ်တဲ့ဗျာ..၊ တစ်ယောက် စားဖို့ကတော့ ဘယ်လိုလုပ်လုပ်ပါ၊ အဆင်ပြေမှာပါပဲ သတိရတုန်း ပြော ဦးမယ်ဗျို့..၊ ကိုမာဃကြီးက ဆံပင်ကလည်း အရှည်ကြီး၊ မုတ်ဆိတ် မွေးတွေကလည်း အရှည်ကြီး..၊ နေတာကလည်း တစ်ယောက်တည်း ဆိုတော့ ဘာနဲ့တူသလဲဆိုတော့.. ကျုပ်တို့ ကျောင်းသားတုန်းက ကြည့်ရတဲ့.. ရော်ဘင်ဆင်ကရူးဆိုး ဘိုင်စကုပ်ထဲက ရော်ဘင်ဆင်





ကရူးဆိုးကြီးနဲ့တူတယ်ဗျ.." ဟု ပြောလိုက်လျှင် ကိုမာဃကြီးက ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် –

"ဟုတ်မှာပါဗျာ.. ဟုတ်မှာပါ၊ ခင်ဗျားပြောတဲ့ ရော်ဘင်ဆင် ကရူးဆိုးကြီးက ပင်လယ်ထဲမှာ တစ်ယောက်တည်းနေရတာလေ၊ သူ့နား မှာတောင် ဆိတ်တွေရယ်၊ တောဘဲတွေရယ်ပဲ အဖော်ရှိတာ..၊ ကြည့် လို့တော့ အတော်ကောင်းတဲ့ ဘိုင်စကုပ်ပဲဗျို့." ဟု ကိုမာဃကြီးက ပြန်၍ပြောလေ၏။

အထက်ပါအတိုင်း ပြောဆိုကြပြီးနောက် များစွာမကြာလှသော ကာလတွင် ကိုမာဃ၏ ပန်းပဲဖို မီးခိုးခေါင်းတိုင်ကလေးမှ မီးခိုးများထွက် နေပြီဖြစ်၏။ ကိုမာဃကြီး၏ တူသံပေသံများကိုလည်း မလှမ်းမကမ်းမှ ကြားနေရပြီဖြစ်၏။ ကိုမာဃကြီး၏ တူထုသံသည် ဂီတသံကဲ့သို့ နားထောင် ၍ တစ်မျိုးကောင်းနေလေတော့၏။ သူ၏ တူထုသံသည် သုံးချက်တစ်တွဲ ကြားနေရ၏။ ထိုတူထုသံကိုပင်လျှင် ရန်မလို ရွာသူရွာသားများက အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုနေကြလေ၏။

ကိုမာဃကြီး အိမ်ကလေး၌ ရှိမရှိမှာ ထိုတူထုသံသည် သင်္ကေတ ဖြစ်၏။ ပစ္စည်းများ သွားပို့နေသောအခါ၌ တူထုသံကို မကြားရတော့ ဘဲ တိတ်ဆိတ်နေမည်ဖြစ်သော်လည်း ကိုမာဃကြီး သူ၏အိမ်ကလေး၌ ရှိသောအခါ၌မူ စည်းနှင့်ဝါးနှင့် ကိုက်အောင် ထုနေသကဲ့သို့ အချက်ကျ လှသော တူသံပေသံတို့ကို ကြားနေကြရလေတော့သတည်း။

"တိန်း.. တိန့် ... တိန်း.."

"တိန်း.. တိန့် ... တိန်း.."

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၁ )

# ရွှေဒင်္ဂါးထည့်ဖို့ အိတ်ကြီးလုပ်ပြီ

ကိုမာဃကြီးသည် သူ၏ ပန်းပဲဖိုတွင် သံထည်ပစ္စည်းများကို လုပ်လျက်ရှိလေ၏။ အားလပ်သောအချိန်များတွင် သူ အမြဲတမ်း ကိုင်ဆောင်လေ့ရှိသော အင်ကြင်းသား ပုတီးကလေးဖြင့် မြတ်စွာဘုရား၏ဂုဏ်တော်ကို ပုတီးစိပ်နေတတ်လေ၏။ တစ်နေ့တွင် သူ၏မိတ်ဆွေကျောက် ထိုးဆရာကိုမာဃလိသည် သူ၏ထံသို့ ရောက်လာလေ၏။

"ကိုမာဃတစ်ယောက် အခုလို ပုတီးတွေ ဘာတွေ ပြန်ပြီးစိပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ့တော့ ကျုပ်ဖြင့် စိတ်ချမ်းသာတယ်ဗျား…၊ ကျုပ်ကလေ ကိုမာဃ တစ်ယောက် မဇာလီကို စွဲလန်းတဲ့စိတ်နဲ့ ကိုယ်လုပ်ရမယ့်အလုပ်ကို မလုပ်နိုင်ဘဲ လမ်းစဉ်ပျက်သွားမှာပဲ စိုးတယ်ဗျား…''ဟု ကိုမာဠုလိက ပြောလေ၏။

''ဟုတ်ပါရဲ့ ကိုမာဠုလိရယ်…၊ ခင်ဗျား ထင်မယ်ဆိုလည်း ထင်စရာပါပဲ၊ မဇာလီကို အကြောင်းပြုပြီး စိတ်ထဲမှာ ခံစားရတယ်ဆိုတာတော့ ကျုပ်အနေနဲ့ မငြင်းပါဘူးဗျာ…၊ ဒါပေမဲ့လည်း ကျုပ်သွားရမယ့် လမ်းကြောင်းကတော့ အပျက်ခံလို့ ဘယ်ရမလဲဗျ၊ အဲဒါကြောင့် မပျက်ပါဘူးဗျာ…၊ ဟောဒီ ကျုပ်ရဲ့ အင်ကြင်းသားပုတီးလေးသာ စကား ပြောတတ်ရင် ခင်ဗျားကို သက်သေခံပါလိမ့်မယ်''ဟု ကိုမာဃက ပြန်၍ပြောလေ၏။

''ဩော်…ကိုမာဃရဲ့ပုတီးက အင်ကြင်း သားကိုး …၊ ဘယ်လိုအဓိပ္ပာယ်နဲ့ လုပ်ထားတာလဲဗျား…''ဟု ကိုမာဠုလိက မေးလိုက်လေ၏။

''ဒီလိုဗျ…၊ ကိုယ့်မွေးနံ့ရဲ့ မိတ်ကို မွေးနံ့ရဲ့မာတ်က အုပ်ထားတဲ့ အသားကို ပုတီးလုပ်ထားတာဗျ၊ ကျုပ်က ကြာသပတေးသားလေဗျာ၊ မိတ်က တနင်္ဂနွေကျတယ် မဟုတ်လား…၊ မာတ်က တနင်္လာကျတယ်၊ ဒါကြောင့် အင်ကြင်းသားကိုလုပ်ရတာ …၊ အင်ကြင်းသားဆိုပြန်တော့ လည်း တော်ရုံ အင်ကြင်းသားတော့ မဟုတ်ပေဘူးပေါ့ဗျာ၊ ကျုပ်နဲ့ အလွန် ရင်းနှီးတဲ့ သုံးခွဘက်က စပါးပွဲစားကြီး အိန္ဒိယပြည်ကို ဘုရားဖူးသွား တုန်းက မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီသာမောအင်ကြင်းတောက အင်ကြင်းသားနဲ့ လုပ်ထားတဲ့ ပုတီးလေး ကျုပ်အတွက် ဝယ်လာတယ်ဗျ၊ အဲဒါလေးနဲ့ ကျုပ် အလုပ်လုပ်လာတာကြာပါပြီဗျား…''ဟု ကိုမာဃကြီးက





ပြောလေ၏။

''လုပ်စမ်းပါ ကိုမာဃရယ်…၊ ကျုပ်ကတော့ ခင်ဗျားကို သိပ်ပြီး အမှတ်ပေးထားတာ…၊ ဘာပဲဖြစ်ဖြစ် ပေါက်ဆရာ (၆၄) ယောက်ထဲပါ အောင် ကြိုးစားစေချင်တယ်ဗျား…''ဟု ကိုမာဠုလိက ပြောလေ၏။

''ဒီမှာ ကိုမာဠုလိ …၊ ခင်ဗျား စိတ်မဆိုးဘူးဆိုရင်တော့ ခင်ဗျားရဲ့ အမှားကို နည်းနည်းပြင်ပေးချင်တယ်၊ ပေါက်ဆရာ(၆၄) မဟုတ် ဘူးဗျ၊ ကျုပ်တို့လိုက်တဲ့လမ်းကို လူတွေက ထွက်ရပ်ပေါက်တဲ့ လမ်းလို့ ပြောကြတယ်မဟုတ်လား၊ အလွယ်ခေါ်တော့ ပေါက်လမ်းပေါ့ဗျာ …၊ ကျုပ်တို့လိုက်စားတဲ့ ပညာကိုလည်း အလွယ်ခေါ်တော့ ပေါက်ပညာလို့ ခေါ်တာပေါ့၊ အဲဒီပေါက်ပညာ (၆၄) နဲ့ အစပြုပြီး လုပ်ရတယ်ဗျ၊ ဒါကြောင့် ရှေးရှေးဆရာတွေက ပေါက်ပညာ (၆၄)လို့ ပြောဆိုသုံးနှုန်းကြတာကို ပေါက်ဆရာ (၆၄)လို့ အမှတ်မှားပြီး ပြောဆိုနေကြတာ…''ဟု ကိုမာဃ က အေးဆေးစွာ ရှင်းပြလေ၏။ ထိုအခါ ကိုမာဠုလိက –

''အဲဒီ (၆၄)ဆိုတဲ့ ဂဏန်းက ဘယ်လိုရတာလဲဗျ…''ဟု မေးလိုက်လေ၏။

''ဒါက ဒီလိုဗျ၊ အဌလက်ဂြိုဟ်ခွင်မှာက သောမဂြိုဟ်သက်တွေ ပေါင်းလိုက်ရင်(၇၂)ရတယ်ဗျ၊ အဲဒီ (၇၂) ထဲက ဂြိုဟ်ရှစ်ခွင် ပြန်နုတ်လိုက် ရတယ်၊ အဲဒီမှာ (၆၄) ဆိုတာ ရတော့တာပဲဗျို့၊ အဲဒီ(၆၄)ကိုပဲ ရှေးရှေးဆရာ တွေက 'ပညာအစနဝင်း'လို့တောင် ပြောဆိုလေ့ရှိတယ် ကိုမာဠုလိရဲ့၊ ဂုဏ်တော်ရွတ်လည်း (၆၄)ခါ ရွတ်တယ်၊ အဓိဋ္ဌာန်လုပ်လည်း (၆၄)ရက် လုပ်တယ်၊ လိုအပ်လို့ အစီအမံတွေ ဘာတွေလုပ်လည်း (၆၄) ရက်အောင် လုပ်လေ့ရှိတယ်ဗျ၊ တစ်စုံ တစ်ယောက်က ဒီပစ္စည်းလေးကို မန်းပေးပါဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း (၆၄)ခါ မန်းပေးရတယ်၊ အဲဒါကို ရှေးဆရာတွေက (၆၄) နဝင်းလို့ ခေါ်ကြတယ်ဗျ။ အဲဒါကို စပြီးလုပ်တဲ့နေ့မှာ ငှက်ပျောသီးတစ်ဖီး၊ သောက်တော်ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင်နဲ့ ရှေးဆရာမြတ်တွေကို ပူဇော်ပြီးလုပ်ရတာဗျ..''ဟု ကိုမာဃက ရှင်းပြလေ၏။ ထိုအခါ ကိုမာဋ္ဌလီက –

“အလို..၊ ဟိုစင်ပေါ်မှာလည်း ငှက်ပျောတစ်ဖီး၊ သောက်တော်ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင်နဲ့ပါလား၊ ကိုမာဃတစ်ယောက် ပေါက်ပညာ(၆၄)ကိုစပြီး လုပ်နေပြီထင်တယ်..''ဟု မေးလိုက်လေ၏။

“မှန်တာပေါ့ ကိုမာဋ္ဌလီရယ်...၊ ဒီနေ့ဟာ ကြာသပတေးနေ့ဗျ၊ ကျုပ်အဖို့ မွေးလာရော၊ မွေးရက်ရော၊ မွေးနေ့ရော တိုက်ဆိုင်နေတယ်ဗျ၊ ဒါကြောင့် ပေါက်လမ်းကိုသွားဖို့ ပေါက်ပညာကိုစပြီး ကိုင်နေပြီဗျို့...''ဟု ကိုမာဃကြီးက ပြုံးရွှင်စွာပြောလေ၏။

“ကောင်းပါလေရဲ့ဗျာ၊ ကျုပ်ဖြင့် အလွန်ကို ဝမ်းသာတယ်..''ဟု ကိုမာဋ္ဌလီက ပြောဆိုလေ၏။ ထို့နောက် နှစ်ယောက်သား ရေနွေးကြမ်းတစ်အိုးသောက်၍ စကားများပြောကြပြီးလျှင် ကိုမာဋ္ဌလီသည် ပြန်၍သွားလေ၏။ ကိုမာဃကြီးမှာမူ ပုတီးစိပ်ပြီးသည်နှင့် တစ်ပြိုင်နက် ပန်းပဲဖိုသို့ဝင်ကာ အလုပ်များလုပ်လေတော့၏။ ကိုမာဃ၏ တူသံသည် ‘တုန်..တုန်..’ ဟု မြည်သော်လည်း ကြားရသူများ၏နားတွင် ‘ဥုမ်..ဥုမ်..’ ဟု ကြားတတ်ကြ၏။ ကိုမာဃသည် ပန်းပဲထုရင်းနှင့်လည်း ဂုဏ်တော်များကို ပွားများလေ၏။ ဂုဏ်တော်ကို မပွားများသည့် အခါများ၌လည်း ‘ဥုမ်’ဟူသောအသံကို (၆၄)ခါတစ်ဖြတ် အစဉ်မပြတ် ရွတ်ဆိုနေတတ်လေ၏။





ရန်မလိုရွာမှ ရွာသူရွာသားများသည် ကိုမာဃကြီးအား ဥုမ်လူကြီးဟူ၍လည်းကောင်း၊ ကိုမာဃကြီး၏အိမ်အား ဥုမ်အိမ်ဟူ၍လည်းကောင်း၊ ကိုမာဃကြီး၏ ပန်းပဲဖိုကိုလည်း ဥုမ်ဖိုဟူ၍လည်းကောင်း ခေါ်ဝေါ်လေ့ရှိလေ၏။

ကိုမာဃကြီးသည် လုပ်ပြီးသော ပစ္စည်းများကို ရန်ကုန်သံဆိုင်များသို့သွား၍ပို့၏။ ရလာသော ငွေများဖြင့် မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) သို့ဝင်ကာ ရွှေဒင်္ဂါးများ ဝယ်လေ့ရှိ၏။ သူသည် ဣန္ဒာသယ အသင်းတိုက်မှ မောင်းထုတ်ခြင်းခံရပြီးသည့်နောက်မှစ၍ ရွှေကို ရှာဖွေစုဆောင်းလိုစိတ်များ ပေါ်ပေါက်ခဲ့၏။ ရွှေကိုလည်း မက်မောတတ်လာ၏။ ညအိပ်ယာဝင်ခါနီးတွင် မိမိစုဆောင်းမိသမျှ ရွှေဒင်္ဂါးလေးများကို ထုတ်ကာ ကြည့်ရှုတတ်သကဲ့သို့ နံနက်အိပ်ရာထသောအခါ၌လည်း ထိုရွှေဒင်္ဂါးလေးများကို တစ်ကြိမ် ထပ်မံ၍ ကြည့်ရှုတတ်လေ၏။ ကြည့်ရှုရုံမျှမက ရွှေဒင်္ဂါးများကို နမ်းပင်နမ်းလိုက်သေး၏။

ရန်ကုန်မှ ပြန်လာသောအခါများတွင် မိုးချုပ်နေပြီဖြစ်ရကား တရုတ်ကြင်စိန်၏ ကုန်စုံဆိုင်တွင်အပ်ခဲ့သော မှန်အိမ်ကလေးကို မီးထွန်းကာ ပြန်လာ တတ်မြဲဖြစ်လေ၏။ ရန်မလိုရွာသူရွာသားများသည် ထို မှန်အိမ်မှ မီးရောင်ကလေးကို လှမ်းမျှော်တွေ့မြင်ရလျှင် –

“ဥုမ်မှန်အိမ်ကလေးပြန်လာတာပါ..'' ဟု တစ်ဦးကိုတစ်ဦး ပြောဆိုတတ်လေ၏။ ရွာသူရွာသားများသည် ကိုမာဃကြီး၏ ဘာသာဘာသာနေတတ်ပုံကို နားလည်သဘောပေါက်ကြလာပြီဖြစ်၏။

“ဥုမ်ကြီးကကွာ..၊ တို့အရင်က ထင်သလို ဓနိဆရာကြီးလည်းမဟုတ်ပါဘူး၊ အောက်လမ်းဆရာကြီးလည်း မဟုတ်ပါဘူး၊ သူက



www.burmeseclassic.com

www.burmeseclassic.com



လူတွေနဲ့ ရောရောနှောနှော မနေတတ်တာရယ်၊ ဝတ်ပုံစားပုံက အများနဲ့ မတူဘဲ ကိုးယိုးကားရားဖြစ်နေတာရယ်ကြောင့်ပါ။ တကယ်က ဒီလူကြီးဟာ လူအေးကြီးပါ။ သူက အားရင် ဉုမ်ရွတ်နေတာ၊ သူက မရွတ်လည်း သူ့ရဲ့တူထုသံက ဉုမ်ရွတ်နေတာပါ. . .''ဟု ပြောဆိုနေကြလေ၏။

တစ်နေ့တွင် ရန်မလိုရွာအတွင်းမှ သားရေအိတ်ချုပ်သော ကိုသက်နီဆိုသူထံတွင် ကိုမာဃသည် သားရေအိတ်တစ်လုံး ချုပ်လုပ်ပေးရန် အပ်နှံခဲ့လေ၏။ သားရေအိတ်ကို အကောင်းစားဆိတ်သားရေဖြင့် ချုပ်လိုကြောင်း၊ အလျားတစ်တောင်၊ အနံတစ်ပေ၊ ဗျက်တစ်မိုက်ကျယ်လိုကြောင်း၊ သားရေအိတ်ပေါ်တွင်လည်း မာဃဝါဇိတ်ဆိုသော မိမိ၏နာမည်ကို ထိုးလိုကြောင်း ပြောဆို၍အပ်နှံလေ၏။ သားရေအိပ်ချုပ်သမားကိုသက်နီကလည်း ကိုမာဃနှစ်သက်သဘောကျသည်အထိ ချုပ်လုပ်ပေးလေ၏။ သားရေ အိတ်ပေါ်တွင် အခြားသားရေကိုလှီး၍ အမည်စာလုံးများ တပ်ကာ ချုပ်ပေးလေ၏။ ကိုမာဃကိုင်နေကျ မှန်အိမ်ပုံကလေးကိုပင် သားရေဖြင့် ပုံဖော်ပေးထားလေ၏။ ကိုသက်နီချုပ်ပေးသော သားရေအိတ်ကို ကိုမာဃသည် လွန်စွာသဘောကျလေ၏။

ထိုသားရေအိတ်ရသည့်နေ့မှစ၍ သူ၏ ရွှေဒင်္ဂါးပြားများကို ထိုသားရေအိတ်တွင် ထည့်လေတော့၏။ ပြီးလျှင် ပန်းပဲဖိုအတွင်း သောက်ရေအိုးထားသော နေရာအောက်တည့်တည့်တွင် ခင်းထားသော အုတ်များကိုခွာ၍ ကြွင်းကြီးတစ်ကြွင်းပြုလုပ်ကာ ထိုကြွင်းထဲတွင် သားရေအိတ်ကို သိမ်းလေ၏။ ပြီးလျှင် အပေါ်မှ ဖုံးကာ အုတ်ခဲများကို စီလေ၏။ ထို့နောက်မှ သောက်ရေအိုးစင်ကို အပေါ်မှထားကာ သောက်ရေအိုးကို တင်လိုက်လေတော့၏။ ထိုသို့ထားပြီးလျှင် ကိုမာဃကြီးက –





"အလုပ်တွေ အများကြီးလုပ်မယ်၊ အဲဒီတော့ ရွှေဒင်္ဂါးတွေ အများကြီးရမယ်၊ အဲဒီလို အများကြီးရရင် ဟောဒီမာဃဝါဇိတ်ဆိုတဲ့ သားရေအိတ်ထဲမှာ ရွှေဒင်္ဂါးတွေအပြည့်၊ ဟဲ. . ဟဲ. .''ဟု တစ်ကိုယ်တည်း ပီတိဖြစ်ကာ ပြောဆိုရယ်မောလိုက်လေတော့သတည်း . . .။ ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

# သူကြီးအိမ်

ရန်မလိုရွာတွင် ရွာဦးကျောင်းဆရာတော်ပြီးလျှင် ဩဇာအရှိဆုံးပုဂ္ဂိုလ်မှာ သူကြီးဖြစ်သူ ဦးကြက်ဆန်ကွဲပင်ဖြစ်၏။ ထို့အတူ ရန်မလိုရွာတွင် အကြီးမားဆုံးအိမ်ကို ပိုင်ဆိုင်သူမှာလည်း ၎င်းပင်ဖြစ်၏။ သူကြီး၏အိမ်သည် လူတစ်ဖက်ခန့်ရှိသော ကျွန်းတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်ကြီးဖြစ်၏။ အိမ်အမိုးကိုမူ အုတ်ကြွပ်ဖြင့် မိုးထားသည်။ စင်ဝင်ပါ၏။ ကျွန်းအိမ်ကြီးကို ဆောက်လုပ်ထားပြီး ရေနံချေးကို ဝအောင်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ထားသောကြောင့် ကျွန်းအိမ်ကြီးသည် နက်မှောင်၍ ခန့်ထည်နေသကဲ့သို့ အုတ်ကြွပ်အနီဖြင့် ကြည့်၍အလွန်ကောင်းလေ၏။ အိမ်၏နံ့ဖူးစည်းများ၊ ပန်းအိုးမျာကိုလည်း ပန်းများထွင်းထားသောကြောင့် အိမ်ကြီးသည် လွန်စွာခန့်ထည်နေ၏။ အိမ်နောက်ဘက် မြေကွက်လပ်တွင် သူကြီးသားများ စီးသော မြင်းများကိုထားသည့် မြင်းဇောင်းကြီးများလည်းရှိ၏။ သူကြီးသည် မြင်းကို မြင်းအတိုင်းစီးသကဲ့သို့ အမိုးမပါသော ပက်လက်လှည်းအိမ်ကလေးဖြင့်လည်း တပ်၍စီးတတ်လေ၏။

အထက်ကဆိုခဲ့သော ခမ်းနားထည်ဝါလှသည့် ကျွန်းအိမ် မည်းမည်းကြီး၏ ပြတင်းပေါက်များ၊ လှူဝင်ပေါက်များတွင် ရောင်စုံဖန်ပုတီးဖြင့် ပြုလုပ်ထားသော ခန်းဆီးလိုက်ကာများ တပ်ဆင်ထား၏။ မီးဖိုဆောင်သည် အိမ်မကြီးနှင့်မတွဲဘဲ သီးခြားဆောက်လုပ်ထား၏။ ထိုမီးဖိုတွင် မီးခိုးခေါင်းတိုင်လည်းရှိ၏။ ညအခါများတွင် အပေါ်ထပ်ရော အောက်ထပ်ပါ ထန်းပင်တံဆိပ် အောင်လင်းမီးအိမ်ကြီးများကို ထွန်းညှိထားတတ်သောကြောင့် အိမ်ကြီး တစ်ခုလုံး လင်းထိန်နေလေ၏။ အိမ်ရှေ့တွင် ကွမ်းသီးပင်ကလေးများ ညီညီညာညာစိုက်ထားသည်ဖြစ်ရာ နှစ်ထပ်အိမ်မဲကြီးအား ပို၍လှပစေလေတော့၏။ ခြံနှင့်အိမ်၏ကြားတွင် ရေကန်ငယ်ကလေးတူး၍ အုတ်ဘောင်ခတ်ကာ ရေများထည့်ထားလေ၏။ ထိုကန်ငယ်ကလေးတွင် သူကြီးမွေးထားသော ငန်းများသည် အစဉ်သဖြင့် ကူးခတ်နေသည်ဖြစ်ရာ မြင်ရသူတိုင်းအဖို့ သူကြီး၏အိမ်ကြီးသည် နေချင့်စဖွယ်ကောင်းလှတော့၏။

ခြံဝန်းကြီး၏ အဝင်ဝတွင်မူ 'သူကြီးအိမ်' ဆိုသောစာကို ကျွန်းပြားတွင် ထွင်းထု၍ ချိတ်ဆွဲထားလေ၏။ အိမ်အောက်ထပ်သို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အခန်းဆီးပျဉ်ချပ်တွင် လွန်စွာကြီးမားသော ပြောင်ချိုကြီး





ချိတ်ထားသည်ကို တွေ့ရသည် ဖြစ်၏။ ထိုပြောင်ချိုကြီး၏ အထက်နားတွင် သူကြီး မင်းကိုင်ဆောင်သော နှစ်လုံးပြူးသေနတ်ကြီးကိုလည်း တွေ့ရမည်ဖြစ်၏။ ထိုပြောင်ချိုကြီး၏ အောက်တွင်ကား 'ပြွန်စွာကြီးမားသော မောင်းကြီးကို ချိတ်ဆွဲထားလေ၏။ ထိုမောင်းကိုလည်း 'သူကြီးမောင်း' ဟူ၍ရေးထား၏။ ထို့အပြင် သူကြီးအိမ်၏ အောက်ထပ်တစ်ခုလုံးတွင် များစွာသောဆိုင်းဘုတ်များ တပ်ဆင်ထားလေ၏။ ထိုဆိုင်းဘုတ်များထဲတွင် လူအဖတ်အများနှင့် အမှတ်မိဆုံး ဆိုင်းဘုတ်မှာ အောက်ပါဆိုင်းဘုတ်များဖြစ်လေ၏။

လူတိုင်း ငါးပါးသီလမြဲရင် သူကြီး မလိုတော့ဘူး။
မမြဲရင်တော့ ထောင်ကျလိမ့်မယ်။
သူကြီး မလိုတော့ဘူး

ထောဘာမကြီး ဒီသူကြီး။

မဟုတ်တာ မလုပ်နဲ့။ နားရင်းအုပ်မယ်။
ပြီးရင် ထိပ်တုံးနဲ့ချုပ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရွာမှာ အရက်သမား မရှိရဘူး။
ဒီမြို့မှာ ကြက်သမား မရှိရဘူး။
ဒီရွာမှာ သူခိုးမရှိရဘူး။ သူခိုး၊ ကြက်၊ အရက်
ဒီရွာက မြန်မြန်ထွက်။

ရွာထဲကို လူစိမ်းအဝင်မခံနဲ့။
ဝင်ပြီး ရင်လည်း ဒီအတိုင်း မထွက်စေနဲ့။
သူကြီး စစ်ပြီးမှ ပြန်လွှတ်ပါ။

မြေတွေ ရင်သတ်ပါ။
လမ်းပျက် ရင်ပြင်ပါ။
ရန်ဖြစ်တာတွေ ရင် ဖျင်ပါ။
မီး ဆိုတာနဲ့
ရေပုံးကိုင်ပြီး သား ဖြစ်ပါစေ။
သူကြီး မောင်းထုလျှင်
ရွာလယ်မှာ ရပါ။

သူကြီး၏ အိမ်ကြီးသည် ခန့်သားထည်ဝါလှ၏။ သို့ရာတွင် သူကြီး အိမ်အတွင်း၌မူ ရုပ်ပွနေ၏။ အဝတ်ဟောင်းများလည်း ကြိုးတန်းများတွင် တိုးလို့ တွဲလောင်းဖြစ်နေ၏။ ကြမ်းပြင်တစ်ခုလုံး ဖုန်များတက်နေ၏။





ဘုရားပန်းများ ခြောက်၍နေ၏။ သောက်တော်ရေခွက်မှာ ညစ်ထေးထေး ဖြစ်နေ၏။ မီးဖိုခွင်မှ အိုးများသည် ဟိုတစ်လုံးသည်တစ်လုံးရှိနေ၏။ အဘယ်ကြောင့်ဆိုသော် ဤအိမ်ကြီး၌ မိန်းမသားဟူ၍ တစ်ယောက်မျှ မရှိသောကြောင့် ဖြစ်လေ၏။ သူကြီးကတော်ကြီး ခွေးရူးပြန်၍သေသည်မှာ ဆယ်နှစ်ကျော်ပြီဖြစ်၏။ သူကြီးသားနှစ်ယောက်မှာလည်း မြင်းကိုယ်စီစီးလျက် အစဉ်သဖြင့် သွားချင်ရာသို့ သွားနေတတ်၏။ သူကြီး၏တပည့် မြင်းထိန်းငတိုမှာမူ နဲ့တစ်လက်ဖြင့် လူတကာ၏နားကို ဒုက္ခပေးလျက်နေ၏။ ၎င်းငတိုပင်လျှင် မီးဖိုကို တာဝန်ယူရ၏။ ငတိုချက်သောဟင်းများမှာ ငံသည့်အခါအလွန်ငံ၍ပေါ့သည့်အခါ အလွန်ပေါ့၏။ စပ်သည့်အခါ နားပင်းမတတ်စပ်လေ၏။ ထို့ကြောင့် သူကြီးသည် အိမ်၌ထမင်းမစားဘဲ ဆရာတော်ကြီးကျောင်း၌ ကပ်၍ စားနေရသည်မှာ အတော်ကြာပြီဖြစ်၏။

သူကြီးတွင် သားနှစ်ယောက်ရှိ၏။ သားအကြီးမှာကြက်တောဟူ၍ဖြစ်၏။ သားအငယ်မှာ ဒေါင်းဆိုးဟူ၍ဖြစ်၏။ ဒေါင်းဆိုးမှာ အရက်သောက်၏။ ကြက်တိုက်၏။ မိန်းမရှုပ်၏။ ထို့ကြောင့် သူကြီးက အိမ်တွင်မနေရန် မောင်းထုတ်ထား၏။ သူကြီးသည် လယ်ပိုင်ရှင်တစ်ဦးလည်းဖြစ်၏။ ထို့ကြောင့် လယ်ခွန်လယ်ခများ ကောက်ခံခြင်းကိစ္စကို သားအကြီးဖြစ်သူကြက်တောအား တာဝန်ပေးထား၏။ ကြက်တောမှာလည်း ညီဖြစ်သူဒေါင်းဆိုးလောက် နာမည်ဆိုးမထွက်သော်လည်း လူကောင်းတစ်ဦးတော့မဟုတ်ပေ။ သို့ရာတွင် သူလည်း စင်းလုံးချောတစ်ဦးမဖြစ်ရာပေ။ မကြာ… အရက်သောက်၏။ ဖဲဝိုင်းများတွင်လည်း မကြာခဏတွေ့ရတတ်၏။ ထိုအတူ ယောက်ျားဖြစ်သူ သစ်ပင်ပိ၍သေသွားသော အမာန်ဆိုသည့်မုဆိုးမလေးတစ်ဦးကိုလည်း ဖခင်ဖြစ်သူ သူကြီးမသိအောင် တိတ်တိတ်ပုန်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယူထားသူဖြစ်၏။

သူကြီးသည် မြင်းတစ်စီးနှင့် ရွာကို လှည့် သကဲ့သို့ သားအကြီးဖြစ်သူ ကြက်တောသည်လည်း မြင်းတစ်စီးဖြင့် သေရည် တင်းကုပ်သို့သွားတတ်၏။ ရိုးမပေါ်တွင် အမဲလိုက်သည်ဟု အကြောင်းပြကာ မုဆိုးမလေး အိမ်သို့သွား၍အိပ်တတ်၏။ သားငယ်ဖြစ်သူ ဒေါင်းဆိုးမှာမူ ဖခင်၏ မောင်းထုတ်ခြင်းကို ခံထားရသောကြောင့် ရွာအပြင် မန္တလေး–ရန်ကုန် ကားလမ်းနံဘေးရှိ ရွာတန်းရှည်တွင် သွားရောက်၍ နေထိုင်ရလေ၏။ ထိုသို့နေထိုင်သော်လည်း သေသေဝပ်ဝပ် နေထိုင်သည်မဟုတ်။ ဖောင်းဝပ် မြင်းကြီးတစ်ကောင်ဖြင့် လမ်းသလားလျက်ရှိလေ၏။ သူ၏ မြင်း ကိုရိုက်ရန် အသုံးပြုသော ကြာပွတ်ကိုလည်း ငွေရိုးစွပ်ထားလေ၏။ ထိုငွေရိုးပေါ်တွင် ဒေါင်းဆိုးဟူသောအမည်ကိုပင် အကျအနထွင်းထားလေ၏။ လူစည်ကားရာသို့ရောက်လျှင် ထိုကြာပွတ်ကို လူရှေ့တွင် ဟန်ပါပါ ပစ်ချတတ်၏။ ထိုသို့ပစ်ချပြီးလျှင်

"ဒေါင်းဆိုးထက်ဆိုးတဲ့ကောင်ကတော့ ဟောဒီဖြူလေးမောင်ဆိုတဲ့ ကျုပ်ရဲ့ မြင်းကြီးပါဗျာ. . ."ဟု ဟန်နှင့်ပန်နှင့်ပြောကာ ဂိုက်ထုတ်တတ်လေ၏။

ဒေါင်းဆိုးသည် အစ်ကိုဖြစ်သူ ကြက်တောထံတွင် မကြာခဏ လာ၍ ငွေချေးတတ်လေ၏။ ကြက်တောကလည်း –

"အဖေ့ပိုက်ဆံတွေ ပြန်ပေးနော်၊ ဒါတွေက အမဲတော်ကြေး ကောက်ထားတာကွ၊ သက်ဆိုင်ရာကို သွင်းရမှာ. . ."ဟုဆိုကာ ထုတ်၍ ပေးတတ်လေ၏။ လက်တွင်းသို့ ငွေရသွားသောအခါ၌ ဒေါင်းဆိုးက –

"အစ်ကိုရာ ခင်ဗျားက ကြက်တောဆိုတဲ့အတိုင်း ကြက်နဲ့သိပ်





တူတာပဲ၊ စကားပြောရင် အမြဲကိုယ့်ဘက်ကို ယက်ပြီး ပြောတတ်တယ်၊ ကျုပ် ချေးတဲ့ ငွေကျတော့ အမဲတော်ကြေးငွေတွေလို့ပြောတယ်၊ အမာနီကို ရွှေဆွဲကြိုးနှစ်ကုံးလုပ်ပေးထားတာက ဘယ်ကငွေတွေလဲဗျ၊ မိုးပေါ်ကကျတာလား. . ."ဟု ပြန်၍ပက်တတ်လေ၏။ ထိုအခါ ကြက်တောက –

"မင်းဟာ ဒေါင်းဆိုးဆိုတဲ့အတိုင်း အတော့်ကိုဆိုးတဲ့ကောင်ပဲ၊ အမှန်က ချေးဆိုးလို့မှည့်ရမှာ. . ၊ ဒါကြောင့် အဖေက မင်းကို အိမ်မှာမထားဘဲ မောင်းထုတ်ထားတာ. . ."ဟု ပြန်၍ပြောတတ်မြဲဖြစ်၏။

"အဖေလည်း ဘာထူးလဲဗျာ. . ၊ ခင်ဗျားလိုပါပဲ၊ ကားလမ်းပေါ်က ထမင်းဆိုင်က ဒေါ်ထွေးစီဆိုတဲ့ မိန်းမကြီးနဲ့ ငြိနေတာ ကျုပ်သိပါတယ်၊ ထမင်းဆိုင်ကမိန်းမကြီးနဲ့ ငြိနေတာကို ငြိနေတယ်လို့ လူသိမခံရဲဘူး၊ ဒေါ်ထွေးစီရဲ့ ငါးသလဲထိုးဟင်းချက်ပုံကြိုက်လို့ဆိုပြီး အကြောင်းပြပြီး ခဏခဏသွားနေတယ်လေဗျာ. . ၊ ခင်ဗျားနဲ့ အဖေနဲ့ကတော့ ခြေရာလက်ရာတူပါပေ့ဗျာ၊ ခင်ဗျားက အဖေနဲ့တွေ့ရင် သုဝဏ္ဏသာမလို သားလိမ္မာလုပ်ချင်တယ်၊ ခင်ဗျားဖြီးသမျှကို အဖေက ယုံတယ်၊ အဲဒီတော့ ခင်ဗျားကို ဘယ်မောင်းထုတ်မလဲ၊ ကျုပ်လိုလူဆိုးကိုပဲ မောင်းထုတ်မှာပဲ၊ ဒါပေမဲ့ အခုကတည်းက ပြောထားမယ်နော်၊ အဖေ သေလို့ကတော့ ပစ္စည်းတွေကို ခင်ဗျားတစ်ယောက်တည်း ယူလို့မရဘူးနော်၊ တစ်ယောက်တစ်ဝက်ပဲ၊ အိမ်ကြီးကိုလည်း ခင်ဗျားတစ်ယောက်တည်း အပိုင်စီးလို့မရဘူး၊ တစ်ယောက်တစ်ဝက်ပဲ၊ ခင်ဗျားတစ်ယောက်တည်း အပိုင်စီးလို့ကတော့ မိန်မလိုရွာက သူကြီးအိမ်မည်းမည်းကြီး မီးလောင်ပြီသာမှတ်ပေတော့. . ." ဟုပြောဆိုကာ မြင်းဖြူကြီးပေါ်သို့ လွှားကနဲခုန်တက်၍ ကုန်းစိုင်းသွားတတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအချင်းအရာများမှာ သူကြီးသား အဖသုံးဦး၏ မကြာခဏဖြစ်ပေါ်လေ့ရှိသော အခြေအနေများဖြစ်၏။ ရန်မလိုရွာသူကြီးဦးကြက်ဆန်ကွဲသည် ရန်မလိုရွာအပေါ်တွင် ဩဇာရှိသော်လည်း သူ၏သားနှစ်ဦးအပေါ်၌ များစွာဩဇာမရှိလှကြောင်း ထင်ရှားလေတော့သတည်း။

▲

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁၃ )

# ကိုမာယကြီး ရုပ်ရည်ပြောင်းလာပြီ

ကိုမာယ၏အိမ်သို့ ကိုမာဠလိ မရောက်သည်မှာ ကြာပြီဖြစ်၏။ ကိုမာဠလိသည် တောင်ငူဘက်တွင်ရှိသော ကျောက်ထိုးဆရာတစ်ဦးကွယ်လွန်သွားသောကြောင့် ထိုသူ၏နေရာတွင် အစားဝင်ရောက်လုပ်ကိုင်ပေးနေရလေ၏။ ထို့ကြောင့် ရန်မလိုရွာ၌ပင် မနေနိုင်ဘဲ တောင်ငူသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရလေ၏။ ထိုနေရာအတွက် သာသနာဆိုင်ရာမှ ကျောက်ထိုးဆရာအသစ် ပို့လိုက်မှသာလျှင် ရန်မလိုရွာသို့ ပြန်ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြန်ခွင့်ရသည်နှင့်တစ်ပြိုင်နက် ကိုမာဃ၏ အိမ်သို့ရှေးဦးစွာ ရောက်လာလေတော့၏။

ကိုမာဃကြီးသည် ပန်းပဲထုလျက်ရှိလေ၏။ ကိုမာဃလိသည် ကိုမာဃနှင့်တွေ့လျှင်တွေ့ချင်း

''ခင်ဗျားရဲ့တူသံကိုဗျာ ရွာထိပ်ရောက်ကတည်းက ကြားရပါတယ်၊ တကယ်ပါပဲ၊ တူသံကလည်း 'ညှမ်း . . ညှမ်း . .'လို့ မြည်နေတယ်ဗျ၊ အသံသြဇာပြည့်ဝတဲ့လူကြီးတစ်ယောက်ထိုင်ပြီး ညှမ်းရွတ်နေတဲ့ အတိုင်းပါပဲ''ဟု ပြောလေ၏။

''ဒါနဲ့နေပါဦး ကိုမာဃလိရယ်၊ ခင်ဗျား ကျုပ်ဆီကို ရောက်မလာတာ အတော်ကြာပြီပဲ၊ တောင်ငူဘက်ကို အလုပ်က ပြောင်းသွားရတယ်ဆို . . ''ဟု ကိုမာဃက မေးလိုက်လေ၏။

''ပြောင်းရတာတော့ မဟုတ်ပါဘူးဗျာ၊ ဟိုမှာ လူမရှိလို့ အစားဝင်ပေးရတာ၊ အခုတော့ လူစားရလို့ပြန်လာပြီဗျ၊ တစ်ခုပြောရဦးမယ်ဗျ၊ ကိုမာဃကြီး ရုပ်ပြောင်းသွားတယ်၊ ဘယ်လိုပြောင်းသွားသလဲတော့ မသိဘူး၊ ကျုပ်ရဲ့ မျက်စိထဲမှာ တစ်မျိုးတစ်ဖုံဖြစ်နေတယ်၊ အသားအရောင်ကလည်း အရင်နဲ့မတူဘူးဗျ၊ ဝင်းဝင်းဝါဝါဖြစ်လာသလိုပဲ၊ မျက်လုံးတွေကလည်း နက်မှောင်လာတယ်၊ နည်းနည်းထူးပြီဗျ . . ''ဟုကို မာဃလိက ပြောလိုက်လေ၏။

''ဒါကတော့ ဒီလိုပါဗျာ၊ (၆၄) နဝင်းကို လုပ်လာတာ နှစ်ဝါရှိပြီလေဗျာ၊ ရှစ်လနှစ်ကြိမ်ရှိသွားပြီဗျ၊ အဲဒီတော့ (၆၄) နဝင်းရဲ့ဓာတ်က စစွဲပြီလေဗျာ၊ အဲဒီနဝင်းက ဒေဝါနဝင်းဗျ၊ အလွယ်ပြောရရင်တော့ နတ်ဒေဝတာတွေရဲ့ အရိပ်အငွေ့တွေ သန်းလာတာပေါ့ဗျာ၊ ငါးနှစ်လေးလ





ပြည့်တဲ့အခါမှာ သုံးဆယ့်ငါးနဝင်းကို ပြောင်းမယ်လေဗျာ၊ အဲဒီကျတော့ တစ်ခါပြောင်းဦးမှာဗျ၊ အဲဒီကျတော့ အသံသြဇာဓာတ်ပြောင်းသွားလိမ့်မယ်၊ ဣန္ဒြာနဝင်းလေဗျာ၊ အဲဒီ နဝင်းကသိကြားနဝင်းမဟုတ်လား . . ''ဟု ကိုမာဃကြီးက ပြောလေ၏။ ထိုအခါ ကိုမာဃလိက –

''သုံးဆယ့်ငါးဆိုတာက ဘယ်လိုပြန်တာတုံး၊ ကျုပ်ကို ပြောပြပါဦးဗျ၊ ကျုပ် မသိရိုး အမှန်ပါဗျာ . . ''ဟု ပြောလိုက်လေ၏။

''ဒါက ဒီလိုဗျ၊ အင်္ဂလက်ဂြိုဟ်ခွင်မှာရှိတဲ့ ပါပဂြိုဟ်သက်တွေ ပေါင်းလိုက်ရင် (၃၆)ရတယ်ဗျ၊ အဲဒီမှာ ကိတ်ဂြိုဟ်တစ်လုံးအတွက် တစ်ကိုနှုတ်ရတယ်ဗျ၊ အဲဒီတော့ သုံးဆယ့်ငါးရတာပေါ့ဗျာ . . ၊ အလုပ်စခန်းစတဲ့အခါမှာ ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီးတစ်လုံးနဲ့ စရတယ်ဗျ၊ ဘာကိုပဲလုပ်လုပ် သုံးဆယ့်ငါးကို ထုံနေအောင်လုပ်ရတယ်''ဟု ကိုမာဃကြီးက ပြောလေ၏။

''အဲဒါပြီးရင်ကော ကိုမာဃရယ် ဘာဆက်လုပ်လို့ရဦးမှာလဲ . . ''ဟု ကိုမာဃလိက မေးပြန်လေ၏။

''အဲဒါကျတော့ (၉)ဂဏန်းနဲ့ အလုပ်လုပ်ရတော့မှာ . . ၊ ဗြဟ္မာနဝင်းဖြစ်သွားပြီ၊ ငှက်ပျောသီး ကလည်းသုံးဖီး၊ အုန်းသီးကလည်း တစ်လုံးပေါ့ဗျာ၊ ရေက သုံးခွက်၊ ဖယောင်းတိုင်ကလည်းသုံးတိုင်၊ ပြီးတော့ ညစာလည်း မစားရတော့ဘူးဗျ၊ မီးလည်းလွတ်သွားပြီ၊ အသီးအနှံတွေလောက်ပဲ စားရတော့မှာ၊ အဲဒါအပြင် အချိန်ရသလောက် ဈေးကိုသွားရမှာဗျ၊ အလွယ်မှတ်ထားဖို့ကတော့ နတ်၊ သိကြား၊ ဗြဟ္မာသုံးဆင့်ပေါ့ဗျာ၊ အဲဒါ စုစုပေါင်း အချိန်အတိုဆုံး လုပ်ရင်တောင် ကိုးနှစ်လုပ်ရမှာ၊ အဲဒီအဆင့်ရောက်ရင် အတော်ကလေး ခရီးပေါက်ပြီပေါ့ဗျာ၊ တခြားဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မပါဘူး၊ ပုတီးတစ်မျိုးတည်းသွားတဲ့လမ်းဗျ၊ 'ပုတီးတစ်လုံးကျောက်ခနဲ ခရီးအဆုံးပေါက်မလွဲ . . ' ဆိုတာ ကြားဖူးတယ်မဟုတ်လား . . " ဟုပြောကာ ကိုမာဃကြီးသည် တဟားဟား ရယ်နေလေ၏။ ကိုမာဃလိက–

"ကျုပ်လည်း မကြာခင် အဲဒီလမ်းကို လိုက် ဖြစ်မှာပါဗျာ . . " ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ရေနွေးကြမ်းကို ထန်းလျက်ဖြူ ဆုပ်ဖြင့်မြည်းရင်း စကားစမြည် ပြောနေကြလေ၏။

"ဒါနဲ့ မေးဦးမယ် ကိုမာဃကြီးကို . . ၊ သိကြားအဖွဲ့က ငွေတွေ ပျောက်တယ်ဆိုပြီး ပဋ္ဌမ်ဝင်းထိန်က ခင်ဗျားကိုစွပ်စွဲပြီး ရင်နဲ့ကျောကို ကြိုးခေါက်နဲ့ရိုက်တာ ကျုပ်ဖြင့်ဗျာ . . ဒီတစ်သက် ခင်ဗျားအနေနဲ့ နာလံထူနိုင်မှာမဟုတ်တော့ဘူးလို့ ထင်နေတာ၊ ခုတော့လည်း တကယ့်ကို ကျန်းကျန်းမာမာကြီးအတိုင်း ပြန်တွေ့ရတာ၊ ဘယ်လိုဆေးဝါးတွေများ ခင်ဗျားမှာရှိလို့လဲဗျာ . . " ဟု ကိုမာဃလိက မေးလေ၏။

"ကြက်သွန်ပေါ့ဗျာ၊ ကြက်သွန်ဟာ ဂမုန်းတစ်မျိုးဗျ ကိုမာဃလိရဲ့၊ လွယ်လွယ်တွေ့နေလို့ လူတွေကအထင်မကြီးတာ၊ ကြက်က ဂြိုဟ်သက်(၁၅) ရတယ်လေဗျာ၊ သွန်က ဂြိုဟ်သက်(၂၁)ရတယ်လေဗျာ၊ ပေါင်းလိုက်ရင် နဝင်းကိုက်ပြီးသားဗျ၊ ပြီးတော့ ရှေးကဆရာကြီးတွေက ကြက်သွန်နဲ့သိကြားကို အားဆေးအဖြစ်တောင် သုံးကြတာ . . " ဟု ပြန်၍ ဖြေပြီးလျှင် ကိုမာဃကြီးသည် နှစ်ခြိုက်စွာရယ်၍နေလေ၏။

"ပြီးတော့ ခင်ဗျားက ပန်းပဲဆရာဆိုပေမဲ့ မြန်မာဆေးပညာကိုလည်း တတ်တယ်မို့လား၊ အဲဒါလည်း ပြောစမ်းပါဦးဗျ" ဟု ကိုမာဃလိက မေးလေ၏။





"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို ဆေးပညာ သင်ပေးခဲ့တဲ့ဆရာက ရှမ်းပြည်နယ်ဘက်ကဗျ၊ ဆရာ ရှမ်းလေးလို့ခေါ်ကြတာ၊ ကျုပ်က သူ့ဆီက ပညာရင်နို့ သောက်ခဲ့ရတာ၊ နည်းက လွယ်တယ်ဗျ၊ အကောက် အယူမှာ နည်းနည်းလေးနက်တယ်၊ နည်းပြောပါဆိုရင် နာရီဝက်ပဲ၊ အကောက် အယူပြောပါဆိုရင်တော့ ဒီတစ်သက်ပဲ . . " ဟု ကိုမာဃကြီးက ပြောရာ ကိုမာဃလိက –

"စိတ်ဝင်စားစရာပါပဲဗျာ၊ နည်းနည်းပါးပါးပြောလို့ရရင် ပြောပြစမ်းပါ . . " ဟု ပြောလေ၏။

"ဒီလိုဗျ . . ၊ လူဟာ အသက်အပိုင်းလိုက် အပူရုပ်၊ အအေးရုပ် ဖြစ်ပေါ်နေတယ်၊ အဲဒါကို ကျုပ်ဆရာက ဘယ်လိုပြောသလဲဆိုတော့ ရောဂါသည်ရဲ့ အသက်ကို (၇)နဲ့စားလိုက်၊ (၁)ဖြစ်စေ၊ (၃)ဖြစ်စေ၊ (၆) ဖြစ်စေကြွင်းရင် အပူဓာတ်ခိုက်တယ်လို့ပြောတယ်ဗျ၊ အဲဒါကို သူက 'အိုးစည်သံ' လို့ နာမည် ပေးထားတယ်၊ (၂) ဖြစ်စေ၊ (၀) ဖြစ်စေ၊ (၄)ဖြစ်စေ၊ (၅)ဖြစ်စေ . . ကြွင်းရင် အအေးဓာတ်ခိုက်တယ် လို့ပြောတယ်ဗျ၊ အဲဒါကိုတော့ သူက 'ခွန်းနွဲ့လေပြည်' လို့ နာမည်ပေးထားတယ်ဗျ၊ အပူဓာတ်ခိုက်တဲ့လူကို အကြော်အလှော်ပူပူနွေးနွေးတွေကျွေးပြီး ကုတာပဲဗျ၊ အအေးဓာတ်ခိုက်တဲ့လူကို ချဉ်ရေဟင်းကျွေးပြီး ကုလေ့ရှိတယ်ဗျ၊ ကျုပ်က ဝါသနာပါတာပါဗျာ၊ သိပ်ပြီး အကျွမ်းကြီးထဲက မဟုတ်ပါဘူး၊ ဒါပေမဲ့ ဆရာနဲ့တော့ လက်ထပ်သင်ထားတာပဲဗျို့ . . " ဟု ကိုမာဃကြီးက ပြောလေ၏။

"ဘာပဲဖြစ်ဖြစ်ဗျာ ကျုပ်လည်း ခင်ဗျားဆီမှာ အဲဒီပညာကို သင်ရဦးမယ်ဗျာ၊ ကျုပ်ကို သင်ပေးစမ်းပါ . . " ဟု ကိုမာဃလိက



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။

"ကျွန်ုပ်ဆီမှာ မသင်ပါနဲ့ဗျာ၊ ကျုပ်ရဲ့ဆရာ ဆရာရှမ်းလေးဆီမှာ သင်စမ်းပါ၊ သူက အသက်ခုနစ်ဆယ်ကျော်ပြီဗျ၊ မိန်းမငယ်ငယ်လေးယူပြီး ဟိုးအညာဘက်မှာ ဇာတ်မြှုပ်သွားလေရဲ့၊ အဲဒါကြောင့် သူ့ဆီကို လိုက်ပို့ပေးမယ်ဗျာ၊ တစ်ခုတော့ရှိတာပေါ့ဗျာ၊ သူက မိန်းမနဲ့ပတ်သက်လာရင် သဝန်ကြောင်တယ်ဗျ၊ အဲဒါနဲ့ပတ်သက်လာရင် သည်းခံရပေမပေါ့. . ."ဟု ကို မာဃက ပြောလေ၏။

"ဘာပဲဖြစ်ဖြစ်ဗျာ ကိုယ်က ပညာသင်ချင်တယ်ဆိုတော့ သည်းခံရမှာပဲပေါ့၊ ကျောက်ထိုးဆရာ အလုပ်က ပင်စင်ယူတာနဲ့ သင်မယ်ဗျာ၊ လိုက်ပြီးပို့စမ်းပါ. . ."ဟု ကိုမာဠလိက ပြောလိုက်လေတော့သတည်း။

▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

# ကလေကချေ ဒေါင်းဆိုး

ရန်မလိုရွာ သူကြီးမင်းဦးကြက်ဆန်ကွဲ၏ခမ်းနားလှသော ကျွန်းအိမ်မည်းမည်းကြီး၏ အပေါ်ထပ်တွင် သူကြီးသားကြက်တောသည် လမ်းမဘက်ကိုမျှော်ကြည့်ရင်း ငွေပူကြီးမတ်တပ်ရပ်၍နေလေ၏။ အချိန်မှာ ညနေ နွားရိုင်းသွင်းချိန်ဖြစ်၏။

ကြက်တောသည် တစ်စုံတစ်ခုကို မကျေနပ်သည့်သဘောဖြင့် မကြာခဏ တောက်ခေါက်လျက်ရှိလေ၏။ ထိုအချိန်၌မှာပင် ခြံဝင်းအတွင်းသို့မြင်းတစ်စီးဝင်လာလေ၏။ မြင်းပေါ်မှ လူသည် မြင်းရိုက်သော ကြာပွတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ကာ ခုန်၍ဆင်းပြီးလျှင် အပေါ်ထပ်သို့ ပြေး၍တက်လာလေ၏။

"သြော်.. ဒေါင်းဆိုး..၊ မင်းက လာသေးသကိုး.."ဟု ကြက်တောက ပြောလိုက်ရာ သူ၏ညီဒေါင်းဆိုးက –

"ရုပ်ချောပြီး သဘောကောင်းတဲ့ အစ်ကိုတစ်ယောက်က ခေါ်တယ်ဆိုတော့လည်း လာရတာပေါ့ဗျာ ...၊ ဘာများပေးဦးမလဲလို့ မျှော်လင့်ခဲ့ပါတယ်၊ ငါ့ညီလေး ဒေါင်းဆိုးဟာ အဖေက စိတ်ဆိုးလို့မောင်းထုတ်ထားတာ ...၊ စားရမဲ့ သောက်ရမဲ့များ ဖြစ်နေမလားဆိုပြီး အစ်ကိုက ပိုက်ဆံခေါ်ပေးမလားဆိုပြီး အပြေးလေးလာခဲ့တာဗျို့..."ဟု ပြောင်စပ်စပ်မျက်နှာဖြင့်ပြောလေ၏။

"ဟောကောင်.. ရွှတ်နောက်နောက် လုပ်မနေနဲ့၊ သေချင်လို့လား ..."ဟု ကြက်တောက ကြိမ်းမောင်းလိုက်လေ၏။

"သေချင်တဲ့လူရယ်လို့ လောကမှာ ရှိပါ့မလားဗျာ ...၊ အသက်ရှည်ချင်တဲ့လူချည်းပဲ၊ ဒါကြောင့် အသက်ရှည်ရာ အနာမဲ့ကြောင်းလို့ ရှာဦးကျောင်းဆရာတော်က ဆုပေးတာပေါ့ဗျ။ ကျုပ်ကတော့ မသေချင်ပေါင်ဗျာ ...၊ သစ်ပင်ပိပြီး သေတဲ့လူရဲ့မိန်းမ အမာနီဆိုတဲ့ မုဆိုးမလေးကို မယားမပီ၊ သားမပီနိုးပြီးပေါင်းနေတဲ့လူကို အဲဒီမုဆိုးမလေးက ငွေဘယ်လောက်ပေးရမယ်၊ မပေးရင် သူကြီးကို တိုင်လိုက်မယ်လို့ အကြပ်ကိုင်ခံနေရတဲ့လူများဆိုရင်တော့ သေချင်စိတ်ပေါက်ချင်ပေါက်ပေမပေါ့ဗျာ၊ ကျုပ်မှာ အဲဒီအဖြစ်မျိုးမှမရှိဘဲ၊ ဘယ်သေချင်ပါ့မလဲ ကိုကြက်တောကြီးရယ်.."ဟု ဒေါင်းဆိုးက ပြောလိုက်ရာ ကြက်တောသည် အရှိက်ကို ထိုးမိသွားသည့်ပမာ ငူငူငိုင်ငိုင်ကြီးဖြစ်သွားလေ၏။ ထို့နောက်မှ –

"ဟောကောင် ဒေါင်းဆိုး..၊ မဆိုင်တာတွေ မပြောနဲ့၊ မကြာခင်





ပြန်ပေးပါ့မယ်ဆိုပြီး မင်း ငါ့ဆီကယူသွားတဲ့ ငွေသုံးထောင်ဟာ ငါ့ငွေမဟုတ်ဘူးကွ၊ အဖေ ကောက်ထားတဲ့ အမတော်ကြေးငွေတွေ၊ အဲဒါမပေးရင် ငါ့မှာလည်း စိုက်စရာမရှိဘူး။ အဖေ့မှာလည်း မရှိဘူးကွ၊ အဖေ ထောင်ကျသွားလိမ့်မယ်၊ တို့အဖေ ဦးကြက်ဆန်ကွဲဟာ နာမည်တစ်လုံးနဲ့ ဂုဏ်သိက္ခာရှိတဲ့ သူကြီးကွ၊ အဲဒီလိုဖြစ်သွားပြီဆိုရင် ပြီးပါလေရောကွာ ...၊ အဲဒီတော့ အဲဒီငွေကို အမြန်ဆုံးပေးပါ.."ဟု ကြက်တောက ပြောလေတော့၏။

"မိုးကြိုးက ဆယ့်တစ်ချက်ပစ်ရစေရဲ့...၊ မြွေဆိုးက ကိုးဆယ့်ကိုးကောင်ကိုက်ရစေရဲ့ ...၊ ကျုပ်မှာ ငွေဆိုလို့ ကြေးပြားအပဲ့ လေးတစ်ပြားတောင် မရှိပါဘူးဗျာ.."ဟု ဒေါင်းဆိုးက ကျိန်တွယ်၍ ပြောလေ၏။

"မိုးကြိုးက ဘာဖြစ်လို့ ဆယ့်တစ်ခါတည်း ပစ်ရမှာလဲ၊ မင်းခေါင်းပေါ်ကို တစ်ဒါဇင်ပြည့်အောင်ပစ်ချလိုက်ပါလား.." ဟု ကြက်တောက ဒေါနှင့်မောနှင့် ပြန်၍ပြောလေ၏။

"တစ်ဒါဇင်ပစ်လို့ မဖြစ်သေးဘူး ကိုကြက်တောကြီးရဲ့...၊ မိုးကြိုးတစ်လုံးက ဟောဒီအိမ်ကြီး ပေါ်ပစ်ချဖို့ ချန်ထားရဦးမယ်၊ ဒီအိမ်ကြီးရှိပြီး ဒီအိမ်က အငယ်ဆုံးသားတစ်ကောင်ဟာ ဒီအိမ်ကြီးမှာ နေခွင့်မရဘူးဆိုတာ ဘယ်လောက်များ ရင်နာစရာကောင်းသလဲဗျာ.."ဟု ဒေါင်းဆိုးက ညှိုးငယ်သောမျက်နှာအမူအယာလေးကိုလုပ်၍ ပြောလေ၏။

"အဲဒီလိုဆိုရင်လည်း မြွေဆိုးက အကောင်တစ်ရာပြည့်အောင် ကိုက်လိုက်ကွာ..၊ ဘာဖြစ်လို့ ကိုးဆယ့်ကိုးကောင်ပဲကိုက်ရမှာတုံး.."ဟု ကြက်တောက မေးပြန်လေ၏။

"သြော်ဗျာ..၊ အကောင်တစ်ရာကိုက်ပြီး သေသွားရင် ပိုပြီးကောင်းပါတယ်၊ ဒါပေမဲ့.. တစ်ကောင်တော့ ချန်ထားရဦးမယ်ဗျို့...၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အစ်ကို ကိုကြက်တောကြီးတစ်ယောက် တိတ်တိတ်ပုန်း ယူထားတဲ့ မိန်းမက ငွေညှစ်လို့ သေချင်စော်နံနေတာ . . .၊ သူ့အတွက်တော့ သနားသောအားဖြင့် တစ်ကောင်လောက်တော့ ချန်ထားရပေမပေါ့ . .'' ဟု ဒေါင်းဆိုးက သနားဖွယ်ကောင်းသောလေသံကို လုပ်၍ပြောလေ၏။

''ဟေ့ကောင် . . မင်းနဲ့ အပိုစကားပြောဖို့ အချိန်မရဘူး၊ အဲဒီငွေကို ဘယ်တော့ပေးမလဲ၊ မပေးရင်တော့ မင်းကို လည်ပင်းညှစ်ပြီး သတ်ရလိမ့်မယ် . .''ဟု ကြက်တောက ကြိမ်းမောင်းကာ ရှေ့သို့တိုးသွားလေ၏။ ထိုအခါ ဒေါင်းဆိုးက –

''ပေးမယ့်ရက်ကို အတိအကျပြောရရင်တော့ ကမ္ဘာလဆန်း တစ်ရက်နေ့ပေါ့ဗျာ . . .၊ အဲဒီနေ့ဟာ တနင်္ဂနွေနေ့ကျမလားမဆိုနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒီနေ့မှာတော့ အမှန်တကယ်ပေးပါ့မယ်ဗျာ . .''ဟု ရွှတ်နောက်နောက်မျက်နှာဖြင့် ပြောလိုက်လေ၏။

ကြက်တောသည် စိတ်ကို မထိန်းနိုင်တော့ဘဲ ဒေါင်းဆိုးအပေါ်သို့ ခုန်အုပ်၍ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်လေ၏။ ဒေါင်းဆိုးကလည်း အရှုံးမပေးဘဲ ကြက်တော၏ငယ်ပါကို ညှစ်လေ၏။ ထို့အပြင် ဒေါင်းဆိုးက–

''တကယ် စိန်ပြီလား ကိုကြက်တော . .၊ စိန်ပြီဆိုရင်တော့ သူညှစ်ကိုယ်ညှစ်ပဲ . .''ဟု ပြောလိုက်ရာ ကြက်တောသည် ဒေါင်းဆိုး၏ လည်ပင်းကို ညှစ်ကိုင်ထားရာမှ ဆောင့်၍တွန်းလိုက်လေတော့၏။ ဒေါင်းဆိုးလည်း လူချင်းကွာသွားသည်နှင့်တစ်ပြိုင်နက် ခါးတွင်ထိုးထားသော မြင်းရိုက်ကြာပွတ်ဖြင့် ကြက်တော၏မျက်နှာကို ရွှမ်းကနဲ ရိုက်ကာ

''ကိုကြက်တော . . ခင်ဗျားရော ခင်ဗျား အဖေဦးကြက်ဆန်ကွဲကြီး





ရောဟာ လူညံ့တွေဗျ။ ဘယ်တော့မှ ယှဉ်ဖို့စိတ်မကူးနဲ့ . . .၊ဒါက နမူနာပေးခဲ့တာ၊ အဲဒီစပ်ဖျင်းဖျင်း အရသာလေးကို မြည်းစမ်းပြီးမှ စိန်ခေါ်စမ်းပါဗျာ . .၊ ဟဲဟဲ . . ပြောရဦးမယ်၊ စိန်ဆိုလို့ ခုမှသတိရတယ် . .၊ ခင်ဗျားအဖေ့ပိုက်ဆံနဲ့ပြီးတော့ မှဆိုးမအမာနီကို ဝယ်ပေးထားတဲ့ စိန်နားကပ်ဟာ သူ့လက်ထဲကနေ သူနဲ့ဖြစ်နေတဲ့ ညိုမောင်ဆိုတဲ့ ကောင်လေး လက်ထဲကို ရောက်သွားတယ်၊ အဲဒီကောင်လေးကတစ်ဆင့် ဖဲဝိုင်းထဲကို ရောက်လာတယ်၊ အဲဒီစိန်နားကပ်ဟာ သယ်န်းကျွန်းက ဖဲကြောင်ပါး သာဉာဏ်လက်ထဲကို ရောက်သွားပြီ၊ အမာနီပန်နေတဲ့နားကပ်ဟာ စိန်မဟုတ်ဘူး၊ ခင်ဗျားသိမှာ စိုးလို့ ဥသျှဖယားကို ငွေနဲ့လုပ်ပြီး ရွှေရည်စိမ်ထားတာ ကိုကြက်တောကြီးရေ . .၊ ခင်ဗျားလောက် အ,တဲ့လူကြီးကို အဲဒီမှဆိုးမ . .''ဟုပြောလိုက်လျှင် ကြက်တောသည် မျက်နှာကြီးနီမြန်း၍–

''တော်. . ဟေ့ကောင်၊ မဟုတ်တာတွေ မပြောနဲ့ . .၊ အမာနီဟာ သစ္စာရှိတယ်ကွ . .''ဟု ပြန်၍ပြောလိုက်လေ၏။

''သစ္စာရှိတာ ခင်ဗျားအသိဆုံးပါဗျာ . .၊ သူ့လင်သစ်ခုတ်သွားတုန်း ခင်ဗျားနဲ့ မြက်ပင်ချုံထဲမှာ နှစ်ပါးသွားတာလေ၊ အဲဒါကြောင့် ဟိုငတိသစ်ပင်ပိသေရတာဗျ။ မေ့သွားပြီလား . .၊ မှတ်ဉာဏ်ကောင်း အောင်ယုံရွက်ပြုတ်တို့နော် . .''ဟု ဒေါင်းဆိုးက ပြောင်စပ်စပ်မျက်နှာဖြင့် ပြောလိုက်လေ၏။ ကြက်တောသည် လွန်စွာစိတ်ဆိုးနေ၏။

''အဲဒါက ခင်ဗျားညံ့တာကိုပြောတာ .၊ အဘိုးကြီးညံ့တာကိုလည်း ပြောပြဦးမယ်၊ ဦးကြက်ဆန်ကွဲကြီး ညံ့လိုက်ပုံကတော့ . . ကားလမ်းထမင်းဆိုင်က မိန်းမကြီးကို သူက သွားကပ်တယ်၊ ဟိုမိန်းမကြီးက အိမ်ဆောက်ခိုင်းတယ်၊ ကားလမ်းနံဘေးက နှစ်ထပ်အိမ်အမည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ အဲဒီမိထွေးတော်ကြီးရဲ့အိမ်ဗျ၊ ဘယ်ကသစ်တွေနဲ့ ဆောက်သလဲ
သိလား၊ သစ်သူခိုးတွေဆီက ဖမ်းထားတဲ့သစ်တွေနဲ့ ဆောက်တာ၊ အခု
သစ်တောဘက်က အဲဒီသစ်တွေပို့ ဖို့တောင်းနေပြီ၊ အဘိုးကြီး လျှာထွက်
နေပြီ၊ အဲဒီသစ်တွေ မပို့နိုင်ရင် အဘိုးကြီးထောင်ကျမှာ၊ အဘိုးကြီး
ထောင်ကျတာနဲ့ အဲဒီမိန်းမကြီးက သူတို့ဆိုင်မှာ အမြဲ ထမင်းစားတဲ့
အဝေးပြေး ကားအရှိင်ဘာ သျှောင်ပိုကို အဲဒီအိမ်ပေါ် ဆွဲတင်လိုက်မှာ...၊
သျှောင်ပိုက မနေ့ကတောင် ကျုပ်ကို လာရိုနေသေးတယ်၊ မင်းအဘိုး
ကြီးကလည်းကွာ ထောင်က မကျနိုင်သေးဘူး၊ သူ ထောင်ကျတာနဲ့ငါက
အဲဒီအိမ်ပေါ်တက်နေရမှာ၊ ငါ့အဖို့ နေစရာလည်းရမယ်၊ အဘွားကြီးက
ထမင်းဆိုင်ဆိုတော့ ငါးရဲ့အူဆီပြန်ဟင်းနဲ့ နေ့တိုင်းစားရ မှာကွ၊ ငါးရဲ့အူက
ဘယ်ကလာသလဲဆိုတော့ ပကိုင်ဘက်က အင်းကလာတာကွ၊ အဘွား
ကြီးကလည်း မခါးဘူးကွ၊ ငါးရဲ့အူကလည်း ချိုတယ်လို့တောင် ကျုပ်
ကို လာရိုသွားသေးတယ်၊ ဒီမှာ ကိုကြက်တော...၊ ခင်ဗျားတို့သားအဖ
ညှံ့ပုံကတော့ ကျုပ်ဟာ ကလေ ကချေပိုင်းမှာ အတော်မျက်နှာပူနေရတယ်
ကြည့်လည်းလုပ်ကြပါဗျာ ...၊ လောကကြီးမှာ မျက်နှာမပူချင်လို့ ကလေ
ကချေလုပ်တာဗျ၊ အခုတော့ဗျာ ကလေကချေဘဝမှာတောင် မျက်နှာပူ
ရတယ်ဆိုတော့ မဟုတ်သေးဘူးဗျာ...၊ ကဲသွားမယ်...'' ဟုဆိုက
ဒေါင်းဆိုးသည် ကိုးရိုကားယား က,ပြ၍ အောက်သို့ ပြေးဆင်းသွားပြီ
လျှင်မြင်းပေါ်သို့ လွှားကနဲခုန်တက်ကာ ကဆုန်စိုင်း၍ ထွက်သွားလေ
တော့သတည်း ...။ ။

▲



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

# လိုက်တော်မူ

ကိုမာဃသည် သံထည်ပစ္စည်းများကိုကြိုးစား၍ ဆိုင်သို့ ပို့၏။ ငွေများရလာသည်နှင့် ရွှေဒင်္ဂါးပြားများဝယ်ကာ မာဃဝါဖိတ်ဟု နာမည်ထိုးထားသော သားရေအိတ်ကြီးအတွင်းသို့ထည့်လေ၏။

ရွှေဒင်္ဂါးပြားများသည် သားရေအိတ်ကြီး ပြည့်မောက်သည်အထိ ရှိနေပြီဖြစ်၏။ ကိုမာဃကြီးသည် ရွှေများစွာပိုင်ဆိုင်နေပြီဖြစ်သောကြောင့် လွန်စွာမှ ပျော်ရွှင်နေလေ၏။ ညအိပ်ရာဝင်ခါနီးတွင် မြေကြီးအောက်၌



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားသော ရွှေအိတ်ကိုထုတ်၍ စားပွဲခုံပေါ်တွင် ဖယောင်းတိုင် (၆၄) တိုင်ထွန်းပြီးလျှင် ရွှေဒင်္ဂါးပြားများကိုချကာ တစ်ပြားစီအရေသာခံ၍ ကိုင်တွယ်ကြည့်ရှုလေ၏။ ထိုသို့ ကိုင်တွယ်ကြည့်ရှုရင်း ပါးစပ်မှလည်း–

"ရွှေဒင်္ဂါးတွေ့ . . မင်းတို့ဟာ သိပ်လှတာပဲ၊ မင်းတို့ရဲ့ အဆင်းဝဏ္ဏဟာလည်း လင်းသဗျာ . . ၊ ဝင်းသဗျာ . . ၊ မင်းတို့ရဲ့ အလေးဂဏှာဟာလည်း လေးသဗျာ၊ နှစ်သဗျာ၊ ဒါကြောင့် ငါကမင်းတို့ကို ချစ်တာ . . ၊ လောဘကြီးလို့မဟုတ်ဘူး၊ ချစ်ရမှာမို့ ချစ်တာ၊ မင်းတို့ကလည်း ငါ့ကိုချစ်ကြပါကွာ၊ ငါ့ဆီက ဘယ်ကိုမှမသွားနဲ့၊ ဘယ်သူခေါ်ခေါ်မလိုက်နဲ့ ကြားလား . . ၊ ကိုမာဃကြီးနဲ့ မင်းတို့ရွှေဒင်္ဂါးတွေနဲ့က နှစ်ယောက်လည်းမဟုတ်ဘူး၊ နှစ်ခုလည်းမဟုတ်ဘူး၊ တစ်ခုတည်းတစ်သားတည်း၊ ရွှေလည်း မာဃ၊ မာဃလည်း ရွှေ . . ၊ ဟေးဟေး . . ၊ ဓားပြတိုက်လို့ ပါသွားလည်းပြန်လာကြနော်၊ သူခိုးခိုးလို့ ပါသွားလည်း ငါ့ဆီကိုပြန်လာကြ၊ တခြားသူက ငါ့လောက် မင်းတို့ကို ချစ်မှာမဟုတ်ဘူး၊ ငါက မင်းတို့ကိုတအားချစ်တာ . . "ဟု နေ့စဉ်နေ့တိုင်းပြောလေ့ရှိလေ၏။ ထိုသို့ ပြောသည်မှာ နံနက်အိပ်ရာထလျှင်တစ်ကြိမ်၊ ညအိပ်ယာဝင်လျှင် တစ်ကြိမ် ဖြစ်၏။

တစ်နေ့တွင် ကိုမာဃကြီးသည် သံထည်ပစ္စည်းများပို့၍ မိုးစုပ်စုပ်ချုပ်မှမှန်အိမ်ကလေးကို လက်တွင်ဆွဲကာ တောင်ဝှေးရှည်ကြီးကို တဒေါက်ဒေါက်ထောက်လျက် ရွာထိပ်ကားလမ်းမှ ရွာဘက်ဆီသို့ တရွေ့ရွေ့ လျှောက်လာလေ၏။ ၎င်း၏အိမ်အနီးသို့ ရောက်သောအခါ အနည်းငယ် မောပန်းသောကြောင့် လေးထောင့်ပုံသဏ္ဌာန်ဖြစ်သော ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်ချ၍အမောဖြေလေ၏။ မှန်အိမ်ကလေးကိုမူ မီးထွန်းလျက်သား





မြေပြင်ပေါ်တွင်ချထား၏။ ထိုင်မိပြီးများမကြာမီ၌ပင် ကိုမာဃကြီးသည် လိပ်ပြာလွင့်ကာ သတိလစ်မေ့မျောသွားလေတော့၏။

သတိပြန်၍ရလာသောအခါ၌ ကောင်းကင်သို့ မော့ကြည့်လိုက်ရာ ခုနစ်စဉ်ကြယ်သည် အမြီးထောင်နေပြီဖြစ်၏။

"အလို . . ညသန်းခေါင်ရောက်နေပြီပဲ၊ ငါ လိပ်ပြာလွင့်သွားတာ ညရှစ်နာရီလောက်ကတည်းက လွင့်သွားတာ၊ လေးနာရီလုံးလုံး ဒီနေရာမှာရှိနေခဲ့တာပဲ . . "ဟု စိတ်တွင်းမှရေရွတ်ကာ အိမ်ကလေးဆီသို့ ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်လျှင် စားပွဲပေါ်၌ ဖယောင်းတိုင် (၆၄) တိုင်ကို ပိုင်းပတ်၍ ထွန်းလေ၏။ ပြီးလျှင် ဗိုဘေးရှိရေအိုးစင်မှ ရေအိုးကို မ,၍ချကာ ရေအိုးစင်ကိုဖယ်၏။ ပြီးလျှင်ခင်းထားသော အုတ်ခဲလေးခဲကို ဖယ်လိုက်၏။ ထို့နောက် မြေကြွင်းအဖုံးကိုဖွင့်ကာ လက်ကိုနှိုက်၍ ရွှေဒင်္ဂါးထည့်ထားသော သားရေအိတ်ကြီးကို စမ်းလိုက်လေ၏။ သို့ရာတွင် အိတ်ကြီးမှာ မရှိတော့ပေ။ ကိုမာဃကြီးသည် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ မှန်အိမ်ကိုဆွဲယူ၍ မြေကြွင်းအတွင်းသို့ချကာကြည့်လေ၏။ သို့ရာတွင် အိတ်ကြီးမှာ မရှိတော့ပေ။ ထိုအခါ၌ ကိုမာဃကြီးသည် ရူးသွပ်သကဲ့သို့ ဖြစ်သွားလေ၏။

"ငါချစ်တဲ့ရွှေတွေမရှိတော့ဘူး၊ ငါချစ်တဲ့ ရွှေတွေမရှိတော့ဘူး . . "ဟု အော်ဟစ်ကာရန် မလိုရွာအတွင်းသို့ ပြေးဝင်သွားလေ၏။

ရွာလယ်ရှိသုဓမ္မာဇရပ်တွင်ကား ကမ္ဘာ့အရေးကို စိတ်ဝင်စားသော ရွာသားအချို့သည် ဂျာမဏီပြည်မှဟစ်တလာအကြောင်းကို ပြောနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟစ်တလာဆိုတာ တခြားလူမဟုတ်ဘူး၊ စကြာမင်းသား ဝင်စားတာ. . ." ဟု ဆယ်အိမ်ခေါင်းက ပြောလေ၏။

"ဟုတ်တယ်ဗျ. . .၊ ခေတ်နဲ့လာတဲ့ ပုဂ္ဂိုလ်ဗျ၊ လူတွေက သူ့နာမည်ကို'ဟစ်'ပြီး'တ'ရင် သူ 'လာ'မယ်လို့ပြောတာဗျ" ဟု ရွာဆော်ကြီးက ပြောလေ၏။ ထိုအခါ ကျန်တစ်ယောက်ကလည်း –

"ခင်ဗျားတို့ ဟစ်တလာက အရေးမကြီးပါဘူးဗျာ၊ အရေးကြီးတာက ပါတော်မူသွားတယ်ဆိုတဲ့ ကျုပ်တို့ သီပေါမင်းလေးရဲ့ ကိစ္စပဲဗျ. . ."ဟုပြောလျှင် ဆယ်အိမ်ခေါင်းက –

"ဘယ်ပုံအရေးကြီးတာလဲ လုပ်စမ်းပါဦး ကျောင်းဒကာရဲ့. . ."ဟု ပြန်၍ထောက်လိုက်ရာ ကျောင်းဒကာအခေါ်ခံရသူက –

"ကျုပ်တို့ရဲ့ သီပေါမင်းကို ဗြိတိသျှက တရားခံလို ဖမ်းသွားတာဆိုရင် သူတစ်ဦးတည်းပါသွားမှာဗျ၊ ခင်ဗျားတို့ စဉ်းစားကြည့်လေ၊ မဂိုဘုရင် စပါးရှားဆိုတဲ့ ပုဂ္ဂိုလ်ကို မဂိုတိုင်းပြည်ကနေပြီးတော့ ဖမ်းလာပြီး ရန်ကုန်မြို့ ရွှေတိဂုံဘုရားနားမှာ အချုပ်ချထားတယ်လေ၊ သူလည်းပဲ မဂိုပြည်ကနေ ဒီကို ပါတော်မူလာတာပေါ့ဗျာ၊ သူတစ်ပါးထဲဗျ၊ မိဖုရားတွေ၊ ရံရွှေတော်တွေ မပါဘူးဗျ၊ အဲဒါကတော့ ပါတော်မူတာ သေချာတယ်ဗျ၊ အခု ကျုပ်တို့ရဲ့ သီပေါကိုယ်တော်လေးကတော့ သူတစ်ပါးတည်း မဟုတ်ဘူးနော်၊ မိဖုရားဖြစ်တဲ့ စုဖုရားလတ်လည်းပါတယ်၊ ဝဿန်တို့ ပေမန်တို့ဆိုတဲ့ အပျိုတော်လေးတွေလည်းပါတယ်၊ ပန်းတဉ်းဝန်တောင် ပါသေးသဗျာ၊ အဲဒီတော့ ပါတော်မူတာ မဖြစ်နိုင်ဘူးဗျ၊ သူ့ကိုဖမ်းပါ၊ တိုင်းပြည်ကို ဒုက္ခမပေးပါနဲ့၊ သူလိုက်ပါ့မယ်ဆိုပြီး ဗြိတိသျှအစိုးရနဲ့ညှိပြီး သူခေါ်ချင်တဲ့လူတွေပါ ခေါ်သွားတာဗျ. . .၊ အဲဒီတော့ ပါတော်မူတာမဖြစ်နိုင်ဘူး၊ လိုက်တော်





မူတာဖြစ်မယ်. . ."ဟု ပြောလိုက်လျှင် ဆယ်အိမ်ခေါင်းသည် လွန်
စိတ်ဆိုး၍သွားလေ၏။

"ကျောင်းဒကာတို့လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ အမြီးအမော
မတည့်တဲ့စကားတွေ အလွန်ပြောတယ်၊ လူတိုင်းက ပါတော်မူတယ်
ပြောနေကြတာကို သူ့ကျမှ လိုက်တော်မူသတဲ့. . .၊ သူကြီးကြက်ဆန်
သိရင် ထိပ်တုံးခတ်ခံရမြို. . ."ဟု ကြိမ်းလိုက်လေ၏။

"ဒါကတော့ဗျာ. . .၊ ကျုပ်ပြောတဲ့စကားကိုလည်း မှန်ပါတယ်
ကျုပ်က မပြောပါဘူး၊ ကျုပ် စဉ်းစားမိတာကို ပြောတာပါ၊ သူကြီးကြား
ထိပ်တုံးခတ်မယ်ဆိုရင်လည်း ခတ်ပေါ့ဗျာ၊ ခင်ဗျားတို့က ကျုပ်ပြောတာ
လက်ခံမယ်ဆိုရင် ရှေ့ဘာတွေဖြစ် ဦးမယ်ဆိုတာတွေကို ကျုပ် စဉ်းစားထား
တာရှိတယ်ဗျ၊ အဲဒါ ကျုပ်ပြောပြမလို့ပါ. . ." ဟု ကျောင်းဒကာ
ပြောလိုက်ရာ ဆယ်အိမ်ခေါင်းက –

"မပြောနဲ့ဗျာ. . .၊ ခင်ဗျားပြောတာတွေက မဟုတ်က ဟုတ်က
တွေပဲဖြစ်မယ်၊ မပြောနဲ့တော့. . .၊ ဒီနေ့ကစပြီး ခင်ဗျားကို ကျောင်းဒကာလို့
မခေါ်တော့ဘူး၊ လိုက်တော်မူကြီးလို့ပဲခေါ်တော့မယ်. . ."ဟု ပြောလိုက်ရာ
ကြားရသူအားလုံးက လက်ခုပ်လက်ဝါးတီး၍ –

"ကောင်းတယ်. . . ကောင်းတယ်. . .၊ လိုက်တော်မူကြီး. . ."ဟု
အော်ဟစ်လိုက်ကြလေ၏။ ထိုအချိန်၌မှာပင် ကိုမာယာကြီးသည် အမော
တကောဖြင့် ၎င်းတို့အနီးသို့ ရောက်လာပြီး

"ကယ်ကြပါဦး ကယ်ကြပါဦး၊ ကျုပ်ချစ်တဲ့ ရွှေတွေပါသွားပြီ၊
သားရေအိတ်ကြီးနဲ့ တစ်လုံးဗျာ၊ ပါသွားပြီ. . .၊ ပါသွားပြီ. . ."ဟုပြောဆိုကာ
တဟီးဟီးငိုလေ၏။ ထိုအခါ ဆယ်အိမ်ခေါင်းက –



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..လိုက်တော်မူကြီး..၊ ဟောဒီမှာ ကိုမာဃကြီးရဲ့ ရွှေတွေ ပါသွားပြီတဲ့..၊ ပါတော်မူတာလား၊ လိုက်တော်မူတာလား..၊ ခင်ဗျား ပြော..''ဟုပြောလိုက်လေ၏။ ထိုအခါ ကျောင်းဒကာကြီးက –

"အရမ်းအဆုံးအဖြတ်ပေးလို့တော့ ဘယ်ဖြစ်မလဲဗျာ၊ ကြားနာ စစ်ဆေးရဦးမှာပေါ့..၊ ကဲ..ကိုမာဃကြီးပြော..''ဟုပြောလိုက်လျှင် ကိုမာဃကြီးသည် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေ၏။ ထိုအခါကျမှပင် ကျောင်းဒကာက –

"ကိုမာဃပြောတဲ့အတိုင်းဆိုရင်တော့ သူ့ရဲ့ ရွှေဒင်္ဂါးအိတ်ကြီးဟာ သူနိုးနဲ့ ညှိပြီးလိုက်သွားတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ပါသွားတာပဲ ဖြစ်မယ်၊ အဲဒီတော့ ပြောချင်ရင် ပါတော်မူတယ်သာ ပြောလိုက်ပါဗျာ..'' ဟု ပြောလိုက်ရာ ကြားရသူအပေါင်းလည်း ဝါးကနဲ ရယ်မောလေ၏။ ထိုအခါ ကိုမာဃသည် အူကြောင်ကြောင်ဖြစ်ကာ ထိုသူများ၏ မျက်နှာ ကိုကြည့်၍ –

"ကျုပ်ရဲ့ ရွှေဒင်္ဂါးအိတ်ကြီးပါသွားတာကို ခင်ဗျားတို့က ရယ်ကြ တယ်ဟုတ်လား၊ ခင်ဗျားတို့က ဝမ်းသာလို့လား..'' ဟု မေးလိုက်ရာ ဆယ်အိမ်ခေါင်းက –

"ဒီလိုသဘော မဟုတ်ပါဘူး ကိုမာဃရယ်၊ ကျုပ်တို့ရယ်တာက ကျုပ်တို့အကြောင်းနဲ့ပါ..၊ ခင်ဗျားကိစ္စက သူကြီးကိုတိုင်ပြီး ဂါတ်မှာ အမှုဖွင့်ရမယ့်ကိစ္စဗျ၊ ကဲ.ကဲ. သူကြီးကို သွားနှိုးမယ်ဗျာ..''ဟုဆိုကာ သုမ္ဗာဇရပ်မှ ထွက်ကြလေတော့၏။

လမ်းပေါ်သို့ရောက်လျှင် ကိုမာဃကြီးသည် စိတ်မထိန်းနိုင်တော့ ဘဲ အောက်ပါအတိုင်း အော်ဟစ်၍ သီချင်းဆိုလေတော့၏။





"ရွှေ..ငါလုပ်ထားတဲ့ရွှေ×××၊ နိုးရက်ပါပေ သူနိုးရွှေ× ပြန်ပေးစမ်းပါဟေ×××၊ ရွှေ×××၊ သဝေထိုး ရကောက် ဝဆွဲ ဟထိုး ရွှေ×××၊ ငါ တကယ် ချစ်တဲ့ရွှေ''ဟု သီချင်းပမာအော်ဟစ်၍ ဆိုလေ

သူကြီးအိမ်ရှေ့သို့ရောက်သောအခါ၌ အခြားသူများက 'သူကြ မင်း သူကြီးမင်း' ဟု အော်ဟစ်၍ နှိုးကြ၏။ ကိုမာဃကြီးကမူ အထက် အတိုင်း အော်ဟစ်၍ ဆိုနေလေ၏။

သို့ရာတွင် သူကြီးအိမ်၌ သူကြီးမရှိပေ၊ သူကြီးသည် ထမင် ရောင်းသော မိန်းမကြီးထံသို့သွား၍အိပ်နေပြီဖြစ်၏။ သူကြီးသာ ကြက်တောမှာလည်း မုဆိုးမအမာနီအိမ်သို့သွား၍ အိပ်နေပြီဖြစ်၏ မြင်းထိန်းငတိုမှာလည်း အရက်များအလွန်အကျွံမူး၍ နေကာ ဒယိမ်းဒယို ဖြင့်ထွက်လာလေ၏။ ထို့နောက် အကျိုးအကြောင်းကိုမမေးဘဲ ကိုမာဃကြီး ဆိုနေသည့် သီချင်းကိုလိုက်၍ဆိုလေတော့၏။ ထိုသို့ ဆိုရင်း –

"ကိုမာဃကြီးသီချင်းက သိပ်ပြီးအဓိပ္ပာယ်ရှိတာပဲ၊ ကျုပ် သိပ်ပြီးကြိုက်တယ်၊ ရွှေ×××၊ ငတို ချစ်တဲ့ရွှေ×××၊ သူနာမည်က ရွှေ×××၊ ကျုပ်နဲ့ နောက်မီးလင်းတဲ့ရွှေ×××၊ မရွှေ×××''ဟု အော်၍ဆိုသဖြင့် ဆယ်အိမ်ခေါင်းက ငတို၏ဖက်ပိုးကို ဖြောင်းကနဲ ရိုက်လိုက်လေ၏။ ပြီး လျှင် ငတိုအား –

"ဘယ်မလဲ ဦးကြက်ဆန်ကွဲ''ဟု မေးရာ ငတိုက –

"ရွာတန်းရှည်မှာ ကြက်စာကျွေးဖို့ ဆန်ကွဲသွားဝယ်တယ်..'' ဟု ဖြေလေ၏။

"သူကြီးသား ကြက်တောရော ...'' ဟု ဆယ်အိမ်ခေါင်း ကမေးပြန်ရာ ငတိုက –

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ရွာက မုဆိုးမလေး သူ့ရဲ့ကြောက်လို့ အဖော်သွား အိပ်ပေးရတယ်"ဟု ပြန်၍ဖြေလေ၏။

"မင်းက ဘာဖြစ်လို့ မူးနေရတာလဲ. . "ဟု ဆယ်အိမ်ခေါင်းက မေးပြန်ရာ ငွတိုက –

"ရွာတန်းရှည်က မရွှေဆိုတဲ့ မိန်းမကြီးနဲ့ ကျုပ်နဲ့ စက်ပုန်းခုတ်နေတာ၊ သူ့လင်ကြီးမိသွားလို့ စိတ်ညစ်တာနဲ့ အရက်သောက်နေတာ. . ၊ ခင်ဗျားတို့က တစ်စုတစ်ဝေးတ ပျော်တပါးကြီး ဘာလာလုပ်ကြတာလဲ. . " ဟု ပြန်၍မေးလျှင်

"ခွေးမျိုး ငွတို့. . ၊ မင်းက သူကြီးနဲ့ သိတယ်ဆိုပြီး ဆယ်အိမ်ခေါင်းကို ပမာမခန့်လုပ်တယ်ဟုတ်လား"ဟု ပြောကာ ဆယ်အိမ်ခေါင်းက ဖက်ပိုးကို ဖြောင်းကနဲရိုက်ပြန်၏။ ထိုအခါ ကိုမာဃက –

"ရွှေပျောက်ရှာပေးမယ့် သူကြီးလည်းပျောက်နေပြီ. . ၊ မရှာကြပါနဲ့တော့ဗျာ. . ၊ ကျုပ် ချစ်တဲ့ရွှေလေးတွေ ကျုပ်ဆီကို ပြန်လာမှာပါ. . "ဟု ကြေကွဲသံကြီးဖြင့် ပြောလိုက်လေတော့သတည်း။

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၆ )

## မာယ အေးဘိ

အထက်ပါအဖြစ်အပျက်များမှာ ကြာညောင်းခဲ့ပြီဖြစ်၏။ တစ်နေ့တွင်ကျောက်ထိုးဆရာကိုမာဍလိသည် ကိုမာယကြီး၏ အိမ်သို့ ရောက်လာလေ၏။ သူသည် အိမ်တွင်းသို့ဝင်သည်နှင့် ဘုရားစင်သို့လှမ်း၍ကြည့်လိုက်ရာ ဘုရားစင်ရှေ့ခုံတစ်ခုံပေါ်တွင် ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီးတစ်လုံးနှင့် ပွဲထိုးထားသည်ကို လည်းကောင်း၊ ဖန်ခွက်နှစ်ခွက်ဖြင့် ရေကပ်လှူထားသည်ကိုလည်းကောင်းတွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အလို့ . . ကိုမာဃကြီးတစ်ယောက် (၆၄) ပညာပြီးလို့ (၃၅) နဝင်းပညာကိုတက်သွားပြီပဲ . . "ဟုကိုမာဠလိကပြောလိုက်ရာကိုမာဃက

"တိုက်တိုက်ဆိုင်ဆိုင် ကိုမာဠလိရေ . . ၊ (၃၅) နဝင်းပညာကို ဒီနေ့မှတက်တာဗျ၊ မနက် ငါးနာရီထိုးတုန်းက ငှက်ပျောသီးနှစ်ဖီး၊ အုန်းသီး တစ်လုံး၊ သောက်တော်ရေနှစ်ခွက်၊ ဖယောင်းတိုင်နှစ်တိုင်နဲ့စတာပဲဗျို့ . . . ၊ သူက(၃၅)လလုပ်ရမှာလေဗျာ၊ သုံးနှစ်မှာတစ်လပဲ လျော့တယ်ဗျ၊ ကြန္တြာ နဝင်းဆိုတော့ သိကြားနဝင်းစပြီပေါ့ဗျာ . . "ဟု ပြောလေ၏။ ထိုအခါ ကိုမာဠလိက –

"မသိပါဘူးဗျာ . . ၊ ခင်ဗျားရဲ့ ရွှေဒင်္ဂါး အိတ်ကြီးပျောက်သွားလို့ အလုပ်စခန်း ပျက်သွားပြီလို့ထင်ပြီး စိတ်မကောင်းဖြစ်နေတာဗျို့ . . ၊ အလုပ်ကဖြင့် မပျက်ပေပဲကိုး . . " ဟု ပြောလိုက်လျှင် ကိုမာဃက –

"မပျက်ပါဘူး ကိုမာဠလိရယ် . . ၊ အလုပ်စခန်းကတော့ အပျက်ခံလို့မဖြစ်ပေဘူးဗျို့ . . ၊ လုပ်စရာရှိတာကို မှန်မှန်ကြီးလုပ်နေပါတယ်ဗျာ . . "ဟု ပြန်၍ပြောသောအခါ၌ ကိုမာဠလိက –

"ကောင်းပါပေ့ဗျာ . . ၊ ကဲ . . ကဲ . . ကျုပ်သွားမယ် . . " ဟုဆိုကာ ပြန်သွားလေတော့၏။ ကိုမာဃကြီးသည် တစ်နေကုန် ပန်းပဲထုလျက်ရှိလေ၏။

ညသို့ရောက်သောအခါ၌ အိမ်၏နောက်ဘက် မြေနီလမ်းလေးပေါ်တွင် ထိုင်ခုံကလေးချကာ အပန်းဖြေထိုင်ရင်း ပျောက်ဆုံးသွားသော ရွှေများကို တတွတ်တွတ်ခေါ်ယူလျက်ရှိလေ၏။

"ငါ့ရဲ့ ရွှေဒင်္ဂါးကလေးတွေ . . ငါ့ဆီ ပြန်လာခဲ့ကြ၊ မင်းတို့ကို ငါချစ်တယ်၊ သူခိုးဆီမှာ အကြာကြီးမနေကြနဲ့ . . ၊ မင်းတို့ဟာ ငါ့ရဲ့





သားသမီးတွေ၊ ငါ့ရဲ့ ချွေးနဲ့ရင်းထားတာကွ၊ သူခိုးက မင်းတို့အဖေ မဟုတ်ဘူး၊ မင်းတို့ပတွေး . . ၊ မင်းတို့အပေါ် ရက်စက်လိမ့်မယ် . . "ဟု ပြောနေလေ၏။ ဆောင်းဟွင်းဖြစ်သောကြောင့် နှင်းများကျကာ လွန်စွာမှ ချမ်းအေးလေ၏။ ထို့ကြောင့် ကိုမာဃကြီးလည်း မီးလင်းဖို အနီးတွင် မီးလှုံရန်အတွက် အိမ်တွင်းသို့ ပြန်၍ဝင်လိုက်လေ၏။

အိမ်တွင်းသို့ရောက်လျှင် မီးလင်းဖိုကို ကြည့်လိုက်ရာ မီးလင်းဖိုရှေ့ကြမ်းပြင်ပေါ်တွင် ပျောက်ဆုံးသွားသော ရွှေများကို အပုံလိုက်တွေ့ရလေတော့၏။ ထို့ကြောင့် ကိုမာဃကြီးသည် မျက်လုံးများ အရောင်တဖြတ်ဖြတ်ထွက်လာသည့်တိုင်အောင် ဝမ်းသာ၍သွားလေ၏။

"ငါ့ရွှေတွေ ပြန်ရောက်နေပြီ" ဟု ဆိုကာ ထိုရွှေပုံဆီသို့ ပြေးသွားပြီးလျှင် ကုန်း၍ ပွေ့လိုက်လေ၏။

အမှန်စင်စစ် ကိုမာကြီးထင်သကဲ့သို့ ရွှေများမဟုတ်ပေ၊ ရွှေရောင်ဂါဝန်ကလေး ဝတ်ထားသော လေးနှစ်ခန့်အရွယ် ကလေးတစ်ဦးဖြစ်နေ၏။ ကိုမာဃကြီးသည် ထိုကလေးကို ပွေ့ထားပြီးလျှင် –

"ရွှေ . . ရွှေ . . "ဟု အော်နေလေ၏။ ကလေးသည် လန့်နိုးပြီးလျှင် ကိုမာဃကြီး၏ မျက်နှာကိုကြည့်၍ ငိုလေ၏။ ထို့နောက်မှ –

"ရွှေမဟုတ်ဘူး . . ၊ တမီးနာမည် အေးဘီ . . "ဟု ပြောရှာလေ၏။

"ဟုတ်ပါတယ် ကလေးရယ် . . ၊ ရွှေတွေ ပြန်ရရင် အေးအေးပြီပေါ့၊ အေးဘီကို ရရင်လည်း အဘရွှေတွေပြန်ရတာပဲပေါ့ . . ၊ အိပ် အိပ် . . ကလေး . . ၊ ဘာမှမကြောက်နဲ့၊ အဘဆီမှာ မုန့်တွေလည်း အများကြီးရှိတယ်၊ ကစားစရာတွေလည်း ဝယ်ပေးမယ်၊ အကျီလှလှ၊



www.burmeseclassic.com

www.burmeseclassic.com



"ဟု ပြော
ဖိနပ်လှလှကလေးတွေလည်း ဝယ်ပေးမယ်၊ မငိုနဲ့တော့. . ." ဟု ပြော
လိုက်ရာ ကလေးသည် မငိုတော့ဘဲ မီးလင်းဖို၏အနွေးဓာတ်၊ ကိုမာဃကြီး
၏ မေတ္တာဓာတ်တို့အတွင်း နွေးထွေးစွာ အိပ်စက်သွားလေတော့၏။

နံနက်မိုးလင်းသောအခါ၌ ရန်မလိုရွာ တစ် ရွာလုံး လှုပ်လှုပ်ရွရွ
ဆူဆူညံညံဖြစ်နေ၏။ ယမန်နေ့ ညက ညဉ့်နက်သန်းခေါင်အချိန်တွင်
ရန်မလိုရွာသို့ ဝင်လာသော ခရီးသည်တင်ကားတစ်စီးမှောက်၍ လမ်းဘေး
ချောက်တွင်းသို့ ကျသွားသည်ဆို၏။ လူ အပြောက်အများ ဒဏ်ရာရ၏။
ဒရိုင်ဘာနှင့် ခရီးသည်သုံးဦးသေ ဆုံးခဲ့သည်ဆို၏။ ထိုသေဆုံး
သော ခရီးသည်သုံးဦးအနက်တစ်ဦးမှာ အမျိုးသမီးဖြစ်သည်ဟုဆို၏။ ထို
အမျိုးသမီး၏ ရင်ဝသို့ မှန်ကွဲစကြီးတစ်ခု စိုက်ဝင်ခဲ့သည် ဟုဆို၏။ မသေမီ
၌ ကိုမာဃလိနှင့် ထိုအမျိုးသမီးတို့ စကားပြောကြသေးသည်ဟုဆို၏။

တောင်ငူမှ တာဝန်ရှိသူများ ရောက်ရှိလာကြပြီးလျှင် မှောက်နေ
သော ကားကြီးကို ဆွဲထုတ်၍ တောင်ငူသို့ဆွဲသွား၏။ လူနာများကို တောင်ငူ
ဆေးရုံသို့တင်လိုက်သည်ဟုဆို၏။ သေဆုံးသွားသော အလောင်းသုံး
လောင်းကို တောင်ငူဆေးရုံရင်ခွဲတိုက်၌ပင်ထားရှိသည်ဟုဆို၏။

ထိုအထဲတွင် ထူးဆန်းသည်မှာ လေးနှစ်အရွယ် မိန်းကလေး
တစ်ဦး ပျောက်ဆုံးနေခြင်းပင်ဖြစ်၏။ ထိုကလေးမှာ ဧပြီလတွင် မွေးသော
ကြောင့် မိဘများက အေပြီဟု အမည်ပေးထားခြင်းဖြစ်၏။ ထိုဧပြီ ကလေး
မှာ ကားမှောက်သည့်အထဲတွင် တစ်ဦးတည်းသော ခလုတ်မထိ ဆူးမငြိသူ
ဖြစ်၏။ သတိမေ့ခြင်းလည်းမရှိ၊ အကောင်းပကတိ ဖြစ်၏။ ကျန်လူများမှာ
သတိမေ့သူ၊ ဒဏ်ရာရသူ၊ သေဆုံးသူများဖြစ်ကြ၏။ ထို့ကြောင့် ထိုကလေး
သည် မိခင်ကိုအော်ဟစ်၍ခေါ်ရင်းတရွေ့ရွေ့လျှောက်သွားရာ ကိုမာဃကြီး



၏ အိမ်သို့ရောက်သွားခြင်းဖြစ်၏။ ချမ်းအေးလွန်းသောကြောင့် မီးလင်းဖို
ဘေးတွင် လဲလျောင်းရင်း အိပ်ပျော်သွားခြင်းဖြစ်၏။

ထိုအချိန်၌ ကိုမာဃကြီးကကောက်၍ပွေ့ပြီးလျှင် 'ရွှေ. .
ရွှေ. . 'ဟု အော်လိုက်သောကြောင့် လန့်၍နိုးသွားခဲ့ခြင်းဖြစ်၏။ ထိုအခါ
ကလေးက သူ၏အမည်မှာ ရွှေမဟုတ်ကြောင်း၊ အေပြီဖြစ်ကြောင်း ပြောရှာ
သေး၏။ သို့ရာတွင် အေပြီဟူသော အမည်ကို ပီအောင်မခေါ်နိုင်သော
ကြောင့်အေးဘီဟုသာ အသံထွက်လေ၏။ ကိုမာဃကြီးကလည်း အေးဘီ
ဟုသာခေါ်လေ၏။

နံနက်မိုးလင်းသောအခါ၌ သူကြီးဦးကြက် ဆန်ကွဲသည် သူ၏
ရွာသူရွာသားများကို သုဓမ္မာ ဇရပ်တွင် မောင်းထု၍ စုရုံးရန် ဆော်ဩလေ
၏။ ရွာသူရွာသားများအားလုံး စုဝေးကြလေ၏။ ကိုမာဃ ကြီးမှာလည်း
အေးဘီကလေးကို ပွေ့ချီလျက် သုဓမ္မာဇရပ်သို့ သွားရောက်စုဝေး ရလေ၏။

ဦးကြက်ဆန်ကွဲက ရွာသူရွာသားများအား

"ညက. . ရွာနားမှာ ကားမှောက်တယ်၊ လူသုံးယောက်သေတယ်၊
ကျန်တဲ့လူတွေ ဒဏ်ရာရ တယ်၊ လေးနှစ်အရွယ်မိန်းကလေးတစ်ဦး
ပျောက်သွား တယ်၊ ဒီရွာက ရ,ထားတဲ့လူရှိရင် ကလေးကို လာပို့ ပါ. . ."
ဟုကြေညာလေ၏။ ထိုအခါ ကိုမာဃကြီးက ရှေ့သို့ထွက်လာပြီးလျှင်–

"သူကြီးမင်း. . ၊ အဲဒီကလေးကို ကျုပ် ရ,ထားတယ်၊ ဒါပေမဲ့
မပို့နိုင်ဘူး၊ ကျုပ်မွေးမယ်၊ တကယ်လို့ သူမိဘအရင်း ဆွေမျိုးအရင်း
လာ တောင်းရင်တော့ ပြန်ပေးမယ်၊ ကျန်တဲ့လူကတော့ သူကြီးပဲဖြစ်ဖြစ်
သူကြီးအဖေပဲဖြစ်ဖြစ် ဘယ်သူတောင်းတောင်း မပေးနိုင်ဘူး၊ ဒီမှာ
ဦးကြက်ဆန်ကွဲ. . ကလေးကို ကျုပ်လက်ထဲက ဘာရားယူဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကူးနဲ့၊ ကြက်ဆန်ကွဲရော ငှက်ဆန်ကွဲရော စာရင်းမရှိဘူး၊ ပန်းပဲထုတဲ့ခြောက်ပေါင်တူနဲ့ ထုပစ်လိုက်မယ်..''ဟု အသံနက်ကြီးဖြင့် ကြိမ်းဝါးလိုက်လေ၏။ သူကြီးလည်း ကိုမာဃကြီး၏ ပြတ်သားသော ဆုံးဖြတ်ချက်ကိုကြားရလျှင် မျက်လုံးပြူး၍သွားလေ၏။

ထိုအချိန်၌မှာပင် ကိုမာဃကြီး၏အိမ်နှင့် လွန်စွာနီးသောအိမ်မှ မဒေါ်ဆိုသော မိန်းမက–

''အမယ်လေးတော်..၊ သူက ယောကျ်ားကြီးပဲ၊ ဒီကလေးကို ဘယ်လိုမွေးမှာလဲ၊ ကျွန်မ မွေးပေးပါ့မယ်..''ဟု အသံမာမာဖြင့် ပြောလိုက်ရာ ကိုမာဃကြီးက –

''ဒီမှာ မဒေါ်..၊ ခြောက်ပေါင်တူစာ မမိချင်ရင် ပါးစပ်ပိတ်လိုက်၊ ကျုပ်နဲ့ထိုက်လို့ ကျုပ်ရတာ..၊ ကျုပ်သမီး..၊ ခင်ဗျားမှာ သမီးသုံးကောင်တောင်ရှိတယ်၊ အဲဒါတွေ မွေးဦး..၊ လာမရှုပ်နဲ့..''ဟု ပြောလိုက်ပြန်လျှင် မဒေါ်လည်း ဖက်ကလေးပု၍သွားလေ၏။

ထိုအချိန်၌မှာပင် ကျောက်ထိုးဆရာ ကိုမာဠလီသည် သူကြီး၏နားသို့ သူ၏ ပါးစပ်ကိုကပ်ကာ တိုးတိုးတိုးတိုးဖြင့် တတွတ်တွတ်ပြောနေလေ၏။ သူကြီးလည်း ခေါင်းကိုတဆတ်ဆတ်ညိတ်နေလေ၏။ ပရိသတ်လည်းငြိမ်၍သွားလေ၏၊ အပ်ကျသံပင်ကြားရမတတ် တိတ်ဆိတ်၍သွားလေတော့၏။ ထိုအခါကျမှပင် တန်ခိုးသြဇာကြီးမားလှသော သူကြီးဦးကြက်ဆန်ကွဲက အောက်ပါအတိုင်း ပြောလေတော့၏။

''အားလုံး နားထောင်ကြ၊ ဒီကလေးကို ကျုပ်လည်းမယူဘူး၊ ဘယ်သူမှလည်း မယူနဲ့၊ ကိုမာဃပဲ မွေးစေဗျား..၊ တကယ်လို့ သူ့အဖေ သူ့အမျိုး ရင်းနှီးတဲ့လူက လာတောင်းရင်တော့ ဥပဒေအရပေးရမှာပဲ၊





အဲဒီလိုတောင်းတဲ့လူမရှိရင်တော့ ဒီနေ့က စ,ပြီး..ဘာတဲ့ဗျာ.. ဒီကလေး နာမည်''ဟုပြောလိုက်လျှင် ကိုမာဃကြီးက 'အေးဘီ' ဟု အော်လိုက်လေ၏။ ထိုအခါ သူကြီးက –

''ဟုတ်ပြီ ဟုတ်ပြီ၊ ဒီနေ့ဒီအချိန်ကစပြီး သမီးကလေး အေးဘီဟာ ကိုမာဃကြီးရဲ့ သမီးဖြစ်သွားပါပြီဗျာ..''ဟု ကြေညာလိုက်လေတော့၏။ ရွာသူရွာသားအပေါင်းလည်း လက်ခုပ်သြဘာပေးကြလေ၏။ ကိုမာဃကြီးသည် အေးဘီကလေးကို ပုခုံး၌ထမ်းကာ အိမ်ဆီသို့ ကဆုန်ပေါက်ပြေး၍ သွားရင်း ပါးစပ်မှလည်း –

''ငါ့ရွှေတွေ ပြန်ရပြီ..၊ ငါ့ရွှေတွေပြန်ရပြီ..''ဟု ဝမ်းသာအားရ အော်ဟစ်လေတော့သတည်း။

▲

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၇ )

## အရုပ်ကလေးလို လှခဲ့တဲ့ မဒေါ်

တစ်နေ့တွင် ကျောက်ထိုးဆရာ ကိုမာဠလိသည် ကိုမာဃကြီး၏ ပန်းပဲဖိုသို့ရောက်လာလေ၏။

"ဘယ်လိုလဲ ကိုရင်မာဃရဲ့...၊ (၃၅)နဝင်းပညာကို ဆက်ပြီး သွားနေတုန်းပဲလား..."ဟု မေးလိုက်ရာ ကိုမာဃကြီးက-

"သွားပြီလား ကိုရင်မာဠလိရယ် ...၊ ဘာပဲဖြစ်ဖြစ် ဒါက လည်း (၃)နှစ်မှာ တစ်လလျှော့ပဲဗျ...၊ (၆၄)နဝင်းတုန်းက (၅)နှစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



(၄)လ လုပ်ရတာ၊ (၃၅)နဝင်းကျပြန်တော့ (၂)နှစ်နဲ့ (၁၁)လ လုပ်ရမယ်၊ ဗြဟ္မာနဝင်းကျတော့ (၉)လလေဗျာ ...၊ အဲဒီကျတော့.. စုစုပေါင်း လုပ်ရမယ့် အချိန်ကာလက (၈)နှစ် (၁၁)လဗျ..၊ အဲဒီအမိဋ္ဌာန်ကြီး ပြီးသွားပြန်တော့ မဟာဒွိနဝင်းက (၁၀၈)လ လုပ်ရမယ်လေ၊ (၁၀၈)လဆို တော့ ဘာပဲဖြစ်ဖြစ် (၉)နှစ်တိတိကြာတယ်ဗျ။ ဒီတော့ (၁၇) နှစ်နဲ့ (၁၁)လမှာ အမိဋ္ဌာန် အားလုံးပြီးသွားမယ်၊ ကျုပ်သမီးလေး အေးဘီရောက်လာတာက ကျုပ်ရဲ့(၃၅)နဝင်းအစမှာ ရောက်လာတာဗျာ..၊ ကျုပ်မှာ အမိဋ္ဌာန်အားလုံး ပြီးမယ့် အချိန်ထဲမှာ သူက (၁၂)နှစ်နဲ့ (၇)လပါမယ်၊ သူ ရောက်လာတဲ့ အသက်ကို ကျုပ်က (၄)နှစ်လို့ သတ်မှတ်ထားတယ်ဗျ။ ကျုပ်.. ရန်မလို ကိုရောက်ပြီး တစ်နှစ်လောက်မှာ မွေးတာလို့ ခန့်မှန်းရတယ်ဗျ။ သမီး အသက်ဘယ်လောက်လဲ..၊ ကျောင်းထားရမယ်လို့ပြောတော့ လက်လေး ချောင်းထောင်ပြရှာတယ်၊ အဲဒီတော့ ကျုပ်ရဲ့ မဟာဒွိနဝင်းပြီးတဲ့အချိန်မှာ သူ့ရဲ့ အသက်ဟာ (၁၆)နှစ် (၇)လ လို့ ဆုံးဖြတ်ရမှာပေါ့ ဗျာ..၊ နောက် တစ်ခုက သူ့နာမည်ကလေးကို သူက အေးဘီလို့ ပြောရှာတယ်၊ ဒါကိုလည်း ကျုပ်က အထပ်ထပ် စဉ်းစားပါတယ်၊ ကျုပ်တို့ မြန်မာလူမျိုးတွေဟာ အေးဘီလို့ မှည့်ခဲ့တယ်ဗျ၊ သူ့ရဲ့ မိဘဟာ ဘိုဆန်ဆန်လူတွေ ဖြစ်ကောင်း ဖြစ်လိမ့်မယ်ဗျ..၊ အဲဒီတော့ဗျာ.. ပြေလမှာ မွေးတဲ့အတွက် သူ့ကို ပေရယ်လို့ပေးတာဖြစ်မှာပေါ့၊ ပေရယ်လမှာလည်း လဆန်း (၁) ရက်နေ့ကို 'ပေရယ်ဖူး'လို့ခေါ်တယ် မဟုတ်လား..၊ အဲဒီရက်မျိုးမှာ မွေးတဲ့အတွက် ကလေးကို အမှတ်တရဖြစ်အောင် ပေရယ်လို့ ပေးလိုက်တာဖြစ်မယ် ဗျို့...၊ ကလေးက မပီတော့ ကျုပ်တို့နားထဲမှာ အေးဘီလို့ဖြစ်နေတာ ပေါ့..၊ အဲဒါကြောင့် ကျုပ်သမီးလေးကို မွေးသက္ကရာဇ်ပြန်ဖမ်းတဲ့အခါမှာ





ပြေလ တစ်ရက်နေ့..၊ တနင်္ဂနွေနေ့.. ဖြစ်နေတယ်ဗျာ..၊ အဲဒီတော့ မြန်မာလိုလည်း ကိုက်တာပေါ့ဗျာ၊ မွေးချိန်မသိလေတော့ သူကျုပ်ဆီ ရောက်လာတဲ့အချိန်ကိုပဲ မွေးချိန်သတ်မှတ်ပြီး မန္တလေးက ပုဏ္ဏားဆရာ တစ်ယောက်ဆီမှာ ကလေးအတွက် ဇာတာတောင် ဖွဲ့ထားသေးတယ်၊ ဘာပဲဖြစ်ဖြစ် ကိုမာဃလိရေ.. အေးဘီလေး ရောက်လာတဲ့နေ့ကစပြီး ကျုပ်ရင်ဟာ အေးသွားပါပြီဗျာ..'' ဟု ပြောလိုက်လျှင် ကိုမာဃလိက–

"ခင်ဗျားပြောတာ ဟုတ်မှာပေါ့ဗျာ..၊ တစ်ခုတော့ စဉ်းစားရမှာ ပေါ့..၊တစ်နှစ်ထဲမှာပဲ ရွှေတွေပျောက်ပြီး လူရောက်လာတာကိုးဗျ၊ ဗုဒ္ဓဟူး ဟာ အဝင်အထွက် လုပ်နေတဲ့အချိန်မှာ ဒီကလေး ရောက်လာတာဆိုတော့ သုံးတန်ပေါ်နိစ်စကားနဲ့ ပြောရရင်တော့ ကိုမာဃကြီးရဲ့တိုင်မှာ ဗုဒ္ဓဟူး 'ပြ' မိနေတုန်း ဒီကလေးရောက်လာတာဗျ၊ 'ပြ'ရဲ့ သဘောက ထွက်ပြီးရင် ဝင်တာဗျာ၊ ဝင်ပြီးရင် ထွက်တာမဟုတ်လား..'' ဟု ပြောလိုက်လျှင် ကိုမာဃက–

"ခင်ဗျားလည်း ဘယ်ဆိုးလို့လဲ ကိုမာဃလိရဲ့..၊ အမှန်ပဲဗျ..၊ ကျုပ်တိုင်မှာ 'ပြ' မိနေတယ်၊ အဲဒီတော့ ဆက်ပြီးပြောရအောင်ဗျာ..၊ ကျုပ်ဆီက'ပြ'မိနေတဲ့ ပစ္စည်းကို ယူသွားတဲ့လူဟာ ရွှေဝင်တာနဲ့ လူထွက် မယ်မဟုတ်လားဗျာ..၊ ဒီငတိ ဘယ်သက်သာလိမ့်မတုံး..၊ အကြီး အကျယ်နိုက်သွားမှာပေါ့..'' ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုမာဃလိ က–

"ဒီလိုဆိုရင်တော့ ခင်ဗျားရွှေတွေခိုးတဲ့ တရားခံပေါ်ပြီဗျ..၊ သူကြီးဦးကြက်ဆန်ကွဲရဲ့သား အငယ်ကောင် ဒေါင်းဆိုးဟာ အဲဒီရက်က စပြီး လူစ လူန ပျောက်သွားတာ ဒီနေ့အထိပဲဗျ၊ ဒီကောင်ပဲ ဖြစ်မှာပါ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ..'' ဟု ပြောလိုက်လျှင် ကိုမာဃက–

''လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ စကားကိုတော့ အရမ်းမပြောပါနဲ့ ကိုမာဠလိရယ်..'' ဟု သတိပေးလိုက်လေ၏။

''နေစမ်းပါဦး ကိုမာဃရယ်..၊ ခင်ဗျား သံထည်ပစ္စည်းတွေ သွားပို့တဲ့အခါ ကလေးကို ဘယ်လိုထားခဲ့သလဲ..''ဟု ကိုမာဠလိက မေးလိုက်၏။

''ဒီလို ကိုမာဠလိရဲ့..၊ သမီးလေးကို မနက်မိုးလင်းတာနဲ့ မနက်စာကျွေးမွေးပြီး အဝတ်အစားလဲပေးတယ်ဗျာ၊ အဲဒီလို လဲပေးပြီးတာနဲ့ ဟော ဟိုအိမ်ကို ပို့လိုက်တယ်..''ဟုဆိုကာ မလှမ်းမကမ်းမှ အိမ်ကို ညွှန်ပြလိုက်လေ၏။ ထိုအခါ ကိုမာဠလိက–

''အဲဒါ မဒေါ်အိမ်ပဲ..''ဟု ပြောလေ၏။

''ဟုတ်ပါ့ဗျာ..၊ အဲဒီမဒေါ်က ဒီနားမှာရှိတဲ့ ကျောင်းထားလို့ မရသေးတဲ့ ကလေးငယ်တွေကို စာသင်ပေးတယ်ဗျာ၊ များများစားစား တော့ မရှိပါဘူး။ လေးငါးယောက်ပေါ့ဗျာ..၊ အဲဒီအိမ်မှာ ကျုပ်သမီး တစ်နေကုန်တော့တာပဲ..၊ မနက်စာရော ညစာရောစားပြီးမှ ကျုပ်သမီးကို သွားခေါ်ရတယ်.''ဟု ကိုမာဃကြီးက ရှင်းပြလေ၏။

''ဟုတ်ပြီ..ဟုတ်ပြီ..၊ မဒေါ်က ဒီရွာသူမဟုတ်ဘူးဗျ၊ သူ့ ယောက်ျားကသာ ဒီရွာသားဗျ၊ သူ့ ယောက်ျားက တိရစ္ဆာန်ဆေးကု လက်မှတ်ရှိတယ်ဗျ၊ ဒီရွာက မြင်းတွေ၊ နွားတွေ သူပဲကုတာ၊ သေသွားရှာပါ ပြီ..၊ မဒေါ်က မြန်မာအစစ်မဟုတ်ဘူး၊ ဂျူးကပြားလို့ပြောတယ်၊ အင်္ဂလိပ်စကား ကောင်းကောင်းတတ်တယ်၊ ရွာဘက်မှာ ရေနံရှိတယ်ဆိုပြီး ရေနံရှာလာတဲ့ မျက်နှာဖြူတွေကို ကျုပ်တို့တစ်ရွာလုံး မပြောတတ်ဘူးဗျ၊





သူပဲ ဝင်ပြောပေးတာ..ရှန်းရှန်းကို ဝေနေတာပဲဗျာ..၊ သူ့ယောက်ျား ဆုံးပြီးတဲ့နောက်မှာ သူလည်း ဒီရွာက မပြောင်းတော့ပါဘူး၊ သမီးလေး နှစ်ယောက်နဲ့အတူ ငွေတိုးလေးဘာလေး ပေးစားနေတယ်၊ ဒီရွာမှာရှိတဲ့ ဖဲသမား၊ ကြက်သမားအားလုံးရဲ့ အပေါင်ဆိုင်ဟာ မဒေါ်အိမ်ပဲဗျ...၊ သူကြီးက ယောက်ျားယူဖို့ မဒေါ်ကို တိုက်တွန်းသေးတယ်၊ မဒေါ်က နံရံမှာချိတ်ထားတဲ့ ကျားရုပ်ကို လက်ညှိုးထိုးပြတယ်ဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ယောက်ျားက အလွန်နှိပ်စက်တာကလားဗျာ..'' ဟု ကိုမာဠလိက ရှည်လျားစွာပြောလေ၏။ ထိုအခါ၌ ကိုမာဃက –

''ကိုမာဠလိပြောမှ ကျုပ်လည်း တွေးမိတယ်ဗျာ၊ မဒေါ်ရုပ်က မြန်မာရုပ်မဟုတ်ဘူးဗျ၊ ဆံပင်ကလည်း နီကြောင်ကြောင်နဲ့၊ ပြီးတော့.. သူတို့တွေဟာ ငွေချေးတဲ့အလုပ်ကို ဝါသနာပါကြတယ်ဗျ၊ သူ့ ယောက်ျား သေပြီးမှ ငွေချေးတဲ့အလုပ်ကိုလုပ်တာ ဟုတ်ဟန်မတူဘူးဗျ..၊ မသေခင် ကတည်းက လုပ်နေပုံရတယ်..''ဟု ပြောလိုက်ရာ ကိုမာဠလိက–

''ကိုမာဃရေ..ခင်ဗျားစဉ်းစားတာ မှန်လိုက်တာဗျာ..၊ ကြာပြီဗျ.. လယ်တွေဘာတွေလည်း အပေါင်ခံတယ်နော..၊ သူ့ ယောက်ျားလုပ်တဲ့ တိရစ္ဆာန်ဆေးကုတဲ့လုပ်ငန်းက ဒီလောက်မဖြစ်ပါ ဘူး..၊ သူက ဖြစ်နေတာ..''ဟု ပြောလေ၏။

''တစ်ခုတော့ရှိတယ်ဗျ..၊ မဒေါ်ဆိုတဲ့ နာမည်က အတော် ကို မြန်မာဆန်တဲ့ နာမည်ပဲဗျ..'' ဟု ကိုမာဃက ပြောလိုက်ရာ ကိုမာဠလိက–

''ဒါလည်း ဒီလိုဗျ..၊ ကျုပ်တို့ရွာက သူ့ကို မဒေါ်လို့ အလွယ် ခေါ်နေတာဗျ၊ သူ့ယောက်ျားက သူ့ကိုခေါ်တဲ့အခါ အဲဒီဒေါ်နောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



'လ' သံပါသေးတယ်ဗျ..'' ဟု ပြောလိုက်လျှင် ကိုမာဃက–

''ဒီလိုဆိုရင် သုနာမည်က ဒေါလ,လား''ဟု ပြန်၍မေး၏။

''ဒေါလတော့ ဘယ်ဟုတ်မလဲ ကိုမာဃရယ်..၊ ဒေါလ်ဖြစ်မှာပေါ့၊ ဒေါလ်ဆိုတာ အရုပ်မဟုတ်လား..'' ဟု ကိုမာဋ္ဌလိက ပြောလိုက်ရာ–

''ဟုတ်မယ်ဗျို့ ဟုတ်မယ်..၊ ဒီ မိန်းမက အရွယ်လေး နည်းနည်းရလာလို့ဗျ။ ငယ်ငယ်ကဆို အရုပ်ကလေးလိုလှမယ့် မိန်းမမျိုး၊ အသားကလည်း ဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှမယ်ဗျ..'' ဟု ကိုမာဃကြီးက ပြောလိုက်လျှင် ကိုမာဋ္ဌလိက–

''အောင်မယ်လေး ကိုမာဃရယ်..၊ ကျုပ် မှဆိုးမကို စိတ်ဝင်စားနေပြန်ပြီလား..၊ မလုပ်ပါနဲ့ဗျာ..၊ (၃၅)နဝင်းလေးပျက်သွားပါဦးမယ်..''ဟု ရယ်ရွှန်းဖတ်ရွှန်းနှင့်ပြောလိုက်ရာ ကိုမာဃလည်း ကိုမာဋ္ဌလိ၏စကားကို သဘောကျစွာဖြင့် တဟားဟားနှင့် ရယ်မောလိုက်လေတော့သတည်း။

''ဟား..ဟား..ဟား...ဟား.. ဟား..''

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၈ )

# ကိုမာယ၏ ကြေးနီရောင်တံပိုး

ဒီဇင်ဘာ(၂၅)ရက်ညသည် ခရစ်ယာန်ဘာသာဝင်တို့အဖို့ အလွန်ထူးခြားသော ခရစ္စမတ်ည ဖြစ်လေ၏။ ရန်မလိုရွာတွင် မဒေါ၏ အိမ်တစ်အိမ်တည်းသာလျှင် ခရစ္စမတ်ည ကျင်းပလေ့ရှိ၏။ အိမ်ရှေ့တွင် အဖြူရောင်ကြယ်မီးပုံးကြီးတစ်လုံးချိတ်ဆွဲထားလေ၏။ ခြံပတ်ပတ်လည်တွင်လည်း ရောင်စုံမီးပုံးများ ချိတ်ဆွဲထားလေ၏။

မဒေါ၏သမီးနှစ်ဦးနှင့် မဒေါ၏ တပည့်ကလေးများသည် မီးပုံး

www.burmeseclassic.com

www.burmeseclassic.com



များလိုက်လံ ချိတ်ဆွဲနေကြလေ၏။ မဒေါ၏ အိမ်ရှေ့တွင် လုလားထိုင်များ၊ စားပွဲများခင်းထား၏။ စားပွဲများပေါ်တွင် ပန်းအိုးများရှိ၏။ ထို့အတူ လွန်စွာကြီးမားသော ပန်းကန်ကြီးများပေါ်တွင် တင်ထားသည့် ကြက်ဆင်သားကင်များလည်း ရှိလေ၏။

အိမ်ရှင်ဖြစ်သော မဒေါသည် ၎င်းကိုယ်တိုင် တစ်နှစ်လုံး စီမံထားသော အနီရောင် ဝိုင်အရက်များကို ဧည့်သည်များအား လိုက်၍တိုက်လေ၏။ ထိပ်ဆုံးစားပွဲတွင် ထိုင်နေသော သူကြီးဦးကြက်ဆန်ကွဲသည် –

"ကောင်းကွာ.. ကောင်းကွာ." ဟုဆိုကာ ဝိုင်နီကိုမော့လိုက်ကြက်ဆင်သားကို စားလိုက်နှင့် အလွန်သဘောကျလျက်ရှိလေ၏။ ထို့နောက်–

"မိဒေါရယ်.. ခရစ္စမတ်က တစ်နှစ်တစ်ခါလားဟဲ့..၊ တစ်လတစ်ခါလုပ်စမ်းပါဟယ်.." ဟု ပြောလေ၏။ မဒေါက –

"မဟုတ်ဘူး သူကြီးမင်းရဲ့ တစ်နှစ်မှာ တစ်ခါပဲ လုပ်ရတာ.." ဟု ရယ်မော၍ ဖြေလေ၏။ ထိုအခါသူကြီးက –

"မဒေါအိမ်မှာ ဝိုင်တိုက်မယ်ဆိုတော့ ကျုပ်က ဝိုင်ကို မသိဘူး၊ အဲဒီတော့ အိမ်က ငွတိုကို မေးရတယ်၊ ဝိုင်ဆိုတာ ဘယ်လိုဟာလဲလို့ မေးရတယ်၊ အဲဒီတော့ ငွတိုကလည်း အလွန်လည်တဲ့ကောင် ဝိုင် (Y) ဆိုတာ လေးခွနဲ့တူတယ်လို့ပြန်ပြောတယ်၊ အဲဒီတော့ ကျုပ်က 'ငွတိုရယ်.. လေးခွလိုဟာကြီး ဘယ်လိုလုပ်ပြီး မြိုရမလဲ..' လို့ ပြောမိသေးတယ်၊ ဒီလည်းရောက်ရော မိဒေါတိုက်တဲ့ဝိုင်က အတော်ကျတာပဲ၊ အရောင်ကလေးကလည်းကောင်း၊ သောက်လို့ကလည်းကောင်း..၊ ကျုပ်ဖြင့် ဒီတစ်ခါပဲ သောက်ဖူးပါတယ်ဗျာ၊ ပြန်ရင်တစ်ပုလင်းလောက် ပေးလိုက်ဦး





နော်၊ ငွတိုကိုပြချင်လို့ပါ.." ဟု သူကြီးက အာဝဇ္ဇန်းရွှင်စွာဖြင့် ပြောလေ၏။

ထိုပွဲသို့ ကိုမာယနှင့် ကိုမာဠလိလည်း တက်လာလေ၏။ ကိုမာယမှာမူ နဝင်းပညာလိုက်နေသောကြောင့် ဝိုင်အရက်ကို သောက်၍မရပေ။ ထို့ကြောင့် ကြက်တံဆိပ် ဘိလပ်ရေကိုသာ သောက်ရလေ၏။ ကိုမာဠလိမှာမူ ဝိုင်ကိုလည်းမသောက်၊ ဘိလပ်ရေကိုလည်းမသောက်ဘဲ ရေနွေးကြမ်းကိုသာ သောက်ရှာလေ၏။ ထို့နောက်တွင်ကား မဒေါနှင့်သူ၏ သမီးများ၊ သူ၏တပည့်ကလေးများက –

"တိတ်ဆိတ်ညသည်..၊ မွန်မြတ်ည" သီချင်းကို သံပြိုင်သီဆိုကြလေ၏။ ကျန်သူများကလည်း လက်ခုပ်လိုက်၍တီးခြင်း၊ ရသောအပိုဒ်များတွင်ဝင်၍ ဆိုပေးခြင်းများပြုလုပ်ကြ၏။

ထိုပွဲတွင် အရယ်ရဆုံးမှာ သူကြီး ဦးကြက်ဆန်ကွဲပင်ဖြစ်၏။ ဆိုသောသီချင်းနှင့်လည်း မည်သို့မျှ လိုက်ဖက်ခြင်းမရှိဘဲ ကွေးနေအောင်က, လေတော့၏။ ထို့နောက် မဒေါအား –

"မိဒေါရယ်.. ခရစ္စမတ်လုပ်တဲ့ အိမ်က နှင့်တစ်အိမ်တည်းဆိုတော့နည်းတယ်၊ နှင့်အမျိုး တွေရှိရင် ဒီရွာကိုပြောင်းနေဖို့ ပြောစမ်းပါဟယ်၊ ခရစ္စမတ်သုံးလေးအိမ်ဆိုရင် ပိုကောင်းတာပေါ့.." ဟု ပြောလျှင် ကြားရသူအပေါင်းသည် လွန်စွာသဘောကျ၍သွားကာ ဝါးခနဲရယ်မိကြလေ၏။

ထိုနေ့ညက အတော်ညည့်နက်သည်အထိ မဒေါ၏အိမ်တွင် လူစည်ကားလျက်ရှိလေ၏။ ညဉ့်အတော်နက်၍ နှင်းများကျလာသောအချိန်တွင် လူစုခွဲကြလေတော့၏။ ကိုမာယလည်း အေးဘိကိုခေါ်ကာ အိမ်သို့ပြန်ခဲ့လေ၏။ ကိုမာဠလိမှာမူ ကိုမာယ၏ အိမ်တွင်ပင် ထိုညက အိပ်စက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com





နံနက်မိုးလင်းခါနီးတွင် ကိုမာဠလိက အိပ်ရာမှထ,ကာ ကောက်ညှင်းပေါင်း ပေါင်းလေ၏။ ပြီးလျှင် လက်ဖက်ရည်အချိုကိုဖျော်၏။ ထို့နောက် ကိုမာဃကိုနှိုးကာ နှစ်ယောက်သား ကောက်ညှင်းပေါင်းစားရင်း လက်ဖက်ရည်အချိုကို သောက်ကြလေ၏။ ကိုမာဠလိသည် ကောက်ညှင်းပေါင်းကိုမြုံရင်း

"ကိုမာဃရေ.. ညက မဒေါ်ကို မြင်ရတာ တကယ့်ကို ဘိုင်စကုပ်ထဲက အင်္ဂလိပ်မလေး ကျနေတာပဲဗျာ..၊ အဲဒါနဲ့ ကျုပ်လည်း ခင်ဗျားနဲ့ဆက်စပ်ပြီး စဉ်းစားကြည့်မိသေးတယ်၊ ခင်ဗျားကလည်း အရုပ်အမောင်းကောင်းကောင်း၊ ခင်ဗျားတို့နှစ်ယောက် သိပ်ပြီးလိုက်တာပဲဗျာ..၊ နည်းနည်းပါးပါးများ စိတ်ကူးမယဉ်မိဘူးလား ကိုမာဃရယ်.." ဟု မေးလေ၏။ ထိုအခါ ကိုမာဃက –

"ကိုမာဠလိရေ.. စိတ်ကူးယဉ်ဖို့ အရွယ်က ကုန်သွားပြီဗျ..၊ ပြဟ္မာနဝင်းပြီးတဲ့အခါမှာ မဟာဗွိနဝင်း(၉)နှစ်လုပ်ရမယ်လေ..၊ အဲဒါပြီးရင် ကျုပ်သမီးလေး အေးဘိလည်း အရွယ်ရောက်ပြီဗျာ၊ အိမ်ထောင်ရက်သား ကျပြီပေါ့..၊ ကျုပ်လည်း အလုပ်ပြီးသွားပြီလေ၊ ထွက်ရုံရှိတော့တာပေါ့၊ အဲဒီမှာ မဒေါ်လည်းမလိုဘူး၊ မမောလည်း မလိုဘူး၊ တကယ့်လို တာက ကိုမာဠလိ ခင်ဗျားဗျ..၊ လောကကြီးမှာ နွေရာသီရောက်တိုင်း လူတွေကို ကျောက်ဆေးလိုက် ထိုးနေရုံနဲ့ မပြီးသေးဘူး ကိုယ့်လူရဲ့..၊ အိမ်ထောင်လေး ဘာလေးပြုဦး.." ဟု ပြောကာ ရယ်မောလေ တော့၏။

ဤသို့နှင့်ပင် ကိုမာဃကြီးသည် (၃၅)နဝင်းအဓိဋ္ဌာန်ကို ပြီးသွားပြန်၏။ သူ၏ သမီးလေး အေးဘိမှာလည်း မဒေါ်၏ကျောင်းမှနေ၍ အတန်းကျောင်းသို့ ပြောင်းသွားပြီဖြစ်၏။

ရွာအတန်းကျောင်းတွင် လေးတန်းအောင် သွားသောကြောင့် မန္တလေး–ရန်ကုန် ကားလမ်းပေါ်ရှိ အလယ်တန်းကျောင်းသို့ ပြောင်း၍ တက်နေရပြီဖြစ်၏။

ကိုမာဃကြီး၏ လုပ်ငန်းမှာမူ ပုံမှန်အတိုင်းရှိလေ၏။ ၎င်းသည် (၉)နှစ်လုပ်ရသော မဟာဗွိနဝင်း အဓိဋ္ဌာန်သို့ ကူးပြောင်းလုပ်နေရပြီဖြစ်၏။ ကိုမာဃကြီး၏ ရုပ်သွင်မှာလည်း သိသိသာသာကြီး ပြောင်းလွဲနေပြီဖြစ်၏။

ကိုမာဃကြီး၏ဆံပင်မှာ အနက်ရောင်ဟူ၍ တစ်ပင်တလေမျှ မရှိတော့ပေ၊ အားလုံးလိုလို ဥဗျိုင်း၏ အမွေးအတောင်ကဲ့သို့ ဖြူဖွေး၍ နေပြီဖြစ်၏။ ပန်းပဲလုပ်ရသောကြောင့် အသားအရေများက မီးဟပ်ကာ ခြောက်ကပ်ကပ်ဖြစ်ရမည့်အစား စိုပြည်ဝင်းဝါလျက်ရှိလေတော့၏။ ကိုမာဃကြီး၏ အသားအရောင်မှာ တန်ဆောင်မုန်းလ စပါးခွံ၏ အရောင်ကဲ့သို့ ဝါတာတာ၊ စိမ်းဖန့်ဖန့်ရှိလေတော့၏။

ကိုမာဃကြီး၏အသံသည် ယခင်က ခပ်တိမ်တိမ်၊ ခပ်အက်အက်ဖြစ်သော်လည်း ယခုအခါ၌မူ သူ၏အသံသည် လုံ၍ သံလိုက်ဓာတ်များ၊ ညို့ဓာတ်များ၊ ဩဇာဓာတ်များပါသော အသံမျိုးဖြစ်နေလေတော့၏။

သူ၏မျက်လုံးသည် နဂိုအတိုင်းတွင် ခပ်မှေးမှေးရှိသော်လည်း တစ်ခါတရံတွင် စူးရှလင်းလက်နေတတ်၏။

တစ်ခါတွင် ရွာဦးကျောင်းဆရာတော်၏ နောက်သို့ ခွေးရူး တစ်ကောင်သည် ကပ်၍လိုက်လာလေ၏။ ကိုက်ရန်အနည်းငယ်သာလို တော့၏။ ကိုမာဃကြီးသည် ထိုအချင်းအရာကို မလှမ်းမကမ်းမှ တွေ့မြင်ရလျှင် ထိုခွေးရူးအား 'ရပ်..' ဟု လှမ်း၍ အော်လိုက်ရာ ခွေးရူးသည် ကြိုးဖြင့်တုပ်နှောင်ဆွဲလိုက်သကဲ့သို့ ရပ်၍ထိုင်ကျသွားလေ၏။

www.burmeseclassic.com



ဆရာတော်ကြီးလည်း ခွေးရူးကိုက်ခံရမည့် ဘေးမှ သီသီကလေး လွတ်သွားလေတော့၏။

ထိုအကြောင်းအရာသည် ရန်မလို ရွာကလေးတွင် တောမီးပမာ ပျံ့နှံ့သွားလေတော့၏။

ကိုမာဃကြီးသည် ကြေးနီဖြင့်ပြုလုပ်ထားသော ခရာတစ်လက် ရှိ၏။ ထိုခရာပေါ်တွင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို အက္ခရာများချ၍ ရေးထွင်းထား၏။ ထိုခရာလေးကို ၎င်း၏ဘုရားစင်ရှေ့တွင် ချိန်ဆွဲထား၏။ ထိုခရာလေးကို ခရာဟုခေါ်သော်လည်း ကိုမာဃက- တတ်၏။ အများက ထိုခရာလေးကို ခရာဟုခေါ်သော်လည်း ကိုမာဃကတော့

"ဒါ ခရာလို့မခေါ်ဘူး။ တံပိုးလို့ခေါ်တယ်၊ ခရာက တိုတယ်၊ တံပိုးက ရှည်တယ်၊ ထွက်တဲ့အသံ ရှိန်ချင်းလည်းမတူဘူး။ ရှေးအခါတုန်း က စစ်တိုက်ရင် မှုတ်တာခရာမဟုတ်ဘူး။ တံပိုးမှုတ်တာ.." ဟု ရှင်းပြ တတ်လေ၏။

တစ်ခါတွင် လွန်စွာပူပြင်းသောကြောင့် ရန်မလိုရွာ၏နောက်ဘက် တွင် မီးလောင်လေတော့၏။ ရွာသူရွာသားများ တက်ညီလက်ညီ ငြိမ်းသတ် သော်လည်း မီးမှာကျ၍မသွားပေ။

ထိုအခါ၌ ကိုမာဃလည်း သူ၏ကြေးနီတံပိုးကလေးကို လက်ယ ဘက်၌ကိုင်လျက် လက်ဝဲဘက်တွင် ရေတစ်ပုံးဆွဲလျက် ရောက်လာပြီးလျ မီးလောင်သောဘက်သို့လှည့်၍ တံပိုးကို မှုတ်လေတော့၏။ ပြီးလျှင်တံပိုး ခေတ္တနား၍ ရေပုံးမှရေဖြင့်လောင်း၏။ ထို့နောက် ပြန်၍မှုတ်၏။

မည်သို့မည်ပုံဖြစ်သည်မသိ။ မီးတောက်မီးလျှံများသည ရုတ်တရက် ငြိမ်း၍သွားလေတော့၏။ ထိုအခါ သူကြီးအပါအဝင် ရွာသူ သားများကလည်း ကိုမာဃကြီးအား ဝိုင်း၍ချီးကြူးကြလေ၏။ ကိုမာဃကြ





လည်း ချီးကျူးထားလျက်သားဖြင့် တစ်ရွာလုံးလှည့်၍ တံပိုးမှုတ်လေတော့၏။

ထိုအချိန်မှစ၍ ရန်မလိုရွာတွင် မီးလောင်သည်၊ မီးလန့်သည်ဟူ၍ မကြားရတော့ပေ။ ခွေးရူးဆို၍လည်း တစ်ကောင်တလေမျှပင် မြင်တွေ့ရ ခြင်းမရှိတော့ပေ။ သူကြီးဦးကြက်ဆန်ကွဲက ကြုံသည့် လူတိုင်းအား-

"မာဃကြီးကိုကြည့်စမ်း.. အရင်နဲ့မတူဘူး၊ တစ်မျိုးကြီးပြောင်း သွားပြီ၊ ဒါကြီးဟာ ရိုးရိုးလူတော့မဟုတ်ဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာတစ်ခုခုဆိုတာတော့ ငါလည်းမပြောတတ်ဘူး။ နောက်တစ်ခုသတိ ထားမိတာကတော့ ဒီရွာကို ရောက်လာကာစတုန်းကတော့ ဒီလူကြီးကို အောက်လမ်းဆရာ ကြီး အောက်မေ့နေကြတာ..၊ အခုတော့ ဒီလိုဟုတ် တော့ဘူး။ သူ့ကို အားလုံးက ချစ်ကုန်ပြီ ကြည်လည်း ကြည်ညိုကြတယ်၊ လေးလည်းလေးစားကြတယ်၊ အဘ..အဘနဲ့နေတာပဲ..၊ ရွာဦး ကျောင်းဆရာ တော်ကတောင် ဒကာမာဃကြီးဟာ ဝိဇ္ဇာကြီးများလား မဆိုနိုင်ပါဘူးလို့တောင်ပြောဖူးတယ်.." ဟု ပြော လေ့ရှိလေ၏။

ဤသို့နှင့်ပင် ကိုမာဃကြီးသည် ရန်မလိုရွာတွင် လူတိုင်းက လေးစားကြသော ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ရောက်ရှိလာ လေတော့၏။

▲



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၉ )

## ကျူပ်က ငယ်ငယ်တုန်းကဝက်မွေးဖူးတယ်

ကိုမာဃကြီး၏မွေးစားသမီးလေး အေးဘီသည် ရန်မလိုရွာအတွင်းရှိ မူလတန်းကျောင်းကလေးမှ (၄)တန်းအောင်မြင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် ရွာအပြင်ဘက် မန္တလေး–ရန်ကုန်ကားလမ်းပေါ်ရှိ အလယ်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့၏။

ထိုအလယ်တန်းကျောင်းမှ (၇)တန်း အောင်မြင်သွားသောအခါ၌ ဦးမာဃကြီးသည် အေးဘီကလေးအား တောင်ငူမြို့ကာ ၎င်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာမဲ့သော ကြေးကုန်၊ သံကုန်ရောင်းသည့်အိမ်တွင် ထမင်းလခပေးကာ အပ်နှံ၍ ကျောင်းတက်စေခဲ့၏။

နောက်ဆုံးတွင် အေးဘီသည် (၁၀)တန်းအောင်၍ သွားလေတော့၏။ ထိုအခါ ကျောက်ထိုး ဆရာ ကိုမာဠလီ၏ အဆက်အသွယ်ဖြင့် ရန်ကုန်မလိုရှာ ကျောင်းကလေးတွင် ကျောင်းဆရာမအလုပ်ကို ရခဲ့လေတော့၏။ တစ်နေ့တွင် ကိုမာဠလီသည် ကိုမာယကြီးထံ ရောက်လာပြီးလျှင် –

"ဒီလို ကိုမာယရဲ့ . . . အေးဘီတို့ ကျောင်းက ကျောင်းအုပ်ဆရာကြီးက အသက်(၆၀)ပြည့်လို့ အခုလာမယ့် သီတင်းကျွတ်မှာ ပင်စင်ယူပြီး အဲဒီနေရာကို အေးဘီကတက်ရမှာ . . ၊ ခင်ဗျားသမီးလေး ကျောင်းအုပ်ဆရာမကြီး ဖြစ်ပြီပေါ့ဗျာ . . "ဟုပြောလိုက်ရာ ကိုမာယကြီး၏ မျက်နှာသည် ဝင်းလက်၍သွားလေတော့၏။ ထို့နောက် ကိုမာယကြီးက –

"ကိုမာဠလီရေ . . သီတင်းကျွတ်ဖို့ ဆိုတာက ဒီကနေ (၆)လလိုသေးတယ်ဗျ။ ဒီအတော်အတွင်းမှာ ကျုပ်အတွက် လုပ်စရာအလုပ်တွေ အများကြီးပဲ ကိုမာဠလီရဲ့ ခင်ဗျားကူညီမှ ဖြစ်မှာနော် . . " ဟု ပြောလိုက်ရာ ကိုမာဠလီက –

"ပြောစရာမလိုပါဘူး ကိုမာယရယ် . . ၊ ခင်ဗျားနဲ့ ကျုပ်နဲ့က ဒါတွေပြောနေရမယ့် လူတွေမှမဟုတ်ဘဲ၊ ခင်ဗျားလုပ်ချင်တာပြော ကျုပ်ကူညီနိုင်သလောက် ကူညီမယ်၊ ကဲ . . ဘာလုပ်ချင်သလဲပြော . " ဟု အားတက်သရော မေးလိုက်လျှင် ကိုမာယကြီးက –

"သေသေချာချာ နားထောင်စမ်းပါ ကိုမာဠလီရယ် . . ၊ သီတင်းကျွတ်မရောက်ခင် ဟောဒီအိမ်ကို နှစ်ထပ်အိမ် ပြင်ဆောက်ချင်တယ်ဗျာ . . "ဟုပြောလိုက်လေ၏။ ထိုအခါ ကိုမာဠလီက –





"သားအဖနှစ်ယောက်တည်းနေတာဗျာ . ၊ ဒီလောက် အိမ်အကြီးဆောက်ဖို့ လိုမတဲ့လား"ဟု မေးလိုက်လေ၏။

"သားအဖနှစ်ယောက်ထဲလို့ မတွက်နဲ့လေဗျာ . . ၊ အေးဘီလေဟာ အိမ်ထောင်မပြုတော့ဘူးတဲ့လား၊ အိမ်ထောင်ပြုရင် သားသမီးတွေတိုးပွားမလာပေဘူးလား။ သူတို့နေဖို့ နှစ်ထပ်အိမ်ကောင်းကောင်း ဆောက်ပေးခဲ့ရမယ်၊ ဘယ်လိုပုံစံဆောက်မလဲဆိုတာ ဟောဟိုဗီနောက်မှာ ပုံစံငယ်အသေးလေး ကျုပ်ဆောက်ကြည့်ထားတယ်၊ ခင်ဗျားလိုက်ကြည့်စမ်းပါ . . "ဟု ကိုမာယကြီးက ပြောသဖြင့် ကိုမာဠလီလည်း ကိုမာယကြီးခေါ်ရှိပြသော အိမ်ပုံစံကိုလိုက်၍ကြည့်ရှုရလေ၏။

ရွှံ့များ၊ သစ်သားများဖြင့် ပြုလုပ်ထားသော (၂)ထပ်အိမ်ပုံစံငယ်ကိုတွေ့ရလေ၏။ လှုန်စွာအသေးစိတ်ပြုလုပ်ထားသည်ကိုလည်း အံ့ဩဖွယ်တွေ့ရလေ၏။ ထိုနှစ်ထပ်အိမ်ပုံစံငယ်၏ ရှေ့တွင် ပန်းခြံကဲ့သို့ ပြုလုပ်ထားသော နေရာကိုလည်းတွေ့ရလေ၏။ ထိုပန်းခြံနှင့်ကပ်လျက် စမ်းချောင်းပုံစံတစ်ခုကိုလည်းတွေ့ရ၏။ ထိုစမ်းချောင်းတွင် ရေစီးအားဖြင့်အလိုအလျောက်ခပ်တင်သော ခပ်ခွက်များတပ်ထားသည့် ဘီးဝိုင်းတစ်ခုနှင့် ရေတံလျှောက်ကို တွေ့ရလေ၏။

"ဒီစမ်းချောင်းရေတွေဟာ သုံးတာလည်း သုံးမယ်ပေါ့ဗျာ၊ ချိုးတာလည်းချိုးမယ်၊ ပန်းခြံလည်း ရေလောင်းမယ်ပေါ့ဗျာ၊ အဲဒီလို စီစဉ်ထားတာ . . "ဟု ကိုမာယ ကြီးက ရှင်းပြလိုက်လျှင် ကိုမာဠလီက–

"ကိုမာယကြီးနှယ်ဗျာ၊ ပန်းပဲဆရာမလုပ်ဘဲ ဗိသုကာဆရာလုပ်ရင်လည်းရပါတယ် . . "ဟု ချီးမွမ်းလေ၏။

"အဲဒါတွေ အကုန်အနလုပ်ဖို့အတွက် ငွေ(၂)သိန်းလောက် လိုမယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျုပ်တွက်ကြည့်တယ်၊ ကျုပ်မှာ အဲဒီငွေရှိတယ်၊ အဲဒီတော့နေကောင်းရက်သာ ကျုပ်ရွေးမယ်ဗျာ၊ ပတ်ဝန်းကျင်က လူတွေကို မုန့်လုံးရေပေါ် ကျွေးပြီး ပန္နက်ရိုက်မယ်..'' ဟု ကိုမာဃကြီးက ပြောလေ၏။

ထို့နောက် များမကြာမီ ရက်အတွင်း၌ပင် ကိုမာဃကြီးသည် အိမ်ပန္နက် ရိုက်ရန်အတွက် အခါကောင်း ရက်ကောင်းတွက်ပြီးလျှင် မဒေါအား မုန့်လုံးရေပေါ် လုံးခိုင်း၍ အိမ်ပန္နက်ရိုက်လေတော့၏။

အိမ်ပန္နက်ရိုက်ပြီးသည်နှင့် ပန်းရံဆရာများ လက်သမားဆရာများနှင့်တိုင်ပင်ကာ ပစ္စည်းများဝယ်ခြမ်း၍ စတင်ဆောက်လုပ်လေတော့၏။

ကိုမာဠလိလည်း အိမ်သို့မပြန်ဘဲ ကိုမာဃ၏ အိမ်ဆောက်သော လုပ်ငန်းတွင် ကိုယ်ဖိရင်ဖိ ကူညီပေးလေ၏။ တစ်နေ့တွင် ကိုမာဠလိက–

''နေစမ်းပါဦး ကိုမာဃရယ်..၊ ခင်ဗျား သမီး အေးဘီလေးက အိမ်ထောင်ပြုတော့မယ်လို့ ခင်ဗျားကို ပြောလို့လား..'' ဟု မေးလိုက်ရာ–

''မပြောပါဘူး ကိုမာဠလိရယ်၊ ကျုပ်သမီးအေးဘီလေးက သီချင်းမဆိုဖူးဘူးဗျာ၊ ခုတလော သီချင်း တော်တော်ညည်းတယ်ဗျ..၊ ပြီးတော့ လူသံကြားရင် ပြတင်းပေါက်ကို ပြေးကပ်သွားတော့တာပဲ၊ ပြီးတော့ ဘယ်သူဘယ်ဝါဆိုတာ စေ့စေ့ကြည့်တော့တာပဲ၊ အဲဒါကြောင့် ကျုပ်က မသင်္ကာလို့ မဒေါကို အကဲခတ်ခိုင်းလိုက်တယ်၊ မဒေါက သူ့ရဲ့ပိုက်ဆံ အိတ်ထဲက စာတစ်စောင်ကိုရအောင်ခိုးပြီး ကျုပ်ကို ပေးတယ်လေဗျာ..၊ ကျုပ်က အဲဒီစာကို ဖတ်ပြီးပြီ ဟောဒီမှာ..'' ဟု ဆိုကာရင်း၏ အိတ်ထဲတွင်ရှိသော စာရွက်ခေါက်ကလေးကိုထုတ်၍ ကိုမာဠလိအား ပေးလိုက်လေ၏။ ကိုမာဠလိလည်း ထိုစာရွက်ကို ဖွင့်၍ဖတ်လိုက်ရာ အောက်ပါအတိုင်းတွေ့ရလေတော့၏။





''အေးချစ်တဲ့မောင်...

လက်ထပ်ဖို့ကိစ္စကိုတော့ အရမ်းကြီး မလောပါနဲ့မောင်ရယ်..၊ အေးမှာက ထောက်ထားရမယ့် အဖေကြီးက ရှိသေးတယ်လေ၊ အေးရဲ့ အဖေကြီးဟာ အေး လူမှန်းမသိခင်ကတည်းက လုပ်လာတဲ့ ထွက်ရပ်လမ်း ကိစ္စဆိုတာရှိတယ်၊ အဲဒါပြီးရင် ထွက်ရပ်ပေါက်မှာလို့လည်း အဖေကြီးက ယုံကြည်နေတယ်၊ အဲဒါကလည်း ဒီနှစ်ထဲမှာ ပြီးမှာပါ..၊ မောင့်ကို တစ်ခုမှာထားဦးမယ်၊ ထွက်ရပ်ပေါက်တာဆိုတာ ဘာလဲလို့ အေးကို မမေးနဲ့၊ အေးတစ်ခုပဲ ဖြေတတ်တယ်၊ အဲဒါက *(I Don't No...)?* အေး အဲဒါတွေ ယုံသလားလို့လည်း မမေးနဲ့ *(I Don't Believe)*...။

မောင့်ရဲ့အေး..''

ကိုမာဠလိသည် ထိုစာကိုဖတ်ပြီးနောက် စိတ်မကောင်းသော အမူအယာဖြင့် စာကိုခေါက်ပြီးလျှင် ကိုမာဃကြီး၏လက်သို့ ပြန်ပေးလိုက်လေ၏။

''ကိုမာဃကြီးသမီး အေးဘီလေးက ကိုမာဃကြီးလုပ်နေတဲ့ ထွက်ရပ်လမ်းကို သူမသိဘူးတဲ့၊ ပြီးတော့ ယုံလည်းမယုံဘူးတဲ့..၊ ဒီအချက်ဟာ အတော့်ကိုဆိုးတဲ့အချက်ပဲ ကိုမာဃရေ..၊ မွေးကျေးဖူး ဆပ်ပြီးနဲ့တူပါရဲ့...''ဟုညည်းတွားလိုက်လေ၏။ ထိုအခါ ကိုမာဃကြီးက–

''မဒေါ ကျုပ်ကို ဖတ်ပြပြီးပါပြီ၊ ဒီမှာ ကိုမာဠလိ ထွက်ရပ်လမ်း အလုပ်တွေကို လူတိုင်းဘယ်သိပါ့မလဲဗျာ..၊ သိတယ်ပဲထားဦး လူတိုင်း ဘယ်ယုံပါ့မလဲဗျာ..၊ မသိတာ မယုံတာကို စိတ်ဆိုးစရာလည်းမဟုတ်ဘူး၊ စိတ်မကောင်းစရာလည်း မဟုတ်ဘူး၊ အဲဒါ အမှန်ပဲလေဗျာ..၊ သိပါတယ်၊ ယုံပါတယ်ဆိုတဲ့ ခင်ဗျားတို့ ကျုပ်တို့လိုလူတွေတောင် ဘယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် တကယ်လုပ်လို့တဲ့။ ။ ကျုပ်နဲ့ ခင်ဗျားနဲ့ နှစ်ယောက်စလုံး ဒီကိစ္စကို ယုံကြတယ်၊ ဒါပေမဲ့ ခင်ဗျားမလုပ်ဘူးလေ၊ ကျုပ်ပဲ လုပ်ခဲ့တာ မဟုတ်လား။ ဟောဒီနှစ် တန်ဆောင်မုန်းမှာ ကျုပ်အလုပ်တွေ ပြီးပြီဗျ၊ အဲဒီအချိန်မှာ ခင်ဗျားအလုပ်တွေ ဘာမှ မလုပ်ရသေးဘူး၊ ခင်ဗျား၈,မှာ တစ်ခုပဲရှိတယ်၊ မဒေါ နဲ့ယူဖို့ ၈,မှာ။ ။ တစ်ခုတော့ သတိပေးလိုက်မယ် ဗျာ။ ။ မဒေါနဲ့ခင်ဗျားနဲ့ယူဖြစ်ရင်တော့ ကျုပ်က ကြေးခေါင်းလောင်း ကြီးတစ်လုံးကိုလက်ဖွဲ့မယ်၊ အဲဒီခေါင်းလောင်းကိုလည်း မဒေါရဲ့ အိမ်ရှေ့မှာ စင်ကြီးနဲ့လုပ်ပေးထားမယ်၊ ခရစ္စမတ်တွေ ဘာတွေကျရင် အောက်ကနေ ကြိုးနဲ့ဆွဲပြီး ထိုးလို့ရတာပေါ့၊ တဖြည်းဖြည်း အဲဒီအိမ်က ခရစ္စမတ်ကျင်းပ မယ့် လူတွေ တိုးပွားလာမှာမဟုတ်လား။ ”ဟုပြောလိုက်လေ၏။ ကိုမာရှလိ ၏ မျက်နှာကြီးသည် ရှက်သွေးဖြာ၍ နီမြန်းသွားလေ၏။

“နေစမ်းပါဦး ကိုမာဃရယ်၊ ကျုပ်က မဒေါကို ယူမယ်လို့ ချိန်နေ ကြောင်း ခင်ဗျားက ဘယ်လိုလုပ်ပြီး သိသလဲ။ ။” ဟု ကိုမာရှလိက မေးလိုက်ရာ ကိုမာဃက –

“ကျုပ်က ငယ်ငယ်တုန်းက ဝက်မွေးဖူးတယ်ဗျ။ ။ အဲဒီတော့ ဝက်သိုးတွေအကြောင်း ကောင်းကောင်းသိတယ်၊ ဝက်သိုးဟာ သွားစရာရှိ တာကို တည့်တည့်မသွားဘူးဗျ။ ။ ဝက်မရှိတဲ့အိမ်ကို ခေါင်းတည့်ပြီးမှ ကျန်တဲ့နေရာကိုသွားတယ်ဗျ၊ ခင်ဗျားလည်း ကျုပ်အိမ်ကိုလာရင် တည့်တည့်မလာဘူးလေဗျာ။ ။ မဒေါအိမ်ကို ဝင်လိုက်သေးတယ် မဟုတ်လား။ ။ ဒီအချက် သေချာအောင်ဆိုပြီး ကျုပ်က မဒေါကို ပြောင် ဖွင့်ပြီး မေးထားတယ်ခင်ဗျ။ ။ မဒေါရေ ဘယ်တော့များ လက်ဖွဲ့ရမလဲ ဗျာ။ ။ လို့မေးဖူးတယ်၊ အဲဒီတော့ မဒေါက ဒီတစ်ခါ ခရစ္စမတ်မှာ





ကျွန်မတစ်ယောက်တည်းမဟုတ်ဘူး နှစ်ယောက်ညှိခံမယ်လေ။ ။ တစ်ခုပြောလိုက်ဦးမယ်နော်၊ ကျွန်မက ကိုမာရှလိကိုယူဖို့ ဘာကြောင့်ဆုံး ဖြတ်သလဲ သိလားလို့ ကျုပ်ကိုမေးတယ်ဗျာ၊ ကျုပ်ကတော့ ဟင့်အင်း မသိဘူးလို့ ပြန်ပြီးဖြေလိုက်တယ်၊ အဲဒီတော့ မဒေါက ကိုမာရှလိက ကျောက်ထိုးဆရာမို့လား၊ လက်မောင်းမှာ ကျောက်ဆေးထိုးတာတွေ ဖူးတယ်မဟုတ်လား၊ ကျောက်ဆေးအရည်ကလေးကို လက်မောင်းမှာ စွတ်လိုက်ပြီးတော့ လှသွားလိုဟာလေးနဲ့ အရေပြားကို မွေးစို့အောင် ခြစ်ချလိုက်တာ မဟုတ်လား၊ အဲဒီလိုခြစ်ချလိုက်တော့မှ စောစောက ကျောက်ဆေးအရည်ကလေးက အဲဒီသွေးစို့တဲ့ လမ်းကြောင်းအတိုင်း ဝင်သွားတာလေ။ ။ ကိုမာရှလိက ကျောက်ထိုးဆရာဆိုတော့ ဘယ်သူ့ကို ဘယ်လောက် ချစ်ရမယ်ဆိုတာ သူလောက်သိတဲ့လူ ရှိဦးမလား ကိုမာဃ ရယ်လို့ ကျုပ်ကိုပြန်ပြီးပြောတယ်ဗျ။ ။”ဟု ကိုမာဃကပြောလိုက်လျှင် ကိုမာရှလိက ရှက်ကိုးရှက်ကန်း အမူအယာဖြင့်–

“ခင်ဗျားကတော့ ဒီပန်းပဲဖိုထဲကနေ အကုန်သိနေတော့တာ ပဲ။ ။”ဟု ပြောလိုက်လေတော့သတည်း။ ။ ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၀ )

# အေးဘီလေး၏ အတိတ်ဇာတ်လမ်း

ကိုမာယကြီးသည် ၎င်း၏အိမ်ကို ဖျက်ချ၍ နှစ်ထပ်အိမ် တစ်လုံးကောင်းစွာ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၏။ ၎င်း၏အိမ်မှာ လှနိုစွာ လှပ၏။ ပန်းခြံကလေးနှင့်တွဲ၍ ထားသောကြောင့် လှနိုစွာမှုလည်း ကြည့်၍ ကောင်း၏။

တသွင်သွင်စီးနေသော စမ်းချောင်းမှရေကို ရေစီးအားဖြင့်လည် သော သစ်သားဘီးကြီးတစ်ခုတပ်ဆင်ကာ ခပ်ခွက်များဖြင့် ခြံတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရေသွယ် ထားပုံမှာလည်း လွန်စွာမှ အချိုးကျလှပေ၏။

ယခင်ကဆိုလျှင် ရန်မလိုရွာတွင်သူကြီး ဦးကြက်ဆန်ကွဲ၏ အိမ်သာလျှင် အလှပဆုံး ဖြစ်သော်လည်း ယခုအခါ၌ ကိုမာဃ၏အိမ်သည် သူကြီး၏ အိမ်ထက်ပို၍လှပကြောင်းကို တစ်ရွာလုံးမှ အသိအမှတ်ပြုကြရလေ၏။

အထက်ပါ အချင်းအရာများ ဖြစ်ပျက်ပြီးများမကြာမီ၌ အေးဘီကလေး တောင်ငူတွင် ကျောင်းသွားတက်စဉ်က သိကျွမ်းရင်းနှီးခဲ့သော ကျောင်းနေ ဘက်သူငယ်ချင်း သစ်ကုန်သည်၏သား မောင်ပြေ အေးနှင့် ထိမ်းမြားလက်ထပ်ရန်အတွက် မောင်ပြေအေးဘက်မှ လူကြီးစုံရာနှင့် လာရောက်တောင်းရမ်းလေတော့၏။

ထိုကိစ္စတွင် ကိုမာဃကြီးက ထွေထွေထူးထူး စကားမပြောဘဲ ကိုမာဃလိက တာဝန်ယူ၍ပြောရလေ၏။ ကိုမာဃလိ ကျန်သွားသော စကားများအတွက် မဒေါက ဖြည့်စွက်၍ ပြောပေးရလေ၏။ လာရောက်တောင်းရမ်းသော သတို့သားဘက်မှ ဧည့်သည်များအား မဒေါက ကော်ဖီ၊ ကိတ်မုန့် စသည်တို့ဖြင့် ဧည့်ခံလေ၏။

ကိုမာဃလိကသာ လာရောက်တောင်းရမ်းခြင်းကို ဖခင်ဦးမာဃ အနေနှင့် လက်ခံကြောင်းပြောဆိုလေ၏။ မင်္ဂလာရက်ကိုမူ သီတင်းကျွတ်ပြီးမှ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဦးမာဃကိုယ်တိုင် နှစ်ပါးဂဟေစပ် လက်ထပ်ရန် ရက်မြတ်ကို ကိုယ်တိုင်ရွေးချယ်အကြောင်းပြန်မည်ဖြစ်ကြောင်းပြောလေ၏။

ထို့အပြင် ဦးမာဃလိက လက်ထပ်ထိမ်း မြားခြင်း အခမ်းအနားကို သတို့သမီး၏ရွာ၌ပင် ကျင်းပလိုကြောင်း၊ ထိုသို့ ကျင်းပရာတွင်လည်း





သတို့ သမီး၏အိမ်တွင် မကျင်းပလိုဘဲ ရန်မလိုရွာလယ်ရှိ ဇရပ်ကြီးတွင် ကျင်းပလိုကြောင်း။ မင်္ဂလာဆောင်သည့်ရက်၌ပင် ဖခင်ဖြစ်သူ ကိုမာဃကြီး က ဤနှစ်ထပ်အိမ်နှင့် ပန်းခြံကြီးကို လက်ဖွဲ့မည်ဖြစ်ကြောင်း ကြေညာလေတော့၏။

ထိုအခါ သတို့သားဘက်မှ ပါလာသော လူကြီးလူကောင်းတစ်ဦး က သတို့သားဘက်မှလည်း မင်္ဂလာဆောင်သည့်ရက်တွင် သတို့သားမိဘများပိုင်သော ရွှေကျွန်းဝါ သစ်စက်ကြီးကိုလည်းကောင်း၊ ရွှေ တစ်ဆယ်သားကိုလည်းကောင်း လက်ဖွဲ့မည်ဖြစ်ကြောင်း ကြေညာလေတော့၏။ ထို့ပြင် ကျွေးမွေးလို သည်များကို သတို့သားဘက်မှ တာဝန်ယူ၍ ကျွေးမွေးပေးမည်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုလေ၏။

ထိုအခါ၌ ကိုမာဃကြီးက–

"မင်္ဂလာဆောင်မှာ ကျွေးချင်တာကတော့ ထောပတ်ထမင်းပဲ...၊ ထောပတ်ထမင်းကို သီဟိုဠ်စေ့တွေ၊ စပျစ်သီးခြောက်တွေထည့်ပြီး ငန်းဖွန်ဘက်ကလာတဲ့ ထောပတ်ထည့်ချက်စေချင်တယ်...၊ ကြက်သားကတော့ဆီပြန်ပေါ့...၊ ထမင်းစားပြီးတာနဲ့ အချိုတည်းဖို့ကတော့ ထောပတ်ငှက်ပျောသီး ကျွေးသင့်တယ်၊ အဲဒါကတော့ ခင်ပျားတို့ဘက်က တာဝန် ယူပြီး ကျွေးချင်လည်း ကျွေး၊ ဒါမှမဟုတ်ရင်လည်း ကျုပ်တို့ဘက်ကကျွေးပါမယ်၊ သတို့သမီးနဲ့ သတို့သားကို ဒီအိမ်မှာပဲထားမယ်၊ ပွဲထုတ်တဲ့အခါကျမှ လှည်းယာဉ်နဲ့တင်ပြီး ဇရပ်မှာပွဲထုတ်မယ်" ဟု ဝင်၍ ပြောလေ၏။

ဤသို့နှင့်ပင် အေးဘီနှင့် မောင်ပြေအေးတို့၏ စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားသည် အောင်မြင်ချောမောစွာ ပြီးဆုံးခဲ့လေ၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်လခန့်ကြာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ၌ သူကြီး ဦးကြက်ဆန်ကွဲသည် ကိုမာဃကြီး၏အိမ်ရှေ့မှနေ၍ ဖြတ်ကာ ရိုးမဘက်သို့ သွားသည်ကိုတွေ့ရလေ၏။ ထိုအခါ ကိုမာဃက–

"ဘယ်ကိုသွားနေတာလဲ သူကြီးမင်းရဲ့...၊ မနေ့ကလည်းသွားတယ်၊ တစ်နေ့ကလည်း သွားတယ်၊ အခုလည်းသွားတယ်.." ဟု မေးရာ သူကြီးက–

"ကျောက်တူးတဲ့လူတွေ ရောက်လာလို့ တူးရမယ့်နေရာကို လိုက်ပြီးပြတာပါ ကိုမာဃကြီးရယ်၊ တူးမယ့် တူရွင်းတွေ၊ ပေါက်ချွန်းတွေကလည်းအတော့်ကိုကုန်တယ်ဗျ။ ခင်ဗျားရဲ့ ပန်းပဲဖိုက လုပ်ထားဦးနော်...၊ ခင်ဗျားဆီကပဲဝယ်ရမှာ.." ဟု ပြောလေ၏။ ထိုအခါ ကိုမာဃကြီးက–

"လုပ်စရာတောင် မလိုပါဘူး သူကြီးမင်းရယ်၊ လုပ်ပြီးသားတွေ ရှိပါတယ်၊ အဆင်သင့်ပါ ပဲ...၊ ဒါနဲ့ ပြောရဦးမယ်.. သမီးလေးအေးဘီ စေ့စပ်ကြောင်းလမ်းတဲ့နေ့တုန်းက သူကြီးကိုမဖိတ်တာ စိတ်မဆိုးနဲ့နော်...၊ သူကြီးက အဲဒီနေ့တွေမှာ ရန်ကုန်ရောက်နေတယ်လေ.." ဟု ပြောရာ သူကြီးက –

"ဟုတ်ပါတယ်...၊ ဟောဒီ ကျောက်သမားတွေနဲ့ အလုပ်ကိစ္စ သွားပြောနေရတာဗျို့...၊ မင်္ဂလာဆောင်က သီတင်းကျွတ်လပြည့်ကျော်မှ မဟုတ်လား...၊ ရွာလယ်ဇရပ်မှာလို့ကြားရတယ်၊ ဒါကြောင့် ရွာက လက်သမားကျော်တွေနဲ့ပဲ ဇရပ်ကိုတောင်ပြင်ခိုင်းနေပါပြီဗျာ...၊ ထောပတ်ထမင်း၊ ကြက်သားဟင်း ကျွေးမယ်လို့တောင် ကြားတယ်" ဟုပြောလျှင် ကိုမာဃက –

"အဲဒါ အမှန်ပဲ သူကြီးမင်းရေ.." ဟု အားရဝမ်းသာပြန်၍ ဖြေလေ၏။ ထိုအခါ သူကြီးမင်းက–





"ကျုပ်ရဲ့ မြင်းလည်း ရေတိုက်ချင်တယ်၊ ကိုမာဃနဲ့လည်း စကားလေးတစ်ခွန်းနှစ်ခွန်းပြော ချင်တယ်ဗျာ၊ အဲဒီတော့ ကျုပ်လာမယ်.." ဟုဆိုကာ မြင်းပေါ်မှဆင်း၍ မြင်းကို ရေတိုက်ထားပြီးလျှင် သူကြီးဦးကြက်ဆန်ကွဲသည် ကိုမာဃကြီး၏ အိမ်ဝင်းအတွင်းသို့ ဝင်လာလေ၏။ ထိုအချိန်၌မှာပင် ကျောက်ထိုးဆရာ ကိုမာဃလိ ရောက်လာသောကြောင့် သူကြီးက –

"ဟား...နေရာကျပြီပေါ့...၊ မာဃလိကြီးပါ ရောက်လာပြီဆိုတော့ ပိုကောင်းတာပေါ့.." ဟု ပြောလိုက်လျှင် ကိုမာဃလိက–

"ဘာစကားများလဲ သူကြီးမင်းရဲ့" ဟု လှမ်း၍မေးလိုက်ရာ သူကြီးမင်းက –

"ကိုမာဃရဲ့သမီး ကျောင်းအုပ်ဆရာမကြီး မအေးဘီကလေး မင်္ဂလာဆောင်တော့မယ်ဆိုလို့ပါ" ဟု ပြောလိုက်လျှင် ကိုမာဃလိက–

"မှန်တာပေါ့ သူကြီးရယ်...၊ ပြောရမယ့် အချိန်ကျတော့လည်း ပြောကြတာပေါ့၊ အခုတော့ ပြောရမယ့်အချိန် ရောက်လာတော့ ပြောကြတာပေါ့.." ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုမာဃသည် ၎င်းတို့နှစ်ဦး၏မျက်နှာကို တစ်လှည့်စီကြည့်ရင်း –

"ဘာစကားများလဲဗျာ...၊ ပြောမှာဖြင့်လည်း ပြောကြစမ်းပါ.." ဟုပြောလိုက်လေ၏။ ထိုအခါ သူကြီးက –

"ကဲ..ကိုမာဃ...၊ ခင်ဗျားရဲ့သမီး မအေးဘီကလေးကို ခင်ဗျားဟာ လွန်ခဲ့တဲ့(၁၈)နှစ်လောက်က ဆောင်းတွင်းညနေညမှာ ခင်ဗျားရဲ့မီးဖိုနားမှာ ကောက်ရခဲ့တာမဟုတ်လား...၊ အဲဒီညက မော်တော်ကားတစ်စီး ကျုပ်တို့ရွာအဝင်လမ်းမှာ ချောက်ထဲကျပြီး ပျောက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကော့ ကိုမာဃကြီး မှတ်မိဦးမှာပါ..'' ဟု စကားစလိုက်လျှင် ကိုမာဃကြီးက –

'' မှတ်မိပါတယ်ဗျာ..၊ ဒရိုင်ဘာတစ်ယောက်၊ စပါယ်ယာတစ်ယောက်၊ မိန်းမတစ်ယောက် ပွဲချင်းပြီးသေသွားတယ်၊ အဲဒီ သေသွားတဲ့ မိန်းမဆိုတာက သမီးလေးရဲ့ မိခင်ဖြစ်လိမ့်မယ်ဗျို့..'' ဟု ပြန်၍ ပြောလိုက်လျှင် သူကြီးက–

''အဲဒီမိန်းမ အသက်မထွက်ခင် ကလေးအထိ ကိုမာဋ္ဌလိနဲ့ စကားပြောခဲ့ရသေးတယ်ဗျာ..၊ အဲဒါကတော့ ကိုမာဋ္ဌလိ ပြောပြလိုက်ပါဗျာ..'' ဟု ပြောလိုက်ရာ ကိုမာဋ္ဌလိက–

''အဲဒီမိန်းမဟာ တခြားလူမဟုတ်ဘူးဗျ..၊ ခင်ဗျားဘဝမှာ ယူမယ်လို့မျှော်လင့်ခဲ့ပြီး မရလိုက်တဲ့ မဇာလီဆိုတဲ့ မိန်းကလေးပဲ..၊ ကျုပ်တို့ ရန်မလို့ရွာသူဗျ၊ ရန်ကုန်ကို ကျုပ်ကိုယ်တိုင်ခေါ်သွားပြီး အိမ်ဖော်လုပ်ဖို့ အပ်ပေးခဲ့တာ၊ နောက်တော့ မဇာလီက ပထမ်ဝင်းထိန်နဲ့ ယူလိုက်တယ်လေ..၊ မအေးဘိလေးဟာ မဇာလီနဲ့ ပထမ်ဝင်းထိန်တို့ရတဲ့ သမီးလေးဗျ..''ဟု ပြောလိုက်လျှင် ကိုမာဃကြီးက ခေါင်းကိုတွင်တွင်ယမ်း၍ –

''အဲဒီလိုပြောလည်းရပါတယ်ဗျာ၊ ဒါပေမဲ့ တကယ်တော့ ပထမ်ဝင်းထိန်သမီးလည်း မဟုတ်ဘူး၊ မဇာလီရဲ့သမီးလည်းမဟုတ်ဘူး၊ မိုးပေါ်ကကျလာတဲ့ မာဃကြီးရဲ့သမီး၊ ခင်ဗျားတို့ ထင်ချင်သလိုထင် ကျုပ်သမီးပဲဗျာ..'' ဟု ဖွတ်အတင်းပြောနေသဖြင့် သူကြီး ဦးကြက်ဆန်ကွဲက–

''ဟုတ်ပါပြီ..၊ ကိုမာဃကြီးရဲ့ သမီးပါပဲ၊ ကျုပ်တို့ကလည်း မငြင်းပါဘူး၊ အဖြစ်မှန်လေး သိစေချင်လို့ ပြောပြတာပါ၊ စိတ်မကောင်း






ဖြစ်အောင် ပြောတာမဟုတ်ပါဘူး၊ ကျုပ်တို့ ဘယ်သူ့ကိုမှမပြောဘဲ မျိုသိပ်လာတာ (၁၈)နှစ်ရှိပါပြီ ကိုမာဃ..'' ဟု ပြောဆိုကာ သူကြီးလည်း နှုတ်ဆက်၍ ကျောက်တွင်းများဆီသို့ သူ၏မြင်းဖြင့် ထွက်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

# ပျောက်သွားတဲ့ကလေးကို ရှာရအောင်

အေးဘီကလေး မင်္ဂလာဆောင်မည့်ရက် နီးလာသည်နှင့်အမျှ ကိုမာဃကြီးသည် စိတ်လှုပ်ရှားလျက်ရှိနေတော့၏။ ထိုအချင်းအရာကို ရိပ်မိသော ကိုမာဠလိက–

"ဘယ်လိုလဲ ကိုမာဃ ..၊ သမီးလေးကိစ္စ နီးလာတော့ စိတ်တွေ လှုပ်ရှားလာပြီလား.."ဟု မေးလိုက်ရာ ကိုမာဃက –

"ဟုတ်တယ်ဗျို့...၊ အဲဒီထက်ဟုတ်တာ ကဗျော့ သမီးလေး ရဲ့ မင်္ဂလာရက် နီးလာသလို ကျုပ်ရဲ့ မဟိန္ဒီနယ် ဖြစ်ဖို့ရက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



နီးလာပြီကိုးဗျ၊ ဟောဒီ ဆောင်းမကုန်ခင်မှာပဲ ပြီးမှာလေဗျာ ..''ဟု ပြောလိုက်လျှင် ကိုမာဋ္ဌလီက–

''ဆောင်းက ကုန်တော့မယ်လေဗျာ ...၊ ဒါကြောင့် မြူတွေ အများကြီးကျနေတာပေါ့ဗျ။ ဒါနဲ့ ကိုမာဃရေ ... ဟောဟို မြူထဲမှာ မြင်းကို ဒုန်းစိုင်းပြီး စီးလာတာ မြင်ရဲ့မဟုတ်လား၊ အဲဒါ သူကြီး ဦးကြက်ဆန်ကွဲများလား မသိပါဘူးဗျာ''ဟု ကိုမာဋ္ဌလီကြီး ပြောနေသည့် အချိန်မှာပင် မြင်းသည် အနီးသို့ရောက်လာ၏။

''သူကြီး မဟုတ်ပါဘူးဗျ၊ သူကြီးအိမ်က ငွတိုပါ ...'' ဟု ကိုမာဃက ပြောလိုက်လျှင် ငွတို၏မြင်းလည်း ကိုမာဃ၏ ခြံဝသို့ ရောက်လာလေတော့၏။ ငွတိုသည် မြင်းပေါ်မှနေ၍–

''ကိုမာဃကြီး .. မြင်းထုတ်ပါ၊ ကျောက်ကွင်းတွေ ရှိတဲ့ဆီကို လိုက်ခဲ့ပေတော့ ...၊ သူကြီးက ခေါ်ခိုင်းလိုက်တယ်၊ ကိုမာဋ္ဌလီပါ လိုက်ခဲ့ပါ၊ ဟိုကျရင် ကိုမာဃကြီး ဝမ်းသာလုံးဆို့ပြီး ရူးသွားမှာစိုးလို့ ထိန်းပေးဖို့ပါ ...''ဟု ငွတိုက ပြောလိုက်လျှင် ကိုမာဃက–

''ငါက ဘာကြောင့် ရူးရမှာတုံး ငွတိုရ ..'' ဟု မေးလိုက်လေ၏။ ထိုအခါ ငွတိုက–

''ဟိုကျမှ မေးဗျာ ...၊ ခင်ဗျားပျောက်သွားတဲ့အတွက် ရွှေတွေ ပြန်တွေ့ပြီဗျ ...၊ လာစမ်းပါဗျာ ...''ဟု ဆိုကာ ငွတိုလည်း မြင်းကို လာလမ်းအတိုင်း ပြန်၍စီးသွားလေတော့၏။

ကိုမာဃလည်း ကိုမာဋ္ဌလီဘက်သို့လှည့်ကာ–

''ကဲ ... ကိုမာဋ္ဌလီ ...၊ သွားကြမှ တော်ရော့မယ်''ဟု ဆိုကာ မြင်းဇောင်းအတွင်းမှ မြင်းကိုထုတ်လေ၏။ ကိုမာဋ္ဌလီလည်း သူ၏မြင်းကို





ထုတ်ကာ ကုန်းတင်လေတော့၏။

အလုံးစုံပြီးသောအခါ၌ ကိုမာဃနှင့် ကိုမာဋ္ဌလီတို့လည်း ရိုးမတောင်ခြေရှိ ကျောက်တွင်းများဆီသို့ မြင်းတစ်ကောင်အား အသားကျ စီးသွားလေတော့၏။

ကျောက်တွင်းနေရာများသို့ ရောက်လျှင် ကျောက်တွင်း အလုပ်သမားများ စုရုံးစုရုံးဖြစ်နေကြသည်ကို မြင်ရလေ၏။ ကိုမာဃကြီးကိုမြင်လျှင် အလုပ်သမားများသည် အော်ဟစ်ခေါ်ဝေါ်ကြလေ၏။ ကျောက်တွင်းဟောင်းတစ်ခုအနီးသို့ရောက်လျှင် မြင်းပေါ်မှ ဆင်းလိုက်ကြ၏။ ကျောက်တွင်းနှုတ်ခမ်း၏ဘေးတွင် သားရေအိတ်တစ်လုံးကို တွေ့ရလေ၏။ သားရေအိတ်ပေါ်တွင်လည်း 'မာဃဝါဖိတ်'ဆိုသော စာတမ်းကို သဲသဲကွဲကွဲ မြင်ရပြီဖြစ်၏။

ထိုသားရေအိတ်အတွင်းမှ အန်ကျနေသော ရွှေဒင်္ဂါးပြားအချို့ကိုလည်း ကိုမာဃကြီးသည် သဲကွဲစွာ မြင်ရလေ၏။ ကိုမာဃကြီးသည် ရွှေဒင်္ဂါးပြားများကို ကောက်ကိုင်လိုက်ပြီးလျှင်

''ဪရွှေတွေ ...''ဟု အော်လိုက်လေ၏။ ထိုအခါ သူကြီးဦးကြက်ဆန်ကွဲက–

''သေချာတာပေါ့ ကိုမာဃရယ် ...၊ အဲဒီအိတ်က ခင်ဗျားအိတ်ပဲ၊ ရွှေဒင်္ဂါးပြားတွေကလည်း ခင်ဗျားစုထားတဲ့ ရွှေဒင်္ဂါးပြားတွေပဲ၊ ခင်ဗျား မေ့မြောနေတုန်း သူခိုးက အဲဒီအိတ်ကို ခိုးယူသွားတာလေ ...၊ ပြီးတော့ သူခိုးရော သူစီးလာတဲ့မြင်းရော ဒီတွင်းထဲကျပြီး သေသွားတာ ...၊ အဲဒါကို ဘယ်သူမှမသိဘူး၊ မြင်းရော သူခိုးရော အရိုးဆွေးသွားပြီ၊ ဟိုမှာ ငုံ့ကြည့်လိုက်စမ်း၊ မြင်းနဲ့ သူခိုးရဲ့အရိုးတွေ ... ဟောဒီမှာ တွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကရတဲ့ သူခိုးရဲ့ မြင်းရိုက်ကြာပွတ်၊ ငွေရိုးကလေး စွပ်ထားတယ်၊ အဲဒီမှာ နာမည်ထိုးထားတယ်၊ အဲဒီသူခိုးက ဘယ်သူလဲဆိုတော့ ကျုပ်ရဲ့သား ဒေါင်းဆိုးဆိုတဲ့ကောင်ပေါ့ . . .၊ ဒီကျောက်တွင်းတွေ ပြန်ပြီးလုပ်ဖို့ ကျုပ်ရဲ့မိတ်ဆွေတွေက အကူအညီတောင်းလို့ ကျုပ်ကလာပြီး ကူညီရင်းနဲ့ ဒီမြင်းရိုးနဲ့ လူရိုးတွေနဲ့အတူ ခင်ဗျားရဲ့ သားရေအိတ်ကို ပြန်တွေ့ရတာဗျို့ . . .၊ တွင်းထဲမှာတော့ ဘာမှမရှိတော့ဘူး၊ အရိုးတွေပဲ ရှိတော့တယ်၊ ကျုပ်ကိုယ်တိုင်ဆင်းပြီး သေသေချာချာ ထည့်ခဲ့တာ . . .၊ ဘာပဲဖြစ်ဖြစ်ဗျာ ကိုမာဃကြီးရဲ့ ပစ္စည်းတွေပြန်ရတော့ ကျုပ်တို့လည်း ဝမ်းသာပါတယ်၊ ဖြစ်နိုင်ရင်တော့ ဒေါင်းဆိုးအတွက် အလှူလေးဘာလေးလုပ်ပြီး အမျှဝေလိုက်ပါဗျာ . . .''ဟု သူကြီးက ပြောလိုက်လျှင် ကိုမာဃကြီးက–

''နက်ဖြန် ကျုပ်အိမ်မှာ ဆွမ်းကျွေးရှိတယ်၊ သူကြီးနဲ့တကွ ဟောဒီကျောက်တွင်းက လူတွေအားလုံးကို ဖိတ်တယ်ဗျာ''ဟု ပြောလိုက်ရာ ကျောက်တွင်းအလုပ်သမားများသည် ဝိုင်း၍ လက်ခုပ်တီးလိုက်ကြလေတော့၏။

BURMESE CLASSIC .com

အမှန်တကယ်လည်း နောက်တစ်နေ့တွင် ဆွမ်းကျွေးခဲ့လေ၏။ ထို့ပြင် ကိုမာဃကြီးသည် ရွာလယ်သုဓမ္မာဇရပ်တွင် ချိတ်ဆွဲရန်အတွက် လွန်စွာကြီးမားသော မောင်းကြီးတစ်လုံးကိုလည်း ဝယ်ယူ၍ လှူဒါန်းခဲ့လေ၏။ ထို့ကြောင့် ကိုမာဃလိက–

''ရွာလယ်သုဓမ္မာဇရပ်အတွက် မောင်းကြီး၊ မဒေါ်အိမ်ရှေ့မှာ ခရစ္စမတ်ကျရင်ထိုးဖို့ ခေါင်းလောင်းကြီး . . . ဟန်ကျသဗျား . . .'' ဟု ပြောလိုက်ရာ ကိုမာဃက –

''ဘယ်က မဒေါ်အိမ်ရှေ့ရမှာလဲ၊ ခင်ဗျားအိမ်ရှေ့မို့လား . . .''ဟု





ပြောလိုက်လျှင် ကိုမာဃလိက–

''ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့ဗျာ . . .''ဟူ၍ ဝန်ခံရလေတော့၏။

ထိုနောက်တွင်ကား ညီတင်းကျွတ်ပြီးသည်နှင့်တစ်ပြိုင်နက် အေးဘီ၏ မင်္ဂလာဆောင်ကို ကျင်းပလေတော့၏။ ရန်မလိုရွာ၏ အစည်ကားဆုံး၊ ကုန်ကျစရိတ် အများဆုံး မင်္ဂလာဆောင်ဖြစ်ခဲ့လေ၏။

သူတို့သားဘက်မှ မိတ်ဆွေအမြောက်အမြား လာကြ၏။ ရန်မလိုရွာကလေးကို လှည့်ပတ်ကြည့်ကြ၏။ ရွာကလေး၏ တည်နေပုံကို သဘောကျသွားကြ၏။ အထူးသဖြင့် ရန်မလိုဟူသော နာမည်ကလေးနှင့် အေးချမ်းသော ရွာကလေး၏သဘာဝကို ချစ်သွားကြ၏။ ထို့ကြောင့် အခါကြီးနေ့ကြီးများတွင် ဤရွာရှိ သုဓမ္မာဇရပ်တွင် လာရောက်၍ ဥပုသ်သီတင်းဆောက်လိုကြောင်းပြောကြရာ သူကြီး ဦးကြက်ဆန်ကွဲက–

''လာခဲ့ကြပေါ့ဗျာ . . .၊ အစစအရာရာ တာဝန်ယူပါတယ်''ဟု အားရဝမ်းသာ ဖိတ်ခေါ်လေတော့၏။

အေးဘီ၏ မင်္ဂလာကိစ္စအပြီး နောက်တစ်ရက်တွင် ရန်ကုန်မှလာသော ဘတ်စ်ကားကြီးတစ်စီးသည် စီးနင်းလိုက်ပါလာသူအပြည့်နှင့် ရန်မလိုရွာလမ်းသို့ ဝင်၍လာလေ၏။ ထို့နောက် ရွာလေးလမ်းမှနေ၍ ကိုမာဃကြီး၏အိမ်သို့အရောက် မောင်းနှင်သွားလေ၏။

ထိုအိမ်ရှေ့သို့ရောက်လျှင် သက္ကလပ်တိုက်ပုံအင်္ကျီ၊ ဘန်ကောက်လုံချည်ဝတ်ထားသော အသက်လေးဆယ်အရွယ် လူတစ်ယောက်က ကန်တော့ပွဲတစ်ပွဲကို ခေါင်းနှင့်ရွက်၍ ရှေ့မှဝင်လေ၏။ ကျန်လူများက နောက်မှဝင်ကြလေ၏။ ကန်တော့ပွဲကိုရွက်၍ ဝင်သွားသောသူမှာ သိကြားဂိုဏ်းအဖွဲ့ဝင် ဆေးဆရာကိုစိန်ကုလား ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ကိုမာဃလိသည် အခန်းတွင်းမှ ပြေးထွက်လာပြီးလျှင် ကိုစိန်ကုလားထံမှ ကန်တော့ပွဲကို ကူ၍သယ်ကာ စားပွဲတစ်လုံးပေါ်သို့ တင်ပေးလိုက်လေ၏။ ထိုစားပွဲပေါ်၌လည်း ကန်တော့ပွဲအသစ်စက်စက် တစ်လုံး ရှိနှင့်နေလေ၏။

ကားနှင့်ပါလာသော လူများသည် အိမ်တွင်းသို့ ဝင်ကြလေ၏။ ကိုမာဃလိက ဖျာများခင်း၍ နေရာထိုင်ခင်း စီစဉ်ပေးရလေ၏။ ထိုအခါ သီကြားဂိုဏ်းဆရာများအဖွဲ့မှ ဝါအကြီးဆုံး ဆရာကြီးတစ်ဦးက

"ဘယ်မှာ ကိုမာဃ . . ."ဟု မေးလေ၏။ ထိုအခါ ကိုမာဃလိက–

"မနက် ၄နာရီလောက်အထိတော့ ရှိနေသေးဟာပဲ၊ ကန်တော့ပွဲလည်း သူပဲထိုးခဲ့တာ . . .၊ ဆရာကြီးတို့ လာရင်းကိစ္စကို ပြောပါဦး၊ ဘယ်ထွက်သွားလဲ မဆိုနိုင်ဘူး . . ."ဟု ပြောလိုက်ရာ ထိုဆရာကြီးက–

"လွန်ခဲ့တဲ့ ၁၈နှစ်လောက်တုန်းက ကျုပ်တို့ သိကြားအဖွဲ့ဆရာတွေ ပိုင်တဲ့ ရွှေငွေ ပျောက်သွားတယ် မဟုတ်လား၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ မာဃကြီးကို ခိုးတယ်လို့ ကျုပ်တို့က စွပ်စွဲခဲ့တယ်၊ အဖွဲ့ကလည်း ထုတ်ပစ်ခဲ့တယ်၊ အဖြစ်မှန်ကိုသိတာက ဟောဒီ ဆရာကိုစိန်ကုလားပဲ၊ သူက တော့ မျက်စိနဲ့ကို မြင်တာပဲ၊ ဒါပေမဲ့ သူခိုးအစစ်ကို သူမပြောရဲဘူး။ ပြောရင် ဟိုက သူ့ကို သတ်မယ်လို့ သူ ထင်နေတယ်၊ အဲဒါနဲ့ မာဃကြီးက ဓားစာခံဖြစ်သွားရရှာတာ . . .၊ ကြိုခေါက်နဲ့ ကျောနဲ့ရင်ကို အရိုက်ခံရရှာတာ . . .၊ ပြီးတော့ အဖွဲ့က မောင်းထုတ်ခဲ့တာ၊ တကယ်ခိုးတဲ့ ပဋ္ဌမံဝင်းထိန်ဆိုတာဟာ တစ်ချိန်က လူဆိုး၊ လုပ်လည်း လုပ်ရက်တယ်၊ လုပ်လည်း လုပ်ရဲတယ်၊ အသင်းပိုင် ရွှေတွေငွေတွေကို ယူရုံတင်မဟုတ်ဘူး၊ မာဃကြီးယူမယ်လို့ ရည်ရွယ်ထားတဲ့ မိန်းမကိုတောင် သူက အဲဒီ





ငွေနဲ့ပေါက်ပြီး ယူသွားခဲ့တယ်၊ အဲဒီမိန်းမလည်း ကားမှောက်လို့ သေရှာပါပြီ၊ သမီးကလေးတစ်ယောက်တော့ ရှိတယ်၊ ဘယ်ပျောက်သွားသလဲ တော့ မပြောတတ်ဘူး၊ (ထိုနေရာသို့ရောက်လျှင် ကိုမာဃလိက နှုတ်ခမ်းကို တွန့်၍ ပြုံးလိုက်လေ၏) အဲဒီနောက်မှာတော့ ပဋ္ဌမံဝင်းထိန်ဟာ သေခါနီးကာလမှာ မကောင်းတဲ့ အတိတ်ဆိုးနိမိတ်ဆိုးတွေ၊ အိမ်မက်ဆိုးတွေ မြင်လို့ အဲဒီရွှေငွေတွေကို ခိုးတာ မာဃမဟုတ်ကြောင်း၊ သူဖြစ်ကြောင်း အဖွဲ့မှာ ဝန်ခံပြီးမှ သေသွားရှာတာ . . .၊ ခါးပန်းမှာ မာဃကြီးကို အဖွဲ့ကထုတ်လိုက်ပြီဆိုတဲ့ စာတမ်းထိုးတာကိုလည်း သူကိုယ်တိုင် ဖျက်ပစ်လိုက်တယ်၊ အဲဒီတော့ ပဋ္ဌမံဝင်းထိန်လည်း မရှိတော့ဘူး၊ အဲဒါကြောင့် အခုအဖြစ်အပျက်မှာ ငါတို့ သိကြားအဖွဲ့ဟာ ဆုံးဖြတ်ချက် မှားခဲ့တယ်၊ အဲဒါကြောင့် မာဃကြီးကို အဖွဲ့အနေနဲ့ ကန်တော့ပွဲနဲ့လာပြီး တောင်းပန်တာ . . .၊ ဒီပွဲဟာ တောင်းပန်ပွဲပဲ၊ ပြီးရင် မာဃကြီးကို တို့က အဖွဲ့တည်နေရာကို ပင့်သွားမယ်၊ သူဟာ တကယ့်ကို စင်ကြယ်တဲ့ အဖွဲ့သားတစ်ယောက်ပဲ၊ အဖွဲ့ရောက်တာနဲ့ သူ့ကို ကတ္တီပါအနီပေါ်မှာ ရွှေကြိုးနဲ့ထိုးထားတဲ့ 'သိကြားမာဃဆို' ဆိုတဲ့ စလွယ်ကို အပ်နှံမယ်၊ တို့အဖွဲ့ရဲ့ ဦးစီးနာယကအဖြစ်လည်းခန့်မယ်"ဟု ပြောလိုက်လျှင် ကြားရသူအပေါင်းတို့သည် လက်ခုပ်လက်ဝါး တီးကြလေ၏။ ထိုအခါ ကိုမာဃလိက–

"ကျွန်တော် သိသလောက်တော့ ကိုမာဃဟာ အကြောင်းအရာ တစ်ခုပေါ်မှာ ကန်တော့ပွဲ ထိုးလေ့ရှိတယ်၊ အဆင့်တက်ရင်ထိုးတယ်၊ ကျင့်စဉ်ပြောင်းရင် ထိုးတယ် . . .၊ အခုလည်း မနက် ၄နာရီလောက်မှာ ကန်တော့ပွဲထိုးနေတာ . . .၊ ကျွန်တော် တွေ့လိုက်တယ်၊ ဘာကြောင့်မှန်းတော့ မသိဘူး"ဟု ဆိုကာ ကိုမာဃကြီး၏ ကန်တော့ပွဲကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ ကိုမာဃကြီးကန်တော့ပွဲထဲတွင် စာရွက်လိပ်ကလေး တစ်လိပ်ကိုပါ တွေ့ရလေတော့၏။ ကိုမာဋ္ဌလိလည်း ထိုစာရွက်လိပ်ကိုယူ၍ အသံထွက်ကာ ဖတ်ကြည့်လေတော့၏။

"အများသူငှာ မှာစရာ ...

မနေ့က သမီးလေး မင်္ဂလာကိစ္စပြီးသွားလို့ မာဃကြီးအဖို့ ရင်အေးခဲ့ရပါပြီ ...၊ ဒီနေ့ည သန်းခေါင်းမှာ ကျွန်ုပ် မာဃကြီးရဲ့ မဟာ်ဗ္ဗနဝင်းကိစ္စပြီးသွားလို့ ရင်မှာ လင်းခဲ့ပါပြီ၊ ကျွန်ုပ်အသက်ရှင်နေစဉ်အတွင်း ကိုယ်နှုတ်နှလုံး တစ်ပါးပါးနဲ့ စော်ကားမိသူများရှိရင် ဝန်ချတောင်းပန်ခဲ့ပါတယ်၊ ကျွန်ုပ်ကို စော်ကားကျူးလွန်မိသူများ ရှိရင်လည်း အပြီးအပိုင် ခွင့်လွှတ်ပါတယ်၊ ကျွန်ုပ် မာဃကြီးကတော့ လမ်းပွင့်သွားလို့ ကိုယ့်လမ်းအတိုင်း ကိုယ် လျှောက်သွားပါပြီ၊ အခါအခွင့်သင့်ရင်တော့ လာခဲ့ပါဦးမယ် ...၊

ခွင့်လွှတ်တတ်သော

မာဃ"

ကိုမာဋ္ဌလိ စာဖတ်ပြီးသည့်အချိန်တွင် သိကြားအဖွဲ့သားများသည် ဟာခနဲ ပြိုင်တူရေရွတ်လိုက်ကြလေ၏။ စိတ်မခိုင်သော အမျိုးသမီးများသည် မျက်ရည်များ တတွေတွေ ကျလာပြီးလျှင် ငိုကြလေ၏။ ကိုမာဋ္ဌလိလည်း ငိုလေ၏။ အေးဘီလည်း ငို၏။ အေးဘီသည် ကိုမာဋ္ဌလိအနီးသို့ ကပ်ကာ–

"ဦး ... အဖေကြီးနဲ့ ယူမယ့်မိန်းမဟာ တခြားယောက်ျားနဲ့ယူပြီး သမီးလေးတစ်ယောက်ရတယ်တဲ့ ...၊ အဲဒီမိန်းမဟာ ကားမှောက်ပြီး သေသွားတယ်ဆိုပဲ၊ အဲဒီကလေးလည်း ပျောက်သွားသတဲ့ ...၊ ဘာပဲဖြစ်ဖြစ် အဲဒီကလေးကို တွေ့အောင်ရှာကြရအောင် ဦးရယ် ..." ဟု






မဆီမဆိုင် ပူဆာလိုက်ရာ ကိုမာဋ္ဌလိက–

"ဟဲင် ..." ဟု ဆိုပြီးလျှင် အေးဘီ၏ခေါင်းကို လက်ဖြင့် ဒေါက်ခနဲ ခေါက်၍–

"ငါ့ဆရာ ကိုမာဃ ထွက်သွားလို့ ယူကျုံးမရ ဖြစ်နေရတဲ့အထဲ ဘာတွေလာပြောနေမှန်းမသိဘူး၊ မသိသား ဆိုးရွားတဲ့ကောင်မ ..." ဟု ရေရွတ်လိုက်လေ၏။ အမှန်စင်စစ် အေးဘီရှာလိုသော ပျောက်ဆုံးသွားသည့်ကလေးမှာ အေးဘီပင် မဟုတ်ပါလော ...။ ။



( မှတ်ချက်။ ။ အမှန်တကယ်ရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို ဂျော့အီလီယော့ဆိုသည့် အင်္ဂလိပ်စာရေးဆရာမ ရေးထားသည့် 'ဆိုင်းလက်မာနာ' ဟူသော ဝတ္ထုသွားကိုမှေး၍ စိတ်ကူးယဉ်ပေါင်းစပ်ကာ ရေးသားခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

စာရေးသူ)



www.burmeseclassic.com